# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (24-3-2015) (၈၁၅၄)


ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
နသော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။

ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်စေကာမူ သူတော်ကောင်းတရားကို မသိနိုင်။

(ဓမ္မပဒ)

**ထူးခြားသည့် နေ့အပူချိန်များ**

ချောက် ၄၀ ဒီဂရီစင်တီဂရိတ်

ဘော်လခဲ ၄၀ ဒီဂရီစင်တီဂရိတ်

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

# မြေအရင်းအမြစ်စီမံခန့်ခွဲရာတွင် မှန်ကန်သောမူဝါဒ၊ ခိုင်မာသော ဥပဒေမူဘောင်နှင့် မြေစီမံအုပ်ချုပ်မှုစနစ်များ ပြည့်စုံရန်လို

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ မူဝါဒဖြစ်သည့် မြေကြီးမြေပုံမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ပြည့်စုံစွာထားရှိရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာပြုစုရေး၊ မြေယာအသုံးချမှုဆိုင်ရာ စာရင်းအင်းများ မှန်ကန်ရေး၊ လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုအတည်ပြုပြီး ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ယာစီးပွားရေး စစ်တမ်းကောက်ယူရေးတို့နှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသတိုးအောင်နှင့် ကျောင်းအုပ်ကြီး ဦးမျိုးဦးတို့က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၊ လေ့ကျင့်သင်ကြားပေးသည့် ဘာသာရပ်များ၊ သင်တန်းသားတက်ရောက်မှုနှင့် သင်ထောက်ကူပစ္စည်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မှာကြားရာတွင် မြေအရင်းအမြစ်စီမံခန့်ခွဲရာတွင် မှန်ကန်သောမူဝါဒ၊ ခိုင်မာသော ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသော **စာမျက်နှာ ၃ ကော်လံ ၁ သို့ ***



ဒုတိယသမ္မတ ဦးညွန့်ထွန်း တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကော့သောင်းမြို့တွင် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း စိုးရိမ်ဖွယ်ကျရောက်



**ကော့သောင်း မတ် ၂၃**

မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့သည် အီကွေတာနှင့် နီးကပ်စွာတည်ရှိသည့် မြို့တစ်မြို့ဖြစ်ရာ ယခုနှစ် မတ်လအတွင်း ယခင်နှစ်များနှင့်မတူ အပူဒဏ်လွန်ကဲမှုခံစားနေရသည်ဟု ဒေသခံများက ပြောဆိုကြသည်။

ကမ္ဘာကြီး၏ ဂေဟစနစ်ပျက်ယွင်းလာမှု၊ သဘာဝသစ်တောများ ပြုန်းတီးလာမှု၊ စက်ရုံအလုပ်ရုံများစွာ၏ ဘေးထွက်ဆိုးကျိုးများ စသည့် လူသားတို့၏ပယောဂအကြောင်းတရားများစွာကြောင့် အိုဇုန်းလွှာပျက်စီးလာမှုနှင့်အတူ လူသားတို့အပေါ် ဆိုးကျိုးအမျိုးမျိုး သက်ရောက်နေပြီဖြစ်သည်။

မတ် ၂၀ ရက်တွင် မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့ပေါ်သို့ ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်သည် တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်သည့် UV Index ၁၄ ဒသမ သုညအထိ ဖြစ်ပေါ်နေကြောင်း သိရသည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း(၈) အထက်သို့ ကျော်လွန်လာပါက လူသားများအတွက် ကျန်းမာရေး အန္တရာယ်များဖြစ်သည့် အသားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ■

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတန်ဖိုး မြင့်တက်မှု ဂရုပြုသင့်

**နေပြည်တော် မတ် ၂၃**

ကမ္ဘာတစ်ဝန်း သစ်တောပြုန်းတီးမှုသည် နှစ်စဉ်ပျမ်းမျှ ဟက်တာ ၁၃ သန်းရှိပြီး မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နှစ် ၂၀ အတွင်း နှစ်စဉ်နိုင်ငံဧရိယာ သုည ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း မတ် ၂၁ ရက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင် သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ***




## ကြေးမုံစာတည်းရှုထောင့် ၂၄-၃-၂၀၁၅၊ အင်္ဂါနေ့

# ပြည်သူ့ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်ပေး

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု တိုးတက်ကောင်းမွန်မှုရှိရန် လိုအပ်ပါသည်။ ပြည်သူအများစုမှာ ငွေကြေးမတတ်နိုင်သူများဖြစ်၍ အဆိုပါအချက်ကို ပိုမိုဖြည့်ဆည်းပေးခြင်းအားဖြင့် ပြည်သူများဘဝ စိတ်ချမ်းမြေ့စေမည်ဖြစ်ပါသည်။

လက်ရှိအနေအထားတွင် နိုင်ငံတော်က ပြည်သူများလိုအပ်နေသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအတွက် မြှင့်တင်ပံ့ပိုးပေးနေသည်ကို တွေ့ရပါသည်။ ယခင်နှင့်မတူ တိုးတက်ပြောင်းလဲမှုများကို ကိုယ်တိုင်ကြုံတွေ့ရသူများက ပို၍သိရှိပေလိမ့်မည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ကျယ်ပြန့်လှသောကြောင့် အချို့နေရာများတွင် လိုအပ်ချက်များရှိကောင်းရှိပေလိမ့်မည်။

ကျန်းမာရေးကဏ္ဍတွင် ပြည်သူအားလုံး ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီရရှိစေရန်နှင့် ဒေသတွင်းနိုင်ငံများနည်းတူ ကုသမှုပေးနိုင်ရန် နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေသည်ကို ကြားသိရသည်။ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေမှုများကိုလည်း စတင်မြင်တွေ့လာရသည်။ ဆေးတက္ကသိုလ်များမှ ပေါ်ထွက်လာသော ဆရာဝန်သစ်လွင်များအနက် ရှမ်းပြည်နယ်အတွင်းရှိ ဒေသများအတွက် ဆရာဝန်အသစ် ဦးရေ ၁၅၀ ခန့်ထားပေးခြင်းဖြစ်သည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရန်အတွက် အဆိုပါဖြည့်ဆည်းပေးမှုမှာ ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ပြည်သူများဝမ်းမြောက်သကဲ့သို့ အဆိုပါဆရာဝန်သစ်လွင်များအနေဖြင့်လည်း နှစ်သက်ပီတိဖြစ်ကြပေလိမ့်မည်။ ထိုပီတိနှင့်အတူ ဒေသခံပြည်သူများအား စေတနာ၊ အနစ်နာ၊ ကရုဏာတရားများဖြင့် စောင့်ရှောက်ပေးလိမ့်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ယနေ့အချိန်အထိ ဆေးတက္ကသိုလ်များသို့ တက်ရောက်အောင်မြင်ပြီး ဆရာဝန်ဖြစ်ခဲ့သူ သုံးသောင်းကျော်ရှိသည်။ သို့သော် အဆိုပါဆရာဝန်များအနက် အချို့သည် အကြောင်းအမျိုးမျိုးကြောင့် ပြည်သူများအား အလုပ်အကျွေးမပြုနိုင်ခဲ့။ အချို့မှာ ပြည်ပသို့ရောက်ရှိနေပြီး အချို့မှာဆေးပညာနယ်ပယ်တွင် မရပ်တည်ကြသူများလည်းရှိသည်။

ယခုအခါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ယူနေကြသူ ဝန်ထမ်းဆရာဝန်များမှာ တစ်သောင်းနီးပါးသာရှိကြောင်း သိရသည်။ ထိုဆရာဝန်အင်အားဖြင့် လူဦးရေသန်း ၅၀ ကျော်ကို လွှမ်းခြုံဆောင်ရွက်ပေးနိုင်စွမ်းရှိမည် မဟုတ်ချေ။ ထို့ကြောင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ပြည်သူ့အကျိုးပြု ဆရာဝန်များစွာကို မွေးထုတ်ပေးရပေဦးမည်။

ယခုဒေသအလိုက် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် သစ်လွင်ဆရာဝန်များအနေဖြင့် သင်ကြားမှုပြီးဆုံး၍ လက်တွေ့နယ်ပယ်တွင် အတွေ့အကြုံကောင်း လျင်မြန်စွာရရှိစေရန် နိုင်ငံတော်က အနယ်နယ်အရပ်ရပ်မှ ဆေးရုံကြီးများတွင် ဦးစွာ တာဝန်ချထားပေးခြင်းဖြစ်သည်။ နိုင်ငံတော်က ဤသို့ စီစဉ်ပေးသဖြင့် ဆေးပညာအတွေ့အကြုံများကို ရယူပြီး ပြည်သူများအား အလုပ်အကျွေးပြုခြင်းအားဖြင့် မွန်မြတ်သည့် သမားဂုဏ်ကို မြှင့်တင်ကြဖို့ဖြစ်သည်။

ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအနေဖြင့် ဆရာဝန်ကျင့်ဝတ်ကို တန်ဖိုးထားထိန်းသိမ်းရန်နှင့် မိမိကုသရမည့် လူနာများအား စေတနာ၊ ကရုဏာ၊ အနစ်နာဖြင့် ကုသစောင့်ရှောက်မှုပေးရမည့် ရည်ရွယ်ချက်များလည်းရှိပြီးဖြစ်သည်။ လိုအပ်သူကို ကူညီစောင့်ရှောက်မှုပေးခြင်းသည် အမွန်မြတ်ဆုံးသော အလုပ်ဖြစ်သည်။ ယခု တိုင်းဒေသကြီး/ပြည်နယ်အနှံ့တွင် ဆရာဝန်များလိုအပ်နေပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား နိုင်ငံတော်က အားပေးမြှင့်တင်ပေးနေသကဲ့သို့ ကုသမှုခံယူသူပြည်သူများကလည်း ကျေနပ်နှစ်သက်လက်ခံလာကြပြီဖြစ်သည်။ ထိုအခြေအနေကောင်းများကို ဆရာဝန်သစ်လွင်များက ဆက်လက်ဖြည့်ဆည်းပေးကြမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပြည့်ဝလာမည်ဖြစ်ပါသည်။ ။

# မူလတန်းသင်ရိုးသစ်အတွက် ပညာရည်စစ်ဆေးတိုင်းတာမှုဆိုင်ရာဆွေးနွေး

**ရန်ကုန် မတ် ၂၃**

ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ "မူလတန်းသင်ရိုးသစ်အတွက် ပညာရည် စစ်ဆေးတိုင်းတာမှုဆိုင်ရာ ဆွေးနွေးပွဲ"ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ JICA-Myanmar ဌာနေကိုယ်စားလှယ် Mr.Keiichiro NAKAZAWA နှင့် သင်ရိုးပြုပြင်ရေးနှင့် ဆရာပညာရေး CREATE ပရောဂျက်အဖွဲ့ခေါင်းဆောင် Dr. Norio KATO က အမှာစကားပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ ပညာရေးဆိုင်ရာအကဲဖြတ်အဖွဲ့ (JIEM)မှ Prof. Eiji MURAKI နှင့် JICA မှ Prof. Masatsugu MURASE တို့က ပညာရည်စစ်ဆေးတိုင်းတာရေးမှုနှင့် သင်ကြားရေးစနစ်တို့ကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကာ အကြံပြုချက်များရယူကြသည်။ ယင်းနောက် အဖွဲ့လိုက်ခွဲ၍ စာသင်ခန်းအခြေပြုစစ်ဆေးအကဲဖြတ်မှုနှင့် သင်ခန်းစာများ အခန်းဆုံး စစ်ဆေးအကဲဖြတ်မှုတို့ကို အဖွဲ့လိုက်ခွဲ၍ ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပညာရေးအကြံပေးပညာရှင်များ၊ JICA အာရှဖွံ့ဖြိုးရေးဘဏ်၊ ပညာရေးသုတေသန၊ UNICEF၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၃၃ ခုမှ မြို့နယ်ပညာရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သတင်းထုတ်ပြန်

**ရန်ကုန် မတ် ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ကွန်ပျူတာအတွင်း အချက်အလက်ထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပထမအဆင့် (၁၀)မြို့နယ်ဖြစ်သော ပုဇွန်တောင်၊ ဒေါပုံ၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ဆိပ်ကမ်း၊ ဒဂုံ၊ ကမာရွတ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်းအား ကွန်ပျူတာအတွင်း ထည့်သွင်းပြုစုခြင်းလုပ်ငန်းသည် ပြီးစီးပြီဖြစ်သည်။ ပြုစုပြီးဖြစ်သော အခြေခံမဲဆန္ဒရှင်စာရင်းအား ၎င်းမြို့နယ်အသီးသီးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၂၀၁၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ ကပ်ထားကြေညာထားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အဆိုပါ (၁၀)မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်များသည် မိမိနေထိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ (၁)မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါ/မပါ၊ (၂)အမည်စာရင်းပါဝင်သော်လည်း မဲဆန္ဒရှင်နှင့် ပတ်သက်သော အချက်အလက်များ မှားယွင်းမှုရှိ/မရှိ၊ (၃)မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများပါဝင်နေခြင်း ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးပေးကြပါရန် မေတ္တာရပ်ခံထားသည်။

အကယ်၍ မိမိအမည်မပါဝင်ခြင်း၊ မိမိနှင့်ပတ်သက်သော အချက်အလက်များ မှားယွင်းနေခြင်း၊ မဲဆန္ဒရှင်စာရင်းတွင် မပါသင့်သူများ ပါဝင်နေခြင်းများ တွေ့ရှိပါက သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင်ထားရှိသော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာ ပုံစံများကို ဖြည့်စွက်၍ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၇၅၀၀ | - | ၆၇၈၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၇၄၀၀ | - | ၆၇၈၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၁၀.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၅.၅၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁.၅၀၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၇၆.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆.၄၅၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၅၅.၈၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၂.၀၆၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၇၉၉.၂၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၄၄.၆၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်

**မုဒုံ မတ် ၂၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၄၀ သန်းဖြင့် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၆ ရက်က မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့တို့ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(ကြေးမုံ)**



**Naung Yoe Technologies Co., Ltd.** တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများ အလိုရှိသည်

**Electrical & Electronic Engineer** ကျား (၁၀) ဦး

**B.E, B.Tech, AGTI (EC,EP,IT) Diploma** ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

အီလက်ထရွန်းနစ်သတင်းအချက်အလက်နည်းပညာကို စိတ်ဝင်စား၍ လေ့လာလုပ်ကိုင်လိုသူဖြစ်ရမည်။

သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူ ဦးစားပေးမည်။

ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် **CV Form**၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်း အထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အမှတ်(၉၂)၊ သီရိရတနာ အဆင့်မြင့်ဈေး၊ နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၂၀၂၄၄၊ ၄၂၀၂၅၅**

ဗိုက်မရစ် ဗိုက်မနာနဲ့ ရှင်းပြီး ပေါ့သွားတာပဲလို့

ခံစားပြီး နေ့သစ်ကို ကြိုဆိုလိုက်ပါ။

စုစုအေးအောင်ဝမ်းမှန်အကြောပြေဆေး

၂၀၁၄-၁၅ ၁၀တန်းဖြေများအတွက်

**ဆေးတက္ကသိုလ်ဝင်ခွင့်**

အင်္ဂလိပ်စာ ၉၀၀၀၀/- အခြား၂ဘာသာ ၆၀၀၀၀/- (ပေါင်း ၁၅၀၀၀၀/-)

**နည်းပညာတက္ကသိုလ် ( စက်မှု ) နှင့် အခြားတက္ကသိုလ်များ ဝင်ခွင့်**

အင်္ဂလိပ်စာ+(အခြားဘာသာများ) March 30 စသင်မည်

since1984 အဖြူလေး 095146452

**ဦးဟန်သာ အင်္ဂလိပ်စာ**

တက္ကသိုလ် ဆရာဟောင်း

အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်းကမာရွတ်လှည်းတန်း

**အာရှကေရီ** ခရီးသွားလုပ်ငန်း
Asian Empress Travels & Tours

သင်္ကြန်အထူးခရီးစဉ် Promotion
ဗန်ကောက်-ပတ္တရား (၄)ညအိပ်(၅)ရက်(Nok Air)
သီရိလင်္ကာမြတ်ဆွယ်တော်ဖူးခရီးစဉ် (၅)ညအိပ်(၆)ရက်

မဟာသင်္ကြန်ပွဲတော်အချိန်၌ ဗန်ကောက်မြို့ရှိ သက်တမ်းအရှည်ဆုံး၊ ရှေးအကျဆုံးဖြစ်သည့် ရွှေသာလျောင်းဘုရားနှင့် မြဘုရားသို့ သွားရောက်ဖူးမြော်နိုင်သည့်အပြင် ပျော်ရွှင်ဖွယ်ရာDream World နှင့် ပတ္တရားကမ်းခြေ၏အလှအပများကိုပါ ခံစားနိုင်မည့် ခရီးစဉ်ဖြစ်သဖြင့် မိမိ၏အားလပ်ချိန်များကို အကျိုးရှိရှိအသုံးချနိုင်ရန်နှင့် လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးဆက်သွယ်နိုင်ပါသည်။

ခရီးစဉ်အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၀၁၇၁၂၊ ၀၉-၇၃၂၁၁၃၉၄၊ ၀၉၇၃၀၉၆၃၈၈၊ ၀၉-၂၅၄၁၁၁၀၃၇၊ ၀၉-၅၀၂၅၉၉၉
အမှတ်(၇၄)၊ မြေညီထပ်၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်။
www.asianempresstravels.com, Email:asianempresstravels@gmail.com

**✻ ရွှေဖုံးမှ**

မြေစီမံအုပ်ချုပ်မှုစနစ်များနှင့် ပြည့်စုံမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသော မြေစီမံအုပ်ချုပ်မှုစနစ်အတွက် အဓိကအုတ်မြစ်မှာ မြေကြီး၊ မြေပုံ ကိုက်ညီမှုရှိသော စနစ်တကျစစ်ဆေးတိုင်းတာထုတ်လုပ်ထားသည့် မြေပုံများ၊ မြေယာအသုံးချမှုစာရင်းဇယားများ၊ မြေတန်ဖိုး၊ မြေယာစီးပွား စစ်တမ်းများ ပါဝင်သော မြေယာဆိုင်ရာ သတင်းအချက်အလက် အခြေခံ အဆောက်အအုံများဖြစ်ပါကြောင်း၊ ၎င်းသတင်းအချက်အလက်များသည် မှန်ကန်တိကျ အရည်အသွေးပြည့်မီပြီး ယုံကြည်စိတ်ချရမှု လိုအပ်ပါကြောင်း၊ သတင်းအချက်အလက် အဆောက်အအုံတည်ဆောက်ရာတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ အရည်အသွေးမြင့်မားမှုနှင့် ရိုးသားဖြောင့်မတ်တည်ကြည်စွာ တာဝန်ထမ်းဆောင်မှုသည် အသက်သွေးကြောပင်ဖြစ်ပါကြောင်း၊ စံမီကိုက်မီဝန်ထမ်းကောင်းများ ပေါ်ထွက်လာရေးအတွက် အခြေခံပျိုးခင်းဖြစ်သည့် ၎င်းသင်တန်းကျောင်း၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ သင်တန်းကျောင်းတစ်ခုတွင်ရှိရမည့် အင်္ဂါရပ်များဖြစ်သည့် နည်းပြများ အရည်အသွေးမြင့်မားခြင်း၊ သင်ရိုးညွှန်းတမ်းနှင့်သင်ထောက်ကူပစ္စည်းများ ခေတ်မီခြင်း၊ သင်တန်းကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ခြင်းတို့ဖြင့် ပြည့်စုံရန်လိုအပ်ပါကြောင်း။

မူလမြေတိုင်း၊ ပြန်တိုင်း၊ ပြင်တိုင်းလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်၍ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီပြီး လူထုယုံကြည်ကိုးစားမှုခံရသော မြေယာသတင်းအချက်အလက် အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တန်းမြင့်မြေတိုင်းနှင့်မြေစာရင်းသင်တန်းတွင် သင်တန်းသားများ၏ သင်ကြားသင်ယူမှုအခြေအနေများကို ကြည့်ရှုပြီး သင်တန်းကျောင်းပြခန်းအား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အုတ်တွင်း-ပေါက်ခေါင်းရိုးမဖြတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်းရှိ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် ပုဂ္ဂလိကကျွန်းစိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမသစ်တောကြီးများ ရေရှည်တည်တံ့စေရေးအတွက် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ သစ်တောသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ နှစ်စဉ်နှင့် (၅)နှစ်စီမံကိန်းများရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊ ပဲခူးရိုးမစီမံကိန်းလုပ်ငန်း(၁၁)ရပ်ကို သတ်မှတ်ဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများတည်တံ့ဖွံ့ဖြိုးရေး၊ ဘေးမဲ့တောများကာကွယ်ရေး၊ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးစီမံကိန်းများကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သစ်ထုတ်လုပ်မှုများလျှော့ချခြင်းနှင့် တရားမဝင်သစ်ခိုးယူမှု တားဆီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက မှာကြားရာတွင် ပဲခူးရိုးမရှိ သစ်တောများကို နောင်သားစဉ်မြေးဆက်အတွက်ပါ မျှော်မှန်း၍ ရေရှည်တည်တံ့နိုင်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းပြုစု ထူထောင်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကအပိုင်းကပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုကောင်းမွန်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ အောင်မြင်ခြင်းသည် နိုင်ငံတော်၏ အောင်မြင်မှုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ရည်မှန်းချက်များ ပေါက်မြောက်အောင် ရိုးသားကြိုးစားမှုအပြည့်ဖြင့် ဆောင်ရွက်ရန်လိုပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကလည်း စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍတွင် ပြည်သူလူထု၏ စိုးရိမ်မှုလျော့ကျအောင် တာဝန်ရှိသူများက ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကုမ္ပဏီက သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းအဖြစ် ရည်ရွယ်၍ ကျွန်းပင်ကျပ်များဖြင့် တည်ဆောက်ထားသည့် သစ်လုံးအိမ်နှင့် တန်ဖိုးမြင့်အချောထည် ပရိဘောဂအသုံးအဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီဝန်ထမ်းများဖြစ်ကြသည့် ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးပြင်ကာကွယ်တော စိုက်ခင်းအမှတ် ၁/၂၀၀၇ စီးပွားရေး(ကျွန်း) ဧက ၁၀၀၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးရိုးမ သစ်တောဖုံးလွှမ်းမှုမှာ ၂၀၁၀ ခုနှစ်တွင် ၂၅ ဒသမ ၈၃ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်ပွဲများကျင်းပ



**နေပြည်တော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ချောင်းကလေးကျေးရွာအုပ်စု၊ အိုးဘိုကျေးရွာအုပ်စုနှင့် ကပိုင်ကျေးရွာအုပ်စုများ၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဦးဆောင်မှုဖြင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားများကို မတ် ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ချောင်းကလေးကျေးရွာအုပ်စု ကျုံပတောကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲမှာ်ဦးကို ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးက (၁၀၀) ကေဗွီအေထရန်စဖော်မာမှ ကျေးရွာအတွင်းရှိ နေအိမ်များသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်ကို စတင်ပို့လွှတ်ပေးပြီး ဧည့်သည်တော်များက ကျေးရွာအတွင်းရှိ နေအိမ်များ လျှပ်စစ်မီးသုံးစွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့်ဧည့်သည်တော်များသည် အိုးဘိုကျေးရွာ၌ ကျင်းပသည့် အိုးဘိုကျေးရွာအုပ်စုနှင့်ကပိုင်ကျေးရွာအုပ်စုများရှိ အိုးဘိုကျေးရွာ၊ ချောင်းဖျားကြီးကျေးရွာ၊ ကျုံတနီးကျေးရွာ၊ ဘုရားစုကျေးရွာ၊ ကပိုင်ကျေးရွာနှင့် ချောင်းဖျားလေးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ အိုးဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွင်း၌ ကျုံပတောကျေးရွာ၊ အိုးဘိုကျေးရွာ၊ ချောင်းဖျားကြီးကျေးရွာ၊ ကျုံတနီးကျေးရွာ၊ ဘုရားစုကျေးရွာ၊ ကပိုင်ကျေးရွာနှင့် ချောင်းဖျားလေးကျေးရွာများမှ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့သည့် လျှပ်စစ်မီးလင်းရေးဆိုင်ရာ စာရွက်စာတမ်း လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ ဦးဆောင်မှုဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံရပ်မိရပ်ဖ ဒေါက်တာ အောင်ဇော်မြင့်က ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျုံပတောကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် နေပြည်တော်စည်ပင်သာယာဘဏ်လီမိတက်မှ လှူဒါန်းသည့် အလှူငွေကျပ် ၄၂ သိန်းကို နေပြည်တော်စည်ပင်သာယာဘဏ်လီမိတက် ဥက္ကဋ္ဌ၊ နေပြည်တော် ဒုတိယ မြို့တော်ဝန် ဦးသန်းကျော်ထူးက ပေးအပ်လှူဒါန်းရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌဦးလှဝင်းနှင့် ရပ်မိရပ်ဖ ဦးစန်းအောင်တို့ကလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက အိုးဘိုကျေးရွာအုပ်စုနှင့် ကပိုင်ကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ လျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးစံထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးအေးသိန်းတို့ကလည်းကောင်း လက်ခံရယူကြသည်။

ယနေ့ဖွင့်လှစ်သည့် ကျုံပတောကျေးရွာ၊ အိုးဘိုကျေးရွာ၊ ချောင်းဖျားကြီးကျေးရွာ၊ ကျုံတနီးကျေးရွာ၊ ဘုရားစုကျေးရွာ၊ ကပိုင်ကျေးရွာနှင့် ချောင်းဖျားလေးကျေးရွာများမှ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် (၁၁)ကေဗွီအေ လိုင်း ၂ ဒသမ ၈မိုင်၊ (သုည ဒသမ ၄)ကေဗွီ လိုင်း ၃ ဒသမ ၄၇မိုင်၊ (၁၀၀)ကေဗွီအေထရန်စဖော်မာ သုံးလုံးနှင့် (၅၀) ကေဗွီအေထရန်စဖော်မာ တစ်လုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၁၂၀၀ ကျော်အား လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးသုံးစွဲခွင့် ရရှိပြီးဖြစ်သည့် အိမ်ထောင်စုများကဲ့သို့ ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများဖြစ်သည့် ကျုံတုံးကလေး၊ အင်းမ၊ ဆပ်သေ၊ ခရေကန်၊ အင်းတကော၊ ရေပေါ်ကြီး-တောကျောင်း၊ ဇရပ်လှကြီး၊ ကျုံတိုင်းကလေးနှင့် ဘဝိုင်းကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၃၂ ရွာတို့အား မကြာမီ လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**

# နေရောင်ခြည်စွမ်းအင်သုံးစနစ်ဖြင့် အုပ်စုလုံးကျွတ် အခမဲ့မီးလင်း၍ ပြည်သူများပျော်ရွှင်



**တပ်ကုန်း မတ် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနောက်ဘက် ၂၈ မိုင်ခန့်ကွာဝေးသော ထန်းတပင်ကျေးရွာတွင် ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်က ထန်းတပင်ကျေးရွာ မင်္ဂလာနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးအား လွှဲပြောင်းပေးအပ်ခဲ့ပြီး အုပ်စုလုံးကျွတ်မီးလင်းရန် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဦးမြင့်ရွှေ၊ နေပြည်တော်တိုင်းလျှပ်စစ်ဒုအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်တို့ တက်ရောက်ပြီး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထန်းတပင်ကျေးရွာသည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး လျှပ်စစ်မီးရရှိရန်မလွယ်ကူပေ။ ယခုအခါ နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး ဖြည့်စွက်ရန်ပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၄၃ ဒသမ ၂၀၀ အကုန်အကျခံ၍ ကျေးရွာအတွင်းရှိ အိမ်ပေါင်း ၂၁၆ အိမ်ကို ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာ၊ မီးသီး၊ မီးကြိုး၊ မီးချောင်းများအား (မင်းရာဇာ)ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၄၂)**

**✻ ခရမ်းလွှန်မှ**

မြေထု၊ ရေထု၊ လေထုများညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာပျက်စီးယိုယွင်းလာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များယိုယွင်းပျက်စီးလာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိနေသည်။

သစ်တောများပြုန်းတီးမှု၊ သစ်တောအတန်းအစားကျဆင်းခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းကြောင့် ရာသီဥတုပြောင်းလဲဖြစ်စဉ်များရှိလာရာ ယခုနှစ်တွင် အပူရှိန်များမြင့်တက်လျက်ရှိသည်ကို တွေ့ရသည်။ ထိုကဲ့သို့ အပူရှိန်များမြင့်တက်လာမှုကြောင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ မြင့်တက်လျက်ရှိရာ မတ် ၂၃ ရက်တွင် တိုင်းဒေသကြီး၊ မြို့တော်ကြီးများအလိုက် ခရမ်းလွန်ရောင်ခြည်အမြင့်ဆုံးတန်ဖိုးများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၃ ဒသမ ၂၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂ ဒသမ ၂၊ နေပြည်တော်တွင် ၁၃ ဒသမ သုည၊ မကွေးတိုင်းဒေသကြီးတွင် ၁၃ ဒသမ ၂၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ၁၂ ဒသမ သုည၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ၁၂ ဒသမ သုည၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၃ ဒသမ ၄၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၃ ဒသမ ၅၊တနင်္သာရီတိုင်းဒေသကြီးတွင် ၁၄ ဒသမ ၆၊ ကချင်ပြည်နယ်တွင် ၁၀ ဒသမ ၃၊ ကယားပြည်နယ်တွင် ၁၃ ဒသမ သုည၊ ကရင်ပြည်နယ်တွင် ၁၂ ဒသမ ၉၊ ချင်းပြည်နယ်တွင် ၁၂ ဒသမ ၂၊ မွန်ပြည်နယ်တွင် ၁၃ ဒသမ သုည၊ ရခိုင်ပြည်နယ်တွင် ၁၂ ဒသမ ၈၊ ရှမ်းမြောက်တွင် ၁၂ ဒသမ ၁၊ ရှမ်းတောင်တွင် ၁၃ ဒသမ ၅၊ ရှမ်းအရှေ့တွင် ၁၃ ဒသမ ၅ ရှိကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ Face book တွင် ဖော်ပြထားသည်။ တိုင်းဒေသကြီးအလိုက် ခရမ်းလွန်ရောင်ခြည်အမြင့်ဆုံးအညွှန်းကိန်းမှာ တနင်္သာရီတိုင်းဒေသကြီးတွင် အများဆုံးကျရောက်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း နေရောင်ခြည်အောက်သွားလျှင် လုံလောက်သော အရိပ်မိုးဖြင့် သွားလာရမည်ဖြစ်ပြီး ခရမ်းလွန်ရောင်ခြည် အရေပြားကို တိုက်ရိုက်မထိခိုက်စေရန် ဆောင်ရွက်သွားလာရမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ နေ့လယ် နေ့ခင်းများတွင် လေဝင်လေထွက်ကောင်းမွန်သော အမိုးအကာအောက်တွင် နားနေသင့်ကြောင်း သိရသည်။

**(သန်းဦး-လေးမျက်နှာ)**

**■ ကော့သောင်းမှ**

မျက်စိအမြင်အာရုံထိခိုက်ခြင်း၊ DNA များ ထိခိုက်မှုကြောင့် သားသမီးမရနိုင်ခြင်းစသည့်အန္တရာယ်များ ကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်မှု နှိုးဆော်ချက်များအဖြစ် နေပူအတွင်း နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ သွားလာခြင်းအား ရှောင်ကြဉ်ရေး၊ ပြည်သူများ စားဝတ်နေရေးအလို့ငှာ နေရောင်ခြည်အတွင်း သွားလာရမည်ဆိုပါက ခန္ဓာကိုယ်အား လုံခြုံသည့်အဝတ်အစား၊ ဦးထုပ်၊ ထီး စသည်များဖြင့် ကာကွယ်သွားလာကြရေး၊ SPF ၃၀+ နေကာမျက်မှန်များ တပ်ဆင် သွားလာကြရေး၊ ရောင်ခြည်ကာကွယ်လိမ်းဆေးများအသုံးပြုသွားလာကြရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# (၁၉)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မတ် ၂၃**

(၁၉)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြရာ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မတ် ၁၉ ရက်က အာဆီယံဘဏ္ဍာရေးဒုတိယဝန်ကြီးများ၊ အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၏ သီးခြားစီနှင့် ပူးတွဲညှိနှိုင်းအစည်းအဝေးတို့ကို ကျင်းပခဲ့သည်။

မတ် ၂၀ ရက် နံနက် ၉ နာရီက အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် Datuk Seri Najib Tun Razak အား ပူထရာဂျာရာမြို့ ဝန်ကြီးချုပ်ရုံးတွင် ဂါရဝပြုတွေ့ဆုံကြသည်။ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု(AFMM Retreat)ကို ညနေ ၄ နာရီတွင် Royale Chulan ဟိုတယ်၌ ကျင်းပခဲ့သည်။

မတ် ၂၀ ရက်က အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များသည် မလေးရှားဗဟိုဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းအသင်းတို့က ဦးစီးကျင်းပသော ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြသည်။

မတ် ၂၁ ရက်က အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံ-အီးယူ စီးပွားရေးကောင်စီအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံနိုင်ငံများမှ လူငယ်စွန့်ဦးတီထွင်သူများ တွေ့ဆုံပွဲ၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံ-အမေရိကန်စီးပွားရေးကောင်စီ အလုပ်သဘောနေ့လယ်စာအစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့်အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲညှိနှိုင်းအစည်းအဝေးတို့ကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အစည်းအဝေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။

(၁၉)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးတို့မှ ကမ္ဘာလုံးဆိုင်ရာနှင့်ဒေသဆိုင်ရာစီးပွားရေးအခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် အာဆီယံဘဏ္ဍာရေးဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးတွင် ယမန်နှစ်မြန်မာနိုင်ငံက ဦးဆောင်အဆိုပြုဆောင်ရွက်ခဲ့သည့် ဘဏ္ဍာရေးတွင် အားလုံးအကျုံးဝင်ပါဝင်မှုကွန်ဖရင့် (Financial Inclusion Conference) ၏ **"ရန်ကုန်ဆွေးနွေးပွဲရလဒ်များ"** နှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ အာဆီယံအာမခံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအကောက်ခွန်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံလုပ်ငန်းစဉ်များ တိုးတက်မှုအခြေအနေ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ စသည်တို့ကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် အကောက်ခွန်ဆိုင်ရာ အာဆီယံပြတင်းတစ်ပေါက် (ASEAN SINGLE WINDOW AGREEMENT) ကို မြန်မာနိုင်ငံကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လက်မှတ်ရေးထိုးခဲ့သည်။

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၁၄ ခုနှစ် ဧပြီ ၅ ရက်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပခဲ့ပြီး (၂၀)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို လာအိုနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဘာစီလိုနာအသင်း နူးကမ့်တွင် ရီးယဲလ်ကိုအနိုင်ယူ လေးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

စပိန်လာလီဂါ ထိပ်သီးအသင်းများဖြစ်ကြသလို ချန်ပီယံဖြစ်ရေးအတွက်လည်း အပြိုင်ကြဲနေကြသည့် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် စပိန်လာလီဂါပွဲစဉ် (၂၈)အဖြစ် မတ် ၂၃ ရက် နံနက်အစောပိုင်းက ဘာစီလိုနာအသင်း၏ အိမ်ကွင်း နူးကမ့်၌ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ဘာစီလိုနာအသင်းက အနိုင်သုံးမှတ်ကို ဆောင်ကြဉ်းနိုင်ခဲ့ပြီး ဧည့်သည် ရီးယဲလ်မက်ဒရစ်အသင်းမှာမူ အဝေးကွင်း၌ အောင်ပွဲခံနိုင်မည့်အခွင့်အရေးနှင့် လွဲခဲ့ရသည်။

ပွဲစလျှင်စချင်း ဘာစီလိုနာအသင်းက ပွဲကို စိုးမိုးထိန်းချုပ်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားအားတင်လာ၍ ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။

ထို့နောက် ပွဲကစားချိန် ၁၉ မိနစ်တွင် ဘာစီလိုနာ ဗဟိုခံစစ်မှူး ဂျီရီမီမက်သူးက ခေါင်းတိုက်၍ ဘာစီလိုနာအသင်းအတွက် အဖွင့်ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။

ဦးဆောင်ဂိုးပေးလိုက်ရ၍ ရီးယဲလ်မက်ဒရစ်အသင်း တရစပ်တိုက်စစ်ဆင်လာခဲ့ပြီး ပွဲကစားချိန် ၃၁ မိနစ်တွင် တောင်ပံကစားသမား ခရစ္စယာနို ရိုနယ်ဒိုက ကန်ချက်ကောင်းကောင်းဖြင့် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ရိုနယ်ဒိုသည် ယင်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအတွက် ၎င်း၏ သွင်းဂိုးမှာ ၄၂ ဂိုးထိရှိလာခဲ့သည်။

ဒုတိယပိုင်းပွဲအစတွင် ရီးယဲလ်မက်ဒရစ်အသင်းက ပွဲကို စိုးမိုးခဲ့သော်လည်း ချက်ချင်းဆိုသလိုပင် ဘာစီလိုနာအသင်းက ပြန်လည်ကစားအားတင်လာ၍ ပွဲမှာ ယှဉ်ပြိုင်မှုအရှိန်အဟုန်မြင့်တက်လာခဲ့သည်။

ဘာစီလိုနာအသင်းအတွက် အနိုင်သုံးမှတ်ဆောင်ကြဉ်းပေးနိုင်မည့် ဂိုးကို တိုက်စစ်မှူးလူးဝစ်ဆွာရက်စ်က ပွဲကစားချိန် ၅၆ မိနစ်တွင် ဂိုးသမားကာဆီးလက်စ်၏ ဘယ်ဘက်ထောင့်သို့ကန်သွင်းရယူခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်မှုများရှိခဲ့လင့်ကစား မည်သူမှ ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းမရှိ၍ ပွဲအပြီးတွင် ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ လေးမှတ်အသာဖြင့် စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဘောလုံးပွဲတစ်ပွဲ၏ ပြိုင်ဆိုင်မှုပြင်းထန်ပုံကိုလိုက်၍ တစ်ဖက်နှင့်တစ်ဖက် ထိခိုက်မှုများရှိတတ်သည့်နည်းတူ ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့ဆုံတွေ့သည့် အဆိုပါပွဲစဉ်တွင်လည်း ဘာစီလိုနာအသင်းမှ ကစားသမား ငါးဦး အဝါကတ်ထိခဲ့သလို ရီးယဲလ်ဘက်မှ ကစားသမားခြောက်ဦးလည်း အဝါကတ်ပြခံရသည်။

စပိန်ထိပ်သီးအသင်းနှစ်သင်းကို ကိုယ်စားပြုသည့် ကမ္ဘာကျော် ကစားသမားနှစ်ဦးတို့၏ အဆိုပါပွဲစဉ်အတွင်း စွမ်းဆောင်နိုင်ရည်ကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက လီယွန်နယ် မက်ဆီက ခရစ္စတီယာနို ရိုနယ်ဒိုထက် ခြေစွမ်းပိုင်း ပိုမိုသာလွန်ခဲ့ကြောင်း တွေ့ရသည်။ **(ရာမည)**

# မြန်မာယူ-၂၂ အသင်း အာရှခြေစစ်ပွဲဝင်ရန် ယနေ့ထွက်ခွာမည်

**ရန်ကုန် မတ် ၂၃**

တရုတ်(တိုင်ပေ)တွင် ကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၂ အသင်းသည် မတ် ၂၄ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ခြေစစ်ပွဲ အုပ်စု(G)၌ ပါဝင်နေကာ အဖွင့်ပွဲစဉ်အဖြစ် မတ် ၂၇ ရက်တွင် အိမ်ရှင် တရုတ်(တိုင်ပေ)နှင့် စတင်ကစားရမည်ဖြစ်ပြီး မတ် ၂၉ ရက်တွင် ဟောင်ကောင်၊ မတ် ၃၁ ရက်တွင် သြစတြေးလျတို့နှင့် ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲဝင်ခွင့်အတွက် ခြေစစ်ပွဲများကို ယခုရက်ပိုင်းအတွင်း စတင်ကျင်းပတော့မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၄၃ သင်းကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(G)၌ သြစတြေးလျ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်အသင်းတို့နှင့်အတူ တစ်အုပ်စုတည်းကျရောက်နေပြီး မတ် ၂၇ ရက်မှ ၃၁ ရက်အထိ တရုတ်(တိုင်ပေ)၌ ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စု ၁၀ ခု ထိပ်ဆုံး ၁၀ သင်းနှင့် အုပ်စုဒုတိယနေရာရ ၁၀ သင်းထဲမှ အကောင်းဆုံး ငါးသင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၁၆ အာရှယူ-၂၃ ပြိုင်ပွဲကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး စုစုပေါင်း ၁၆ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ- ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ ဂိုးနည်းပြ-ဦးအောင်သက်၊ ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး၊ ဇော်ဇော်နိုင်၊ ရန်အောင်လင်း၊ နောက်တန်း-ဇော်ဝင်း၊ ဖြိုးကိုကိုသိန်း၊ တလွန်ဟုပ်ထန်း၊ စည်သူအောင်၊ ဟိန်းသီဟဇော်၊ ကျော်ဇင်လွင်၊ ကိုကိုဟိန်း၊ ဇော်ရဲထွန်း၊ အလယ်တန်း-နေလင်းထွန်း၊ ချစ်စုမိုး၊ လှိုင်းဘိုဘို၊ အောင်ရှိုးသာမောင်၊ ဇွန်မိုးအောင်၊ မျိုးမင်းဇော်၊ သီဟဇော်၊ ရှေ့တန်း-ကောင်းဆက်နိုင်၊ ရှိုင်းသူရ၊ သန်းထက်အောင်တို့ ပါဝင်ကြသည်။

**(ရှိုင်းထက်ဇော်)**

# ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေးဆိုင်ရာ စည်းဝေး

**ရန်ကုန် မတ် ၂၃**

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးနှင့်ပတ်သက်၍ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနတွင် မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးဆိုင်ရာ အစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရပ်ဆိုင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ အမျိုးသားအိုဇုန်းယူနစ်အဖွဲ့ဝင်များ စုစုပေါင်း ၅၈ ဦးခန့် တက်ရောက်ခဲ့ကာ ရေခဲသေတ္တာနှင့် လေအေးပေးစက်ဆိုင်ရာများနှင့်ပတ်သက်၍ လေ့ကျင့်သင်တန်းပေးရေးကိစ္စ၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းကိစ္စ၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်ဆိုင်ရာနည်းပညာနှင့် လုပ်ငန်းရှင်များဆိုင်ရာအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စနှင့် အိုဇုန်းလွှာပျက်စီးစေသည့် ဟိုက်ဒရို ကလိုရိုဖလူရိုကာဗွန်အစားသုံးစွဲနိုင်မည့် ဒြပ်ပစ္စည်းများဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(ကြေးမုံ)**

**ယောနင်းမိသားစုတွေ့ဆုံပွဲ**

ဂျပန်ခေတ်စစ်တက္ကသိုလ်(ယောနင်း) မူလတန်းစစ်ကျောင်းသားများနှင့် မိသားစုများ(၇၀) ကြိမ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ကျင်းပမည့်နေ့ရက် - ၂၇-၃-၂၀၁၅(သောကြာနေ့)
(ခ) ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီထိ (နံနက်စာဖြင့်ဧည့်ခံခြင်း)
(ဂ) ကျင်းပမည့်နေရာ - အမှတ်(၇၃-D) ဗိုလ်ချုပ်အောင်ဆန်းဈေးမှာရုံ ဗဟန်း(၃)လမ်း၊ ဗဟန်း။

**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း**
**အသင်းပိုင်အဆောက်အဦးအသစ်ဖွင့်ပွဲ အခမ်းအနားဖိတ်ကြားခြင်း**

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းပိုင် အဆောက်အဦးအသစ်ဖွင့်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများနှင့် ရေကြောင်း လျှပ်စစ်အင်ဂျင်နီယာများအားလုံး တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

နေ့ရက် ။ ။ ၂၇-၃-၂၀၁၅ (သောကြာနေ့)
အချိန် ။ ။ နံနက် (၉)နာရီတိတိ
( နံနက် ၈း၃၀ နာရီအရောက်နေရာယူပေးကြပါရန်)
နေရာ ။ ။ မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း
အမှတ်-၂၆/၂၇၊ လယ်ယာ(၃)လမ်း၊
(၁၀)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
(တိုင်းရင်းသားကျေးရွာ ဘေးကပ်လျှက်)

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း

တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲ ဖြစ်ပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများ၊ ရေကြောင်း လျှပ်စစ်အင်ဂျင်နီယာများ အားလုံး တစ်ခဲနက်ပါဝင် တက်ရောက်ပေးကြပါရန် လေးစားစွာ နိုးဆော်အပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စက်မောင်းဆီဈေးနှုန်းများအား နိုင်ငံတကာဈေးနှုန်းများနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် အရည်အသွေးအကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၃**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၃၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပညာရေးနှင့်သက်ဆိုင်သည့်မေးခွန်းများနှင့်စပ်လျဉ်း၍ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ **အခြေခံပညာကျောင်းများတွင် ကျောင်းထောက်ပံ့ကြေး ပေးဆောင်ရာ၌ ကျောင်းသားဦးရေအလိုက်ရရှိသော ထောက်ပံ့ကြေးပမာဏနှင့် သုံးစွဲရမည့်အကြောင်းအရာများကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မူလတန်းအခမဲ့ပညာသင်ကြားရေးအစီအစဉ်အရ မူလတန်းအဆင့်သင် အခြေခံပညာကျောင်းများအား ကျောင်းထောက်ပံ့ကြေး ရန်ပုံငွေများကို ခွဲဝေသတ်မှတ်ရာတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများရှိ မူလတန်းသင် ကျောင်းသားဦးရေအရ ခွဲခြားသတ်မှတ်ပေးခြင်း ဖြစ်ပါကြောင်း။

ကျောင်းထောက်ပံ့ကြေးရန်ပုံငွေများကို သုံးစွဲရာတွင် ငွေစာရင်းခေါင်းစဉ်(၁၂)ခုဖြင့် ကျောင်းများ၏လိုအပ်ချက်အရ ကျောင်းထောက်ပံ့ကြေးရန်ပုံငွေအပေါ်မူတည်၍ သုံးစွဲရန်သတ်မှတ်ထားသည့် ငွေစာရင်းများနှင့်ကိုက်ညီသည့် စာရင်းစစ်လက်ခံနိုင်သောအသုံးစရိတ်များကို သုံးစွဲရန်ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးသန့်ရှင်း။



ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မူလတန်းကျောင်းသား(၁၀၀)လျှင်ငွေကျပ် (၈)သိန်း၊ ကျောင်းသား(၂၀၀) လျှင် ငွေကျပ် (၁၀)သိန်း၊ကျောင်းသား (၃၀၀)လျှင် ငွေကျပ်(၁၂)သိန်း၊ ကျောင်းသား(၄၀၀)လျှင်ငွေကျပ်(၁၄) သိန်း၊ ကျောင်းသား(၄၀၀)ကျော်လျှင် ငွေကျပ်(၁၆) သိန်း၊မူလတန်းကျောင်းခွဲများအတွက် ငွေကျပ်(၄)သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **ကျောင်းကျန်းမာရေးလုပ်ငန်းများ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်ရောက်မှ ဆောင်ရွက်သည်မျိုးမဟုတ်ဘဲ အမြဲတမ်း ဆောင်ရွက်နိုင်ရန်အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသားလူငယ်များ ကျန်းမာပျော်ရွှင်သောဘဝပိုင်ရှင်များဖြစ်လာစေရန် ဘက်ပေါင်းစုံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျောင်းကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပညာသင်နှစ်အစမှအဆုံးအထိ လုပ်ငန်းစဉ် (၅)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုံမှန်ကျောင်းကျန်းမာရေး လုပ်ငန်းများအပြင် ကျန်းမာပျော်ရွှင်သည့်လူမှုဘဝပိုင်ဆိုင်နိုင်ရန်အတွက် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ကိုအခြေခံပညာအဆင့်အလိုက် သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက **နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေမဖြစ်ပေါ်စေရေးအတွက်ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံဖြင့် နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကုန်သွယ်မှုကဏ္ဍတိုးတက်စေရန် ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို လုပ်ဆောင်ခဲ့ပါကြောင်း၊ (၄)နှစ်တာကာလအတွင်း နိုင်ငံတော်၏ ( ငွေလုံးငွေရင်းအသုံးစရိတ်)မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများတင်သွင်းမှုကြောင့် ပို့ကုန်တန်ဖိုးထက်သွင်းကုန်တန်ဖိုးက ပိုမိုရရှိခဲ့ပါကြောင်း၊ ပို့ကုန်ဦးဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွန်အတားအဆီးများ ဖြေလျှော့ခြင်းကိုလည်း နိုင်ငံတော်မှ လိုအပ်သည့်အစီအမံများဖြင့် ဖြေလျှော့ခဲ့ပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေးလုပ်ဆောင်ချက်များဖြစ်သည့် တန်ဖိုးမြင့်ကုန်များ ထွန်းကားလာရေးဥပဒေ၊ ပို့ကုန်သွင်းကုန်ဘဏ်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့စနစ်တို့ကို တည်ထောင်ဆောင်ရွက်သွားပါက ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က **ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသိသာထင်ရှားစွာ ကျဆင်းလာမှုကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့်ပြည်သူများအကျိုးကျေးဇူးဖြစ်ထွန်းရေး၊ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးစရိတ်များ ကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်းများကျဆင်းရေးတို့ကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျကွပ်ကဲညှိနှိုင်းစီမံဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တင်သွင်းသည့်**အဆိုကို လွှတ်တော်က သဘောတူခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်ဇော်က ရေနံဈေးနှုန်း ကျဆင်းမှုသည် မြန်မာ့သဘာဝဓာတ်ငွေ့ ဈေးနှုန်းအပေါ် သက်ရောက်မှုရှိစေမည်ဖြစ်ပြီး ဝင်ငွေလျော့ကျမှုလည်းရှိလာမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရောင်းချမှုမှရရှိလာသော ဝင်ငွေအနေဖြင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းအနည်းငယ်ကျဆင်းလာသော်လည်း ယခင်နှစ်များကဲ့သို့ ဝင်ငွေရရှိအောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စက်မောင်းဆီဈေးနှုန်းများအား နိုင်ငံတကာဈေးနှုန်းများနှင့်လိုက်လျောညီထွေမှုရှိစေရန်နှင့် အရည်အသွေးအကောင်းဆုံးဖြစ်စေရန် ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားလုပ်ငန်းရှင်များ အကျိုးစီးပွားကိုရှေးရှုပြီး နိုင်ငံတကာ ကုမ္ပဏီများက ဈေးကွက်လက်ဝါးကြီးအုပ်မှုမရှိစေရန် ပိုင်ဆိုင်မှုကဏ္ဍအဖြစ်ရယူကာ ဖက်စပ်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်မောင်းဆီဈေးနှုန်းကျဆင်းလာသည့်အတွက် ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်ရေးစရိတ်များ ကျဆင်းလာသည်ဖြစ်ရာ အထွေထွေကုန်ဈေးနှုန်းများကျဆင်းလာစေရေးအတွက် ဝန်ကြီးဌာနများနှင့် အခြားအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာပေါင်း (၁၁၅၀)ရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၂၃**

အမျိုးသားလွှတ်တော်(၁၂)ရက်မြောက်နေ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ **မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိသည့် နယ်စပ်ကျေးလက် တောတောင်ဒေသနှင့် ပြည်မကျေးလက် တောရွာဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာစီမံချက်(Master Plan for Multi-Settorial Economic Development of Rural and Less-developmentAreas in Myanmar) ဆောင်ရွက်သည့် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသများဖွံ့ဖြိုးလာစေရန်၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရန်နှင့် ကျေးလက်၊ မြို့ပြဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန်အတွက် ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး လူထုဗဟိုပြုစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ ကျေးလက်လူငယ်များ ဖွဲ့စည်း၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ အများပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သည့်စနစ် ကျင့်သုံး၍ အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များဖော်ဆောင်ခြင်း၊ အသား၊ငါးကဏ္ဍ တိုးတက်ရေးဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ စဉ်ဆက်မပြတ် ဘဏ္ဍာရေး အရင်းအမြစ် ရရှိရေး မဟာဗျူဟာအရ အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေဆင်းရဲသားပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖြစ်ပေါ်စေပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာပေါင်း (၁၁၅၀)ရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်(၃၄ ဒသမ ၅) ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီမံကိန်း၏ ထင်သာမြင်သာရှိသော အကျိုးရလဒ်များကြောင့် ကျန်မြို့နယ်(၁၇၈) မြို့နယ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ထပ်မံစိစစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်တွင် ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ကျေးလက်အထောက်အကူပြုဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အား ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပြီး မြေယာစီးပွားရေးအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ်သီးနှံစိုက်ခင်းများ၊ စီးပွားဖြစ် သစ်တောစိုက်ခင်း၊ စိုက်ပျိုးရေးဇီဝမျိုးထိန်းခြံ၊ သားငါးဖောက်စခန်း၊ မွေးမြူရေးမျိုးခြံ၊ သီးနှံသစ်တောဘက်စုံပျိုးဥယျာဉ်များ ထူထောင်ဆောင်ရွက်သွားရန်နှင့် ဈေးကွက်ချိတ်ဆက်မှုနှင့် တန်ဖိုးမြင့်ထွက်ကုန် ဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ဈေးအဆောက်အအုံများ၊ ကြိတ်ခွဲရေးနှင့်ပြုပြင်ရေး၊ ထုပ်ပိုးပြုပြင်ရေး၊ သိုလှောင်ရေး၊ အသေးစားအပေါင်ခံငွေချေးလုပ်ငန်းများနှင့် ရွှေ့လျားဘဏ်များထူထောင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးခင်မောင်အေး။



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်။

ယင်းနောက် ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြန်လည်ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ၏ **ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ် လူနာ လွှဲပြောင်းပေးပို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန်ခရီးစရိတ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ် လူနာလွှဲအပ်ပေးပို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊အပြန်ခရီးအတွက် ခရီးစရိတ်နည်းဥပဒေအရ ပြည်သူ့အကျိုး သက်ရောက်သော ခရီးစရိတ်ဖြစ်၍ အသွား၊အပြန်ခရီးစရိတ်အတွက် ဖြည့်ဆည်းပေးနိုင်ပါကြောင်းနှင့် လူနာတင်ယာဉ်ဖြင့် လွှဲပြောင်းပို့ဆောင်ခြင်းဖြစ်ပါက နေ့တွက်စရိတ်ကို ခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာစိုးဝင်း၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမွေးကင်းစကလေးသူငယ်များကို မွေးကင်းစကလေးမှတ်ပုံတင်ခြင်း(Birth Registration) နှင့်မွေးလက်မှတ်(Brith Certificate) ထုတ်ပေးခြင်းများကို မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားပြီးစကလေးတိုင်း တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မွေးဖွားသည့် ကလေးတိုင်းကို မွေးမှတ်ပုံတင်ပေးနိုင်ရန်နှင့် မွေးစာရင်းလက်မှတ်ရရှိစေရန် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံများတွင် မွေးဖွားသည့်ကလေးများအတွက် မွေးစာရင်းလက်မှတ် (Birth Certificate)ကို ဆေးရုံဆင်းသည့်အချိန်တွင် ထုတ်ပေးရန်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ

**စာမျက်နှာ ၇ ကော်လံ ၁ သို့**◆

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ခိုင်ကျည်မြင့်မြတ်သော စိတ်ဓာတ်ဖြင့်...

ပန်းတောင်းသန်းကြွယ်

နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် လက်နက်ကိုင်အင်အားတစ်ရပ်ကို အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းက မလွဲမသွေ ထူထောင်ထားရှိရန် လိုအပ်ပေသည်။

တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် အသက်တမျှအရေးပါလှသော အမျိုးသားရေး အကျိုးစီးပွားဆိုင်ရာကိစ္စများကို ဦးလည်မသုန်ထမ်းဆောင်ရသော လက်နက်ကိုင်အဖွဲ့အစည်းကြီးပင်ဖြစ်သည်။ ပါတီနိုင်ငံရေးနှင့်မပတ်သက်၊ မစပ်ယှက်၊ မဆက်နွှယ်ဘဲ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ရွက်လျက် ဦးဆွေးဆံမြည့် ထမ်းဆောင်ရသော အဖွဲ့အစည်းကြီးဖြစ်သည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်မှန်သမျှကို အခိုင်အမာကာကွယ်စောင့်ရှောက်ဖြည့်ဆည်းသွားရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားအကျိုးစီးပွားများကို အလေးထားဖော်ဆောင်နေကြရသကဲ့သို့ ကာကွယ်စောင့်ရှောက်မှုကိုလည်း ဂရုတစိုက်လုပ်ဆောင်ကြရသည်။ အမျိုးသားလုံခြုံရေးကိစ္စသည် များစွာကျယ်ပြန့်ပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ စသည့်ကဏ္ဍစုံ လုံခြုံမှုရှိအောင် ဆောင်ရွက်ရခြင်းဖြစ်၍ ကြီးမားကျယ်ပြန့်လေးနက်သော တာဝန်ကြီးပင်ဖြစ်သည်။

အမျိုးသားလုံခြုံရေးနှင့်ဆိုင်သည့် ကဏ္ဍများသည် လူသားတို့၏ နေ့စဉ်ဘဝ ရှင်သန်မှုဆိုင်ရာ လူသားလုံခြုံရေးတွင် ပါဝင်သည့် လူတစ်ဦးချင်းစီ လုံခြုံမှု၊ လူမှုအဖွဲ့အစည်းလုံခြုံမှု၊ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးဆိုင်ရာလုံခြုံမှု စသည်တို့နှင့်လည်း ဆက်နွှယ်နေခြင်းဖြစ်၍ တပ်မတော်သည် လူသားလုံခြုံရေးကိုလည်း အလေးထားကာ ဆောင်ရွက်ကြရသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘီစီ ၃ ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသော ပဒေသရာဇ်နိုင်ငံများထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။

ဘုန်းကံကြီးမားသော၊ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသော၊ ဉာဏ်အမြော်အမြင်ကြီးမားသော ရှေးခေတ် မြန်မာမင်းများသည် သမိုင်းဝင်မြန်မာနိုင်ငံတော်တို့ကို တည်ထောင်နိုင်ခဲ့ကြသည်။ အနော်ရထာမင်း၊ ဘုရင့်နောင်မင်း၊ အလောင်းမင်းတရား ဦးအောင်ဇေယျတို့က ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်တို့ကို စည်းရုံးတည်ထောင်ခဲ့ကြရာ မြန်မာတို့၏ သမိုင်းဝင်ရွှေခေတ်များအဖြစ် မော်ကွန်းတင်နိုင်ခဲ့ကြသည်။

၁၉ ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်းတို့၏အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့ကြသည်။ မြန်မာတို့ကား သူ့ကျွန်ဘဝရောက်ခဲ့ကာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

ဗြိတိသျှနယ်ချဲ့လက်အောက်တွင် သူ့ကျွန်အဖြစ် မနေလိုကြသော မြန်မာတိုင်းရင်းသားသူရဲကောင်းများက မပြတ်တရစပ်တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဂုဏ်ရောင်ပြောင်စွာပြသနိုင်ခဲ့ကြသည်။

**အစဉ်အလာကောင်းများကို ဆက်ခံလျှောက်လှမ်းခဲ့သော စွမ်းရည်များနှင့် ပြည့်ဝသော တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံသည် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ပါဝင်အမှုထမ်းဆောင်နေသော လက်နက်ကိုင်အဖွဲ့အစည်းကြီးဖြစ်သည်။**



(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများ ချီတက်စစ်ရေးပြကြစဉ်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်မီးစတင်လောင်မြိုက်ချိန်တွင် နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ရန် မြန်မာလူငယ်တို့ စတင်ကြိုးပမ်းကြသည်။ သခင်အောင်ဆန်း၊ သခင်ရှုမောင် စသော မြန်မာလူငယ်တို့သည် ဂျပန်နှင့်အဆက်အသွယ်ရကာ ဂျပန်ပြည်သို့ လျှို့ဝှက်ထွက်ခွာခဲ့ကြသည်။ မြန်မာပြည်မှ စွန့်စားထွက်ခွာခဲ့ကြသော မြန်မာလူငယ်ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ်အတွင်း ဂျပန်တို့က အပြင်းအထန်လေ့ကျင့်သင်ကြားပေးသော စစ်သင်တန်းကို တက်ရောက်သင်ယူခွင့်ရခဲ့ကြသည်။

ရဲဘော်သုံးကျိပ်တို့က ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်မတော်၏ မူလရည်ရွယ်ချက်အတိုင်း ဗြိတိသျှတို့အားတိုက်ထုတ်တော်လှန်ခဲ့ကြသည်။ ပြည်သူတို့ကလည်း တပ်မတော်နှင့်ပူးပေါင်း၍ နယ်ချဲ့တို့ကို တိုက်ထုတ်တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့ ဆုတ်ခွာပြေးသွားပြီးနောက် ဂျပန်တို့က အနှောင်အဖွဲ့ကင်းမဲ့သည့် လွတ်လပ်ရေး ကြေညာပေးမည်ဟူသော ကတိကို ဖျက်ခဲ့ကြသည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဖက်ဆစ်တို့အလိုကျ ဖျက်သိမ်းခဲ့ရပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ အသစ်ဖွဲ့စည်းထားသော ဗမာ့ကာကွယ်ရေးတပ်မတော်၏ အင်အားမှာ ၃၀၀၀ ခန့်သာ ရှိတော့သည်။ ထုထည်ကြီးမားလာသည့် မြန်မာ့လက်နက်ကိုင်အင်အားကို ဖက်ဆစ်တို့က လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးရရှိကြောင်း ကြေညာပြီးနောက် ၁၉၄၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဗဟိုစစ်အဖွဲ့ချုပ်ကြီး (ကာကွယ်ရေးကောင်စီ)က အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)ကို ဗမာ့တပ်မတော် (BNA)အဖြစ် ပြောင်းလဲအမည်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တို့ကြေညာပေးသည့် လွတ်လပ်ရေးမှာ အတုအယောင်ရွှေရည်စိမ်လွတ်လပ်ရေးသာဖြစ်ပြီး ပြည်သူတို့အပေါ် ယုတ်မာရိုင်းပျစွာ ဖိနှိပ်ခြင်း၊ ရက်စက်ခြင်းများကို ကျူးလွန်လာကြသဖြင့် ဗမာ့တပ်မတော်သည် ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ဖက်ဆစ်စနစ်ဆိုးအား တိုက်ဖျက်ရန် ပြင်ဆင်ခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ကမ္ဘာသိဖက်ဆစ်တော်လှန်ရေးကြီးကို ဗမာ့တပ်မတော်ကဦးဆောင်လျက် တစ်နိုင်ငံလုံးအုံကြွပါဝင်ဆင်နွှဲခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလအတွင်း ဗမာ့တပ်မတော်(BNA)ကို မျိုးချစ်ဗမာ့တပ်မတော် (PBF) ဟု အမည်ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံလက်တွဲမှုကို ရရှိခဲ့သည့် တပ်မတော်သည် မိမိထက် လက်နက်အင်အားကြီးမားသော ဖက်ဆစ်တို့ကို ပြတ်ပြတ်သားသားတော်လှန်တိုက်ခိုက်ကာ အနိုင်ရယူ၍ အောင်ပွဲခံနိုင်ခဲ့သည်။

ဗြိတိသျှတို့သည် ဖက်ဆစ်ဂျပန်ကို စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော်၏ စွမ်းရည်သတ္တိကိုလည်းကောင်း၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကိုလည်းကောင်း မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပြီးနောက် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့တို့လက်အောက်မှ လုံးဝလွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိ ရပ်တည်လာနိုင်ခဲ့ပေသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တပ်မတော်က ကိုယ်ထူးကိုယ်ချွန် စတင်ရပ်တည်နိုင်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သမိုင်းမော်ကွန်းရေးထိုးဂုဏ်ပြုခဲ့ကြသည်။ ယခုနှစ်ကျင်းပမည့် တပ်မတော်နေ့မှာ နှစ်(၇၀)ပြည့်တပ်မတော်နေ့ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့ပယောဂကြောင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများဖြင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲကာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် အမျိုးသားအကျိုးစီးပွားကို သစ္စာစောင့်သိပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်ပကျူးကျော်သူများကို နှိမ်နင်းတိုက်ခိုက်မောင်းထုတ်ပေးခဲ့ရသည်။ ပြည်သူများကြားမှ ပေါက်ဖွားခဲ့သော မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲအောင် ပြည်တွင်းပြည်ပရန်အန္တရာယ်မှ ကာကွယ်ပေးရသည့် စစ်ရေးတာဝန်ကို တစိုက်မတ်မတ် ထမ်းဆောင်ရသည့်အပြင် နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေဆိုးများ ကြုံလာသည့်အခါတိုင်း နိုင်ငံရေးနှင့် စီးပွားရေးပြောင်းလဲမှုများကို ဆောင်ရွက်ပေးခဲ့ရသည်။

၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စများတွင် တပ်မတော်သည် နိုင်ငံတော်ကို မဖြစ်မနေကာကွယ်စောင့်ရှောက်ပေးခဲ့ရသည်။ ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းချီတက်နိုင်ရေးအတွက်လည်း အခြေခံအဆောက်အအုံများကို သေချာတည်ဆောက်ပြီး တည်ငြိမ်သော အသွင်ကူးပြောင်းမှုဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ရသည်။ မြန်မာနိုင်ငံ၏ ပြောင်းလဲမှုပုံစံသည် Model ပုံစံတစ်ခုအဖြစ် ကမ္ဘာက အသိအမှတ်ပြုခံရသည်အထိ အောင်မြင်ခဲ့သည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသော အစဉ်အလာကို ပြဆိုသည့် သမိုင်းဆက်ကို ရေးသားမော်ကွန်းထိုးလျက်ရှိသည်။ တပ်မတော်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန် လိုအပ်ချိန်၌ နိုင်ငံရေးသမားဘဝမှ မျိုးချစ်တပ်မတော်သားဘဝကို ကူးပြောင်းခဲ့ကြပြီး နိုင်ငံရေးအရ တိုက်ပွဲဝင်ရမည့်အချိန်၌လည်း အမျိုးသားနိုင်ငံရေးသမားဘဝသို့ ပြန်လည်ကူးပြောင်းသွားကြရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံရေးအရရော စစ်ရေးအရပါ နိုင်ငံတော်သမိုင်းတွင် ထွန်းပြောင်ခဲ့ခြင်းဖြစ်သည်။

အစဉ်အလာကောင်းများကို ဆက်ခံလျှောက်လှမ်းခဲ့သော စွမ်းရည်များနှင့်ပြည့်ဝသော တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံသည် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ပါဝင်အမှုထမ်းဆောင်နေသော လက်နက်ကိုင်အဖွဲ့အစည်းကြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှု နောက်ကျကျန်ရစ်ခဲ့သည့် အဓိကအချက်သည် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုနည်းပါးစေခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ဒီမိုကရေစီစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံတော်အတွက် အလွန်အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်သည်။

စာမျက်နှာ ၁၂ သို့ ☆

## ပြည်တွင်းရေးရာ



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

(ခ) တိုးမြှင့်သတ်မှတ်မည့် လစာစရိတ်များအတွက် ဘဏ္ဍာငွေလျာထားချက်အား သက်ဆိုင်ရာဘုတ်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ စာရင်းတွင် ထည့်သွင်းလျာထားခြင်း (ဂ) တိုးမြှင့်လစာစရိတ်များအား အတည်ပြုနိုင်ရန်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများသို့ တင်ပြဆွေးနွေးအတည်ပြုချက်ရယူခြင်းတို့ ပါဝင်ပါကြောင်း။

လက်ရှိတွင် အထက်စာပိုဒ်နှင့် စာပိုဒ်ခွဲ (က)နှင့်(ခ) ပါစာပိုဒ်အဆင့်တို့ကို ဆောင်ရွက်ထားပြီးဖြစ်၍ စာပိုဒ်(ဂ) အဆင့်ပါ တိုးမြှင့်သတ်မှတ်သည့် လစာနှုန်းထားများအား အတည်ပြုနိုင်ရန်နှင့် အမိန့်ကြော်ငြာထုတ်ပြန်ဆောင်ရွက်နိုင်ရန်အတွက် ၂၅-၃-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ တင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူရန် စီစဉ်ထားရှိသည်ကို သိရပါကြောင်း။

ထိုသို့ရည်ညွှန်းစာနှင့် ပေးပို့လာမှုနှင့်ပတ်သက်၍ တိုးမြှင့်ပြင်ဆင်ပေးမည့် လစာနှုန်းထားများလျာထားချက်စာရင်းကို ၂၅-၃-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ ဆွေးနွေးအတည်ပြုပြီးပေးပို့သွားမည်ဖြစ်ကြောင်းကို အကြောင်းပြန်ခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် အမြန်လမ်းမကြီး ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အာဆီယံ+ ၃ မက်ခရိုစီးပွားရေး သုတေသနရုံး တည်ထောင်ရေး သဘောတူညီချက်အား လက်ခံအတည်ပြုကြောင်း စာလွှာပေးပို့ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ယင်းနောက် မြေနှင့်အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတို့က အဆိုတင်သွင်းကြပြီး လွှတ်တော်၏ အတည်ပြုချက်ကို ရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော ခွင့်ပြုပြီး ငွေလုံးငွေရင်း အသုံးစရိတ်အား အခြားစီမံကိန်းသို့ ပြောင်းလဲသုံးစွဲခွင့်ကိစ္စနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ရှင်းလင်းတင်ပြပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီက သဘောထားတင်ပြခြင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၏ မူသဘောထားဆွေးနွေးချက်အပေါ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက မူပိုင်ခွင့် ဥပဒေဆိုင်ရာများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတကာကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အခွန်ကောက်ခံခြင်းဆိုင်ရာများကိုလည်းကောင်း ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။ **(သတင်းစဉ်)**

**❖စာမျက်နှာ ၅ မှ**

သားဖွားခန်းများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်း နေအိမ်များတွင် မွေးဖွားသည့် ကလေးများအတွက် မွေးစာရင်း လက်မှတ်ကို တစ်လအတွင်းထုတ်ပေးရန်နှင့် ထိုသို့ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများမှ ကြီးကြပ်ဆောင်ရွက်ရန် ညွှန်ကြားချက်များထုတ်ထားပြီး အတိအကျလိုက်နာဆောင်ရွက်ကြရန် အကြောင်းကြားပြီးဖြစ်ပါကြောင်း။

ယခုလက်ရှိကျင့်သုံးနေသော ဖွားသေမှတ်ပုံတင်စနစ်သည် မွေးဖွား၊ သေဆုံးသည့်နေရာ (Place of Occurrence)ပေါ်မူတည်၍ မှတ်ပုံတင်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တစ်ဖက်အိမ်နီးချင်းနိုင်ငံများတွင် မွေးဖွားခဲ့သော မွေးကင်းစကလေးများ၏ မွေးမှတ်ပုံတင်ခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်းတို့နှင့် ပတ်သက်၍ သီးခြားထုတ်ပြန်ထားသော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ မရှိသေးသော်လည်း ဆက်စပ်ဦးစီးဌာနများမှဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာတွင် ၂၀၀၂ ခုနှစ် စက်တင်ဘာ (၂၅) ရက်စွဲဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ ဖွားသေစာရင်းအင်းဌာနစိတ်မှ ထုတ်ဝေထားသော ဖွားသေမှတ်ပုံတင်အရာရှိများအတွက် လက်စွဲစာအုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များအရ မွေးဖွားမှုမှတ်ပုံတင်ရန်အတွက် ဥပဒေပြဋ္ဌာန်းထားသည့် အချိန်ကာလကို ရက်(၃၀) အတွင်းသတ်မှတ်ထားပြီး မှတ်ပုံတင်နှောင့်နှေးခြင်းများအတွက် မွေးဖွားသည်မှ(၁၂)လအထိ ခွင့်ပြုထားပါကြောင်း၊ (၁၂)လ ကုန်ဆုံးသည်အထိ မှတ်ပုံမတင်ရသေးသည့် မွေးဖွားမှုအတွက် အသက်ငါးနှစ် မကျော်သည့်ကာလအတွင်း မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်တောင်းခံပြီး မွေးလက်မှတ်ထုတ်ပေးပါကြောင်း၊ လက်ရှိတွင် အသက်ငါးနှစ်နှင့် ငါးနှစ်အောက် ကလေးများ၏မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်းများကိုသာ ဆောင်ရွက်ပေးပါကြောင်း။

ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနများသည် မွေးစာရင်းမှတ်ပုံတင်ခြင်း၊ မွေးလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်း သာမက မွေးဖွားပြီး အသက်တစ်နှစ်အတွင်း ကလေးများ၏ အချက်အလက်များကို မွေးမှုကြမ်းပုံစံများတွင် ဖြည့်စွက်ကာ တစ်နိုင်ငံလုံး၏ မွေးဖွားမှုစာရင်းကို ထုတ်ပြန်နိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့သို့ ဆက်လက်ပေးပို့ရပါကြောင်း၊ Multiple Indicator Cluster Survey (MICS) (၂၀၀၀) ခုနှစ်နှင့် (၂၀၁၀)ခုနှစ် စစ်တမ်းစာရင်းများအရ ငါးနှစ်အောက်ကလေးများ မွေးလက်မှတ်ရရှိမှုမှာ (၂၀၀၀) ခုနှစ်တွင် (၆၀ ဒသမ ၆)ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် (၇၂ ဒသမ ၄)ရာခိုင်နှုန်းရှိကြောင်းသိရှိရသဖြင့် မွေးလက်မှတ်ရရှိရန် ကျန်ရှိနေမှုများရှိကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မွေးလက်မှတ်ကျန်ရှိသူများနှင့် မေးမြန်းခဲ့သည့် ငါးနှစ်နှင့် (၁၀)နှစ်အထက်အတွက် သီးခြားတောင်းခံလာပါက ဆက်စပ်ဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး တင်ပြလာသည့် အထောက်အထားများအား စိစစ်ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

နှစ်(၇၀)ပြည့် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုကဗျာ

## မော်ကွန်းဝင် တပ်မတော်နေ့

❂ လက်ပံတွေ နီတျာပွင့်လို့
ခွန်းသံဆင့် နှုတ်ပြောချို
ဥသြငှက်ပျို။
❂ နွေရောက်လျှင် တေးဆို
နွေကြိုတဲ့ ငှက်ကလေး။
အောင်စစ်သည် အပေါင်းပါထုသို့
ဂုဏ်ပြုသည်လေး။
❂ တပ်မတော် ဖခင်ကြီး
အံ့ချီးဖွယ် ဂုဏ်သိန်ဆောင်
ထူးမြတ်တဲ့မောင်။
❂ သတ္တိသွေး ထူးချွန်ပြောင်
"အောင်ဆန်း" ဟေ့ ဗိုလ်ချုပ်ကြီး။
❂ မြန်မာ့မြေ ကျော်ကျူးတဲ့
ဘီလူးနယ် ဖက်ဆစ်များကိုလ
စစ်သည်တွေ ညီညွတ်အားနဲ့
ဝံ့စားကာ အမြစ်ဖြုတ်
တိုက်ထုတ်ခဲ့သတည်း။
❂ ခုနှစ်ဆယ် နှစ်ပြည့်မြောက်
ခရီးတစ်ထောက် ရောက်ခဲ့ပြန်
သာစွဂိမှာန်။
❂ ညီညွတ်မှု အားမာန်
ပွားသန်ကြ ပြည်အဝှမ်း။
❂ တပ်၊ ပြည်သူ ညီညာတွဲကာပ
မပြတ်ရည်တူ ကြည်သာနွဲ့ပါလို့
အောင်ပွဲဆင် တပ်မတော်နေ့
ပျော်မွေ့မြွေချမ်း။ ။

**anmif&Tiarmif**

## တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းများ ရန်ကုန်မြို့တွင် ပြည်သူသို့အခမဲ့ပြသမည်

**နေပြည်တော် မတ် ၂၃**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းများကို ရန်ကုန်မြို့ ရွှေဆောင်ရုပ်ရှင်ရုံတွင် ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်(တပ်မတော်နေ့)၌ အောက်ပါအတိုင်း ပြည်သူများအား အခမဲ့ ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

| စဉ် | ဂုဏ်ပြုဇာတ်လမ်းအမည် | ၂၇-၃-၂၀၁၅ရက်နေ့(ပြသမည့်အချိန်) |
|---|---|---|
| ၁။ | အဖေနှင့်သားများ | နံနက် ၁၀ နာရီ(၁၀း၀၀)နာရီ |
| ၂။ | ကြယ်စင်မော်ကွန်း | မွန်းလွဲ ၁၂ နာရီခွဲ(၁၂း၃၀)နာရီ |
| ၃။ | အဖေတူသား | မွန်းလွဲ ၃ နာရီခွဲ(၁၅း၃၀)နာရီ |
| ၄။ | ကြယ်စင်မော်ကွန်း | ညနေ ၆ နာရီခွဲ(၁၈း၃၀)နာရီ |
| ၅။ | သားကောင်းမိခင် | ည ၉ နာရီခွဲ(၂၁း၃၀) နာရီ |

**(သတင်းစဉ်)**



## ပြည်တွင်းရေးရာ

# ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများ၏ ဖျော်ဖြေပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၃**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများ၏ ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်သည်။ **(ယာပုံ)**

ဖျော်ဖြေပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသော ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် ဝါရင့်ဂီတအနုပညာရှင် ၂၀ တို့က မြန်မာဂီတဂန္ထဝင်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့ကလည်း ပူးပေါင်းကပြဖျော်ဖြေတင်ဆက်ခဲ့သည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေချီးမြှင့်ခဲ့ကြောင်းနှင့် မတ် ၂၄ ရက်တွင်လည်း ထပ်မံဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**






**○ မြန်မာမှ**

အမြဲတစေ တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့၍ နိုင်ငံသမိုင်းနှင့် တပ်မတော်ခွဲခြား၍မရပါကြောင်း၊ လက်ရှိပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းရာတွင် ခိုင်မာစေရန် တပ်မတော်က အစိတ်အပိုင်းတစ်ခုအနေဖြင့် လိုက်ပါဆောင်ရွက်လျက် ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်ခြင်းမဟုတ်ဘဲ အမျိုးသားနိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်တွင် တပ်မတော်သားများ ပါဝင်၍ ပြည်သူများအတွက် လိုအပ်ချက်များ၊ ပြင်သင့်ပြင်ထိုက်သည်များကို မည်သည့်ဘက်ကမျှ ဘက်မလိုက်ဘဲ အကြံပြုဆွေးနွေးလျက်ရှိ၍ လွှတ်တော်အတွင်းနှင့် ပြည်သူလူထုကလည်း လက်ခံလျက်ရှိကြောင်း၊ တပ်မတော်သားများက ဖြစ်သင့်သည်၊ မဖြစ်သင့်သည်များကို ပြတ်ပြတ်သားသားဆွေးနွေးတင်ပြပြီး ဆုံးဖြတ်ချက်ကို လွှတ်တော်တွင် မဲဆန္ဒဖြင့် ဆုံးဖြတ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းပြီး လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒအတိုင်း လိုက်နာကျင့်သုံး ဆက်ဆံလျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော် မြို့စား မစ္စတာစလင်းမ်က မိမိအနေဖြင့် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌဖြစ်သဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အတွက် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိဖခင် မြန်မာနိုင်ငံတွင် စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့စဉ်က တပ်ကို မြန်မာအများစုဖြင့် ဖွဲ့စည်းထားသဖြင့် မြန်မာစစ်သည်များသည် အလွန်ရဲရင့်မှုရှိသည်ကို သိရှိခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းတွင် တပ်မတော်က တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေသည်ကို အသိအမှတ်ပြုပါကြောင်း၊ အခွင့်အရေးရှိပါက မြန်မာနိုင်ငံသို့ ထပ်မံလာရောက်လေ့လာသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

မြို့စားမစ္စတာစလင်းမ်သည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံစစ်မြေပြင်တွင် တပ်မကြီးမှူးတာဝန်ထမ်းဆောင်ခဲ့ဖူးသည့် Field Marshal William Joseph "Bill" Slim ၏ သားဖြစ်ကြောင်း၊ ဗြိတိသျှတော်ဝင်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်ပြီး စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်ကြောင်း၊ ဗြိတိသျှတပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီးရာထူးတိုးမြှင့်ပေးအပ်ခြင်း ခံရ၍ Order of British Empire(OBE) ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်ကြောင်း၊ ဗြိတိသျှလူမှုကူညီမှုအဖွဲ့ Graham Layton Trust တွင် နာယကအဖြစ်ဆောင်ရွက်လျက်ရှိပြီး အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း တာဝန်ထမ်းဆောင်လျက်ရှိသူဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တော်ဝင်မနေသဟာယ စစ်မှုထမ်းဟောင်းများအသင်း၏ အဖွဲ့ဝင် မြို့စား မစ္စတာစလင်းမ်အား လက်ခံတွေ့ဆုံစဉ်။** (မြဝတီ)

# ယဉ်ကျေးမှုဝန်ကြီးဌာန (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၃**

ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင်ရှိ အနုပညာခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူထံမှပေးပို့သော နှစ်ပတ်လည်နေ့အခမ်းအနားသဝဏ်လွှာကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က ဖတ်ကြားပြီး ဒုတိယဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ အငြိမ်းစားဝန်ထမ်းများနှင့် အနုပညာရှင် ဆရာကြီး ဆရာမကြီးများအား လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ထူးချွန်ဝန်ထမ်းဆုများ ပေးအပ်ချီးမြှင့်ပြီး ဆရာ ဆရာမများ၊ ဌာနအသီးသီးမှ ဝန်ထမ်းများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

❏

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**နေပြည်တော် မတ် ၂၃**

လယ်ယာသုံးစက်ကိရိယာများအား လက်တွေ့ကျွမ်းကျင်စွာ မောင်းနှင်အသုံးပြုတတ်စေရေးနှင့် စနစ်တကျ ပြုပြင်ထိန်းသိမ်းတတ်စေရန်အတွက် နေပြည်တော်သမဝါယမဦးစီးဌာနမှ ဖွင့်လှစ်သည့် Daedong ထွန်စက်ယာဉ်မောင်းနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု စိုက်ပျိုးမွေးမြူရေးခြံ(သူဌေးကုန်း)၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်း၊ နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် နေပြည်တော်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဆွေးနွေးမှာကြားပြီး သင်တန်းနည်းပြက စက်များကြံ့ခိုင်ထိန်းသိမ်းနည်း၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို စာတွေ့လက်တွေ့ပို့ချရာ တက်ရောက်လာသည့် တောင်သူများက မရှင်းလင်းသည်များကို ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ အရစ်ကျချေးငွေစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသည့် တောင်သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **(၅၈၆)**



## သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့်ဆွဲယူမည် ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အလောင်းတော်ကဿပသွားရာ ပင်မလမ်းပိုင်းရှိ ၂၁ စင်းမြောက် မြောက်ယမားချောင်းကူး ရွှေမေတ္တာရွှေဆံပင်တံတားသစ်ဖွင့်

**ပုလဲ မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုထိုသားကျေးရွာ၌ မတ် ၂၁ ရက် နံနက် ၈ နာရီက စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၈၀၀၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အလောင်းတော်ကဿပသွားရာ ပင်မလမ်းပိုင်းပေါ်ရှိ ၂၁ စင်းမြောက် ရွှေမေတ္တာရွှေဆံပင် သံကူကွန်ကရစ်တံတားကြီး ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေဆံပင်တံတားလမ်း အကျိုးတော်ဆောင် ဆရာတော်ဦးဝေပုလ္လ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးတို့က ရွှေမေတ္တာ ရွှေဆံပင်တံတားကြီးအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရွှေဆံပင်တံတားလမ်း အကျိုးတော်ဆောင် ဆရာတော်ဦးဝေပုလ္လနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးတို့က ဖွင့်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ရွှေမေတ္တာ ရွှေဆံပင်တံတားကြီး တည်ဆောက်ပြီးမှုနှင့် ပတ်သက်၍ ပုလဲမြို့နယ် ရွာသစ်ကျေးရွာနေ ရပ်မိရပ်ဖဦးတင်ဝင်းက "လွန်ခဲ့တဲ့ နှစ်ပေါင်း၁၅ နှစ်ကျော်ကဆိုရင် ကျွန်တော်တို့ ဒေသမှာရှိတဲ့ ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များနဲ့ ပြည်သူများဟာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိတဲ့အတွက်ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ကုန်စည်ကူးသန်းရောင်းဝယ်မှုအထိ တော်တော်ကို ဒုက္ခရောက်ခဲ့ကြပါတယ်။ ဒါပေမယ့် ယနေ့အချိန်အခါမှာ အိပ်မက်ဆိုးကနေ နိုးထလာသလိုပါပဲ။ ရွှေဆံပင်ဆရာတော် ဦးဝေပုလ္လနဲ့ တံတားလမ်းအကျိုးတော်ဆောင် ဆရာတော်များရဲ့ စိတ်ဓာတ်ပြင်းပြစွာနဲ့ ဦးဆောင်မှုများနဲ့အတူ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရရဲ့ ထောက်ပံ့ကူညီမှုတွေ၊ နိုင်ငံအတွင်းရှိ စေတနာရှင် အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့ မြန်မာအမျိုးသမီးများရဲ့ ဆံပင်လှူဒါန်းမှုမှ ရောင်းရငွေများဖြင့် စုစုပေါင်းသိန်း ၁၅၀၀၀ ကျော်အထိ အကုန်အကျခံကာ အလောင်းတော်ကဿပသွားရာ ပင်မလမ်းပိုင်းမှာ ယခုဖွင့်လှစ်ခဲ့တဲ့ ၂၁ စင်းမြောက် ရွှေမေတ္တာရွှေဆံပင်တံတားအပါအဝင် ကျောက်ခင်းလမ်း ၁၅ မိုင်၊ ကတ္တရာလမ်း ငါးမိုင်ကို လမ်းခင်းနိုင်ခဲ့ပြီဖြစ်လို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမှသည် ကျွန်တော်တို့ဒေသဟာ ဖွံ့ဖြိုးစပြုလာပြီဖြစ်လို့ စေတနာထားလှူဒါန်းထောက်ပံ့ပေးခဲ့ကြတဲ့ နိုင်ငံတော်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းပေးခဲ့ကြတဲ့ စေတနာရှင်များ၊ ရွှေဆံပင်တံတားလမ်းတွေဖြစ်မြောက်လာအောင် ဆံပင်လှူဒါန်းပေးခဲ့ကြတဲ့ မြန်မာအမျိုးသမီးများနဲ့ ကျေးဇူးတင်ထိုက်သူအားလုံးကို ဒေသမှာရှိတဲ့ပြည်သူများကိုယ်စားပြောမပြတတ်အောင် ကျေးဇူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သည့် မြောက်ယမားချောင်းကူးရွှေမေတ္တာရွှေဆံပင် တံတားသည် အရှည်ပေ ၅၅၀၊ အကျယ် ၂၄ ပေဖြစ်ပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ စေတနာရှင် အလှူရှင်များ၏ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၈၀၀၀ ကျော်ဖြင့် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလောင်းတော်ကဿပသွားရာ ပင်မလမ်းပိုင်း၏ ၂၁ စင်းမြောက်တံတားဖြစ်ကြောင်းနှင့် ပုလဲမြို့နယ်/ယင်းမာပင်မြို့နယ်ရှိ ကျေးရွာပေါင်း ၆၀ ကျော်၊ လူဦးရေ ငါးသောင်းကျော်တို့ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

# စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်နှင့် အာရှ၏ ဝါရင့်ခေါင်းဆောင်ကြီး မစ္စတာ လီကွမ်ယူကွယ်လွန်



မစ္စတာ လီကွမ်ယူကို ၁၉၂၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အရှေ့ဖျားဒေသ ဗြိတိန်နိုင်ငံ၏ အဓိကရေတပ်စခန်းတည်ရှိရာ ဗြိတိသျှကိုလိုနီနယ်မြေတစ်ခုဖြစ်သည့် စင်ကာပူကျွန်းတွင် မွေးဖွားခဲ့သည်။ ဖခင်မှာ လီချင်ကွန်းနှင့် မိခင်မှာ ချွာကျင်းနီဖြစ်ပြီး ၁၉ ရာစုမှစ၍ စင်ကာပူနိုင်ငံ၌ အခြေချနေထိုင်သည့် ကြွယ်ဝသော တရုတ်မိသားစုတစ်စုမှ ပေါက်ဖွားလာသူဖြစ်သည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်ချ်မြို့ရှိ Fitzwilliam ကောလိပ်၌ ဥပဒေပညာရပ်ကို ဆည်းပူးလေ့လာခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ပထမအဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

လီကွမ်ယူသည် စင်ကာပူကျွန်းကို ကိုလိုနီနယ်မြေဘဝမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သူလည်း ဖြစ်သည်။

၁၉၅၄ ခုနှစ်တွင် ၎င်း၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် ခွဲထွက်ပြီး ပြည်သူ့အက်ရှင်ပါတီ (People's Action Party) ကိုထူထောင်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဇွန် ၅ ရက်တွင် လွတ်လပ်သော စင်ကာပူနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

၁၉၆၃ ခုနှစ်တွင် စင်ကာပူ၊ ဆာဘားနှင့် ဆာရာဝပ်တို့သည် မလေးကျွန်းဆွယ်ကြီးကို ကိုယ်စားပြုသည့် မလေးယားပြည်ထောင်စု (Federation of Malaya) နှင့် ပေါင်းစည်းကာ မလေးရှားနိုင်ငံကို ထူထောင်ခဲ့သည်။ ၎င်းနောက်သုံးနှစ်ခန့်တွင် သဘောထားကွဲလွဲမှုကြောင့် စင်ကာပူကို ပြန်လည်ခွဲထွက်ခဲ့ပြီး လီကွမ်ယူက စင်ကာပူနိုင်ငံသစ်ကို ဦးဆောင်ခဲ့သည်။

လီကွမ်ယူ၏ ဦးဆောင်မှုဖြင့် စင်ကာပူနိုင်ငံသည် ရှုံ့ညွန်ထူပြီး ခြင်ပေါသော တံငါရွာလေးအဖြစ်မှ လွတ်လပ်ပြီး စည်ပင်ဖွံ့ဖြိုးသောနိုင်ငံအဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။

ယခုအခါ စင်ကာပူနိုင်ငံသည် စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီး တစ်ဦးကျဝင်ငွေ အများဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ လီကွမ်ယူ၏ ကမ္ဘာကျော်ထူးခြားသော စွမ်းဆောင်ရည်ကြောင့် စင်ကာပူနိုင်ငံသည် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တွင် အဓိကနိုင်ငံအဖြစ် ပါဝင်လာခဲ့သည်။ ၎င်းသည် စင်ကာပူအစိုးရအဖွဲ့ကို သန့်ရှင်းပြီး စွမ်းဆောင်ရည်မြင့်မားသည့် အစိုးရအဖွဲ့အဖြစ် ရပ်တည်နိုင်စေရန် ဦးတည်ဆောင်ရွက်ခဲ့သည်။

လီကွမ်ယူသည် စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီး (Senior Minister) အဖြစ် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ် ဩဂုတ်လအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက်တွင် Minister Mentor အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ် မေ ၂၁ ရက်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။ လီကွမ်ယူသည် ကမ္ဘာတစ်ခွင် ထင်ပေါ်ကျော်ကြားသော နိုင်ငံအုပ်ချုပ်သူတစ်ဦးအဖြစ် ကာလရှည်ကြာစွာ ထမ်းဆောင်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ စတင်၍ လီကွမ်ယူသည် ပြင်းထန်သော အဆုတ်ရောင်ရောဂါဖြင့် စင်ကာပူနိုင်ငံ အထွေထွေဆေးရုံကြီးတွင် သီတင်းခြောက်ပတ်ကြာတက်ရောက်ကုသမှုခံယူခဲ့ရာမှ မတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၈ မိနစ်တွင် ကွယ်လွန်ခဲ့သည်။

လီကွမ်ယူသည် ၁၉၅၀ ပြည့်နှစ်တွင် ကျောင်းနေဖက်ဖြစ်သူ ချူးနှင့် လက်ထပ်ခဲ့သည်။ လက်ရှိစင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းသည် မစ္စတာ လီကွမ်ယူ၏ သားတစ်ဦးဖြစ်သည်။

လီကွမ်ယူသေဆုံးမှုသည် စင်ကာပူနိုင်ငံအတွက်သာမက အာဆီယံနှင့်ကမ္ဘာအတွက်အားထားရသည့် ဝါရင့်ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရခြင်းလည်း ဖြစ်သည်။

**(ကြေးမုံ)**

# ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်



**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးမှူး၊ ခုတင်(၁၀၀၀)နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့၊ ပျဉ်းမနားခုတင်(၂၀၀)ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့၊ ဒက္ခိဏသီရိမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဆရာဝန်၊ ဆရာမများ၊ ဒက္ခိဏသီရိခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒက္ခိဏသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့်ဆရာဝန်များသည် မတ် ၂၁ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲရင်းကျေးရွာတွင် ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်တင်တင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က "ရွှေ့လျားကျန်းမာရေး ဆေးခန်းဖွင့်လှစ်ရခြင်းအကြောင်း"၊ ဒေါက်တာမျိုးမင်းဦးက "ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန်အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်း"၊ ဒေါက်တာခွန်ခမ်းထူးက "သားဆက်ခြားခြင်းအကြောင်း"၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှလှကြည်က "လက်ဆေးနည်းအကြောင်း"ကို ရှင်းလင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောသည်။

ထို့နောက် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးခြင်း၂၅ ဦး၊ သက်ကြီးရွယ်အို ဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း ၁၅၀၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း ၄၀ ၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း ၁၁ ဦးနှင့် အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း ၈၂ ဦး စုစုပေါင်းလူနာဦးရေ ၃၀၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြုရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

**(ကြေးမုံ)**

## ❐ မန္တလေးမှ

နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း မန္တလေးကျုံးပတ်လည်၊ မန္တလေးကန်တော်ကြီးနှင့် မန်းမြို့တွင်း၌ သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ရန် မန္တလေးမြို့တော်စည်သာယာရေးကော်မတီအခွန်ဌာနက သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် ကြော်ငြာစာထုတ်ပြန်၍ လျှောက်လွှာများခေါ်ယူခဲ့ပြီး ကျုံးတော်အရှေ့၊ အနောက်၊ တောင်နှင့် မြောက်ဘက်တို့၌ မျက်နှာစာတစ်ဖက်လျှင် မဏ္ဍပ် ၁၀ ခုအထိ ဆောက်လုပ်ခွင့်ပြုထားကြောင်းလည်း သိရသည်။

"အခုချိန်အထိကတော့ နန်းအရှေ့ဘက်ခြမ်းအတွက် ၁၆ ဦးလာရောက်လျှောက်ထားရာမှာ ၁၀ ဦးကိုခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျုံးတောင်ဘက်အခြမ်းကိုတော့ လျှောက်ထားသူ ၁၉၇ ဦးရှိပြီး ၁၀ ဦးကို ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ခွင့်ပြုခဲ့တဲ့သင်္ကြန်မဏ္ဍပ်တွေအားလုံးဟာ ပွင့်လင်းမြင်သာစွာ လျှောက်ထားသူအများပြည်သူရှေ့မှောက် မဲစနစ်နဲ့ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ မဲမပေါက်တဲ့သူတွေကို သင်္ကြန်မဏ္ဍပ်ဆောက်ချင်တယ်ဆိုရင် ကျုံးအနောက်ဘက်နဲ့ မြောက်ဘက်တွေမှာ နေရာချပေးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုထိတော့ ကျုံးအနောက်ဘက် ၁၂ လမ်းမှာ မဏ္ဍပ်တစ်ခုပဲ ဆောက်လုပ်ပါသေးတယ်။ လျှောက်ထားလာမယ်ဆိုရင် လက်ခံသွားမှာဖြစ်ပါတယ်။ ကျုံးပတ်လည်ဘယ်နေရာပဲဖြစ်ဖြစ် စည်းကမ်းတွေကတော့အတူတူပဲဖြစ်ပါတယ်၊ အာမခံငွေသိန်း၂၀ သွင်းထားရတယ်ဆိုတာက မဏ္ဍပ်နေရာတွေကို ရောင်းစားတာတွေရှိတယ်လေ။ အဲဒီတော့ စည်းကမ်းညီညွတ်စေဖို့ သွင်းခိုင်းထားရတာဖြစ်ပါတယ်။ သတ်မှတ်စည်းကမ်းတွေကို ဖောက်ဖျက်ရင် အာမခံကြေးတွေကို ဒဏ်ကြေးအဖြစ် သတ်မှတ်သွားမှာ ဖြစ်ပါတယ်" ဟု မန္တလေးစည်ပင်သာယာရေးကော်မတီရာဖြတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ်အတွင်း ကျုံးတော်ပတ်လည်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်နိုင်ရေး လျှောက်ထားကြရာတွင် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကများ လျှောက်ထားခဲ့ကြပြီး ဆောက်လုပ်ခွင့်ရရှိ၍အာမခံကြေးငွေကျပ်သိန်း၂၀ သွင်းထားသူများအား သတ်မှတ်စည်းကမ်းများမဖောက်ဖျက်ပါက သင်္ကြန်အပြီး ၂၄ ရက်နေ့တွင် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၌ ရုံးချိန်အတွင်း ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်(ကလေး)**

# ပြည်သူ့အချစ်တော် နိုင်ငံရေးသမားတစ်ဦး၏ပုံရိပ်လွှာ

ကိုရင်ညြ

စင်ကာပူနိုင်ငံ၏ ဝါရင့်ခေါင်းဆောင်ကြီး ဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူသည် မတ်လ ၂၃ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၈ မိနစ်တွင် ကွယ်လွန်သွားကြောင်း နိုင်ငံတကာသတင်းများအရ သိရှိရသည်။

မစ္စတာ လီသည် မလေးကျွန်းဆွယ်၏ အစွန်အဖျား၌ တည်ရှိပြီး ဧရိယာ ၆၄၁ ဒသမ ၄ စတုရန်း ကီလိုမီတာမျှသာ ကုန်းမြေအကျယ်အဝန်းရှိသော နိုင်ငံငယ်လေးဖြစ်သည့် စင်ကာပူနိုင်ငံကို ထူထောင်ခဲ့သူ၊ အာရှတိုက်၏ အကျော်ဒေးယျ နိုင်ငံရေးသမားကြီးတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူ ဖြစ်သည်။

ဗြိတိသျှကိုလိုနီလက်အောက်တွင် ကျရောက်ခဲ့စဉ်က ရွှံ့ညွန်ထူပြီး ခြင်ကိုက်သည့် နယ်မြေဒေသလေးတစ်ခုဖြစ်ခဲ့သော်လည်း ယနေ့မျက်မှောက်ကာလတွင် အာရှတိုက်၏ ဘဏ္ဍာရေးဗဟိုချက်တည်ရာ နိုင်ငံတစ်နိုင်ငံအဖြစ် ကြွားကြွားဝင့်ဝင့် ငွါးငွါးစွင့်စွင့် ရပ်တည်နေသော နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်သည်။

တိုင်းပြည်အရွယ်အစား သေးငယ်လင့်ကစား တိုးတက်ကြီးပွားသောနိုင်ငံတစ်နိုင်ငံအဖြစ် အခိုင်အမာ ရပ်တည်နိုင်စေရန် ကြိုးပမ်းအားထုတ်ရသောအလုပ်မှာ ဇောက်အားဖြင့် လွယ်ကူလိမ့်မည်မဟုတ်ပေ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာမှာ အလွန်ပင်အရေးကြီးလှပြီး အောင်မြင်မှုရလဒ်များ ပေါ်ထွန်းလာအောင် ကြိုးပမ်းစွမ်းဆောင်ရသည့် ဝါယမအားထုတ်မှုမှာလည်း မှန်ကန်ရန်လိုအပ်ပေလိမ့်မည်။

၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ သိသိသာသာရရှိလာခဲ့သော စင်ကာပူနိုင်ငံသည် တောင်ကိုရီးယား၊ တရုတ် တိုင်ပေ၊ ဟောင်ကောင်တို့နှင့်အတူ အာရှ၏ ထွန်းသစ်စ စက်မှုနိုင်ငံများအဆင့်အတန်းတွင် တစ်ပြေးညီ သတ်မှတ်ခြင်းခံခဲ့ရသည်။ စင်ကာပူအပါအဝင် ယင်းနိုင်ငံနှင့် ဒေသများကို အာရှ၏ ကျားလေးကောင် (ဝါ) နဂါးလေးကောင်ဟူ၍ တင်စားခေါ်ဝေါ်ချီးကျူး ထောမနာပြုခဲ့ကြသည်။

### နောက်ခံသမိုင်းကြောင်း တစေ့တစောင်း

၁၈၁၉ ခုနှစ်တွင် အရှေ့အိန္ဒိယကုမ္ပဏီမှ ဆာစတမ်းဖို့ဒ်ရာဖဲလ် **(Sir Stamford Raffles)** က စင်ကာပူကျွန်းကို စတင်တွေ့ရှိခဲ့စဉ်က ရေလုပ်သားများစခန်းချရာ ရွာကြီးသာသာအဆင့်တွင်သာရှိနေသည့် ကျွန်းတစ်ကျွန်းအဖြစ်ရပ်တည်ခဲ့သည်။ ထိုစဉ်က စင်ကာပူကျွန်း၌ မလေးလူမျိုး ၁၂၀ ခန့်နှင့် တရုတ်လူမျိုး ၃၀ ခန့်မျှသာအခြေချနေထိုင်လျက်ရှိခဲ့သည်။

အရှေ့တိုင်းနှင့် အနောက်တိုင်းတို့အကြား ကုန်သွယ်ရေကြောင်းသင်္ဘောများ ကူးလူးသွားလာရာတွင် ဆုံမှတ်တစ်နေရာအဖြစ် စင်ကာပူနိုင်ငံရပ်တည်နေကာ ပင်လယ်ရေကြောင်း ကူးသန်းသွားလာမှုတွင် ဗဟိုအချက်အချာနေရာအဖြစ်သို့ရောက်ရှိလာအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခြင်းမှာ ယင်းနိုင်ငံအောင်မြင်မှု၏အထင်ကရ ပြယုဂ်တစ်ခုအဖြစ် ယနေ့ကာလတွင်တွေ့မြင်ကြရလေပြီ။

သဘာဝအရ ဆိပ်ကမ်းကောင်းတစ်ခုအဖြစ် ဘူမိနက်သန်မှန်သော စင်ကာပူကျွန်းကို ဆာစတမ်းဖို့ဒ်ရာဖဲလ်က ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့အဖြစ်သို့ ပြောင်းလဲတည်ဆောက်ရန် မျှော်မှန်းဆောင်ရွက်ခဲ့သည်။

ဤသို့လျှင် အကောက်ခွန်လွတ်ဆိပ်ကမ်းမြို့တစ်မြို့အဖြစ်သို့ တည်ဆောက်ပြုပြင်ခဲ့သည်။ အကောက်ခွန်မဲ့လွတ်လပ်သောကုန်သွယ်မှုစနစ်ကို စတင်ကျင့်သုံးစေခဲ့ပြီးနောက် အရှေ့တောင်အာရှဒေသ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံသားများ စင်ကာပူသို့ လာရောက်အခြေချနေထိုင်ကာ လုပ်ကိုင်ခဲ့ကြပြီး တစ်စတစ်စဖြင့် ရေကြည်ရာမြက်နုရာရှာဖွေလိုသူ ပြည်ပအလုပ်သမားများ ကလည်း စင်ကာပူနိုင်ငံသို့ ဝင်ရောက်လာခဲ့ကြသည်။

အရှေ့ဖျားဒေသ၌ ဗြိတိန်နိုင်ငံ၏ အဓိကရေတပ်စခန်းတည်ရာ စင်ကာပူကျွန်းသည် ဗြိတိသျှကိုလိုနီနယ်မြေတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ သို့ရာတွင် ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ လွတ်လပ်ရေးလှုပ်ရှားမှုကိုစတင်ခဲ့သည်။

### နိုင်ငံရေးသုခမိန်ကြီး လီကွမ်ယူ

ကိုလိုနီနယ်မြေဘဝမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သူမှာ လီကွမ်ယူဖြစ်သည်။ လီသည် ၁၉ ရာစုမှစ၍ စင်ကာပူ၌အခြေချနေထိုင်ခဲ့သော ကြွယ်ဝသည့် တရုတ်မိသားစုတစ်စုမှ ဆင်းသက်ပေါက်ဖွားခဲ့သူဖြစ်သည်။ ၎င်းကို ၁၉၂၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။



လီကွမ်ယူ ကွယ်လွန်သွားသည့် စင်ကာပူအထွေထွေရောဂါကုဆေးရုံရှေ့တွင် လွမ်းသူ့ပန်းခွေချ ဂါရဝပြုနေကြသည့် စင်ကာပူပြည်သူများကို မတ် ၂၃ ရက်က တွေ့ရစဉ်။

လီသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ဗြိတိန်နိုင်ငံ ကိန်းဘရစ်ချ်မြို့ရှိ ဖစ်ဝီလျံကောလိပ်၌ ဥပဒေဘာသာရပ်ကို ဆည်းပူးလေ့လာခဲ့သည်။

လီသည် ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်ရာတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သည်။ ထိုစဉ်က ကိုလိုနီအုပ်ချုပ်မှုစနစ်အရ ဘုရင်ခံနှင့် ဥပဒေပြုကောင်စီတို့ တည်ရှိခဲ့သည်။ ဥပဒေပြုကောင်စီတွင် ပါဝင်သူများမှာ ရွေးချယ်ခံပုဂ္ဂိုလ်များသာ ဖြစ်ခဲ့သည်။

လီသည် ၁၉၅၄ ခုနှစ်တွင် ၎င်း၏နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် ခွဲထွက်ကာ ပါတီသစ်ကို ထူထောင်ခဲ့ရာ ပြည်သူ့အက်ရှင်ပါတီ (People's Action Party) ပေါ်ထွန်းလာခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဖွဲ့စည်းပုံဥပဒေပေါ်ထွန်းလာခဲ့ပြီးနောက် ဥပဒေပြု ကောင်စီရွေးချယ်ပွဲတွင် လီ၏ PAP ပါတီက စတင်ထိုးဖောက်လာနိုင်သည်။ သို့ရာတွင် ကောင်စီဝင်အနည်းစုနေရာကိုသာရရှိခဲ့သည်။

၁၉၅၆ ခုနှစ်တွင် လန်ဒန်သို့ လီသွားရောက်ခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယင်းနောက်တွင် တစ်နှစ်ခန့်မျှ ပြည်တွင်းမငြိမ်မသက်မှုနှင့် တွေ့ကြုံရသည်။

၁၉၅၇ ခုနှစ်တွင် လန်ဒန်သို့ထပ်မံသွားရောက်ခဲ့ပြီး ဆွေးနွေးခဲ့ပြန်ရာ တိုးတက်မှုရရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဆင့်သို့တက်လှမ်းနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း ရေးဆွဲနိုင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ၁၉၅၉ ခုနှစ်တွင် အမျိုးသားရွေးကောက်ပွဲကျင်းပခဲ့သည်။ လီက ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ ကွန်မြူနစ်စနစ်ဆန့်ကျင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဖက်ဒရေးရှင်း ဖွဲ့စည်းရေး၊ လူမှုရေးဘဝမြှင့်တင်ရေးစသည့်ကြွေးကြော်သံများဖြင့် မဲဆွယ်စည်းရုံးခဲ့သည်။

ရွေးကောက်ပွဲတွင် အောင်နိုင်ခဲ့ပြီးနောက် ၁၉၅၉ ခုနှစ် ဇွန် ၅ ရက်တွင် လွတ်လပ်သော စင်ကာပူနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၁၉၆၃ ခုနှစ်တွင် စင်ကာပူ၊ ဆာဘားနှင့် ဆာရာဝပ်တို့သည် မလေးကျွန်းဆွယ်ကြီးကို ကိုယ်စားပြုသော မလေးယားပြည်ထောင်စု (Federation of Malaya) နှင့် ပေါင်းစည်းကာ မလေးရှားနိုင်ငံကို ထူထောင်ခဲ့ကြသည်။

ပေါင်းစည်းမှုမှာ သုံးနှစ်သုံးမိုးမျှသာခံပြီး သဘောကွဲလွဲမှုအချို့ကြောင့် စင်ကာပူပြန်လည်ခွဲထွက်ခဲ့သည်။ ပေါင်းစည်းချိန်တွင် တွေ့ကြုံခံစားခဲ့ရသော ပြဿနာများကို ကောင်းစွာကိုင်တွယ်ကာ နိုင်ငံတည်ငြိမ်မှုရရှိအောင် ထိန်းကျောင်းမောင်းနှင်နိုင်ခဲ့သူမှာ လီဖြစ်သည်။

နိုင်ငံခြားလုပ်သားများ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်ကိုင်နိုင်ပြီး လုပ်အားစွမ်းအားစုကို မြှင့်တင်ပေးနိုင်ရန် စွမ်းဆောင်ခြင်းဖြင့် စီးပွားရေးကို မြှင့်တင်နိုင်သည်။

လူမျိုးခွဲခြားပြီး အခွင့်အရေးအသာပေးမှု မူကို ကျင့်သုံးခြင်းမရှိသော စင်ကာပူနိုင်ငံသည် လူမျိုးပေါင်းစုံငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်မှုနှင့်အတူ စီးပွားရေးဘဝကို မြှင့်တင်အားပေးသည်။ လူမျိုးရေးအရ နိုင်ငံရေးလှုပ်ရှားမှုကို ပိတ်ပင်ခြင်းလည်းမရှိပေ။ အလားတူပင် ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်စသည်တို့တွင်လည်း မျှတမှုပေါ် အခြေခံသည်။ လူမှုရေးတည်ငြိမ်မှုအပေါ်တည်မှီ၍ နိုင်ငံဖွံ့ဖြိုးတိုးတက် စည်ပင်လာသည်။

ပညာတတ်နှင့် ကျွမ်းကျင်မှုရှိသူများကို နိုင်ငံအတွင်း အတည်တကျနေထိုင်နိုင်အောင် ဆွဲဆောင်နိုင်ခဲ့သည်။

ပိုမိုရင့်ကျက်သော လူ့အဖွဲ့အစည်းဖြစ်စေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာစေရန် ဆယ်စုနှစ်များနှင့်ချီ၍ လုပ်ဆောင်ခဲ့ရာတွင် လီကဦးဆောင်ကြိုးပမ်းခဲ့သည်။ စင်ကာပူ၌ အဓိကကျသော အဆုံးအဖြတ်များ ချမှတ်ပေးသည့် ရာထူးနေရာများအနက် ငါးပုံနှစ်ပုံခန့်မှာ စင်ကာပူသား မဟုတ်သူများ ဖြစ်ခဲ့ကြသည်။

နိုင်ငံတကာတွင် လူတစ်လုံး သူတစ်လုံးအဖြစ် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးအတွက် အနာဂတ်ကို မျှော်မြင်ဆောင်ရွက်ကြရန်၊ တီထွင်ကြံဆ တွေးခေါ်တတ်သည့် ဉာဏစွမ်းပကားရှိဖို့ လိုအပ်ကြောင်း လီက ပြောကြားခဲ့ဖူးသည်။

လီ၏ဦးဆောင်မှုနှင့်အတူ စင်ကာပူနိုင်ငံသည် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ကမ္ဘာပေါ်တွင် တစ်ဦးကျဝင်ငွေ အများဆုံးနိုင်ငံ၊ ပညာရေး၊ ကျန်းမာရေးနှင့် အများပြည်သူ ဝန်ဆောင်မှုတို့အရ အရည်အသွေးမြင့်မားသည့် နိုင်ငံအဆင့်အတန်းကို ရရှိလာခဲ့သည်။ နိုင်ငံတကာမှ အလုပ်သမားများကို ဆွဲဆောင်နိုင်ခဲ့ရာ လူဦးရေ ၄ ဒသမ ၅ သန်းအနက် ငါးပုံတစ်ပုံခန့်မှာ နိုင်ငံခြားသားများဖြစ်ကြသည်။

သဘာဝအရင်းအမြစ်များ မရှိသလောက်နည်းပါးလှပြီး ယဉ်ကျေးမှု ပန်းပေါင်းစုံပွင့်လန်းရာ စင်ကာပူနိုင်ငံသည် နိုင်ငံတည်ဆောက်ရာတွင် အခက်အခဲမျိုးစုံကိုဖြတ်သန်း၍ အောင်မြင်မှုရရှိအောင် ကျားကုတ်ကျားခဲ ကြိုးပမ်းခဲ့ရသည်။

မျိုးဆက်သစ်လူငယ်များ ပညာတတ်ကြီးများ ဖြစ်လာစေရန် လီကအားပေးခဲ့သည်။ တတိယကမ္ဘာ၏ ထွန်းသစ်စ အိုအေစစ်နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းကြရန် လီကလူငယ်များအား အားပေးလေ့ရှိသည်။ “ပီကေမစားနဲ့၊ အိမ်ပေါ်က အမှိုက်ပစ်မချနဲ့၊ စံနှုန်းမီ အင်္ဂလိပ်စကားကိုပြော၊ ပြုံးပြုံးရွှင်ရွှင်နေ၊ လူတိုင်းအပေါ် မေတ္တာထား” စသည်ဖြင့် လီက လူငယ်များအား လမ်းညွှန်မှာကြားလေ့ရှိသည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအလယ် ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်ရန်လည်းကောင်း၊ ပြည်တွင်း လုံခြုံရေးကောင်းမွန်ပြီး ကာကွယ်ရေးစွမ်းပကား မြင့်မားစေရန်လည်းကောင်း ကြိုးပမ်းနိုင်ခဲ့သည်။

ကမ္ဘာ့အလယ်တွင် ဥယျာဉ်မြို့တော်အဖြစ်ရပ်တည်ကာ အခြေခံအဆောက်အအုံကို တည်ဆောက်ခဲ့သည်။နိုင်ငံ၏ စီးပွားရေးကို ကမ္ဘာနှင့်ချိတ်ဆက်နိုင်ခဲ့သည်။

စင်ကာပူအစိုးရအဖွဲ့ကို သန့်ရှင်းပြီး စွမ်းဆောင်ရည်မြင့်မားသည့် အစိုးရအဖွဲ့အဖြစ်ရပ်တည်နိုင်စေရန် ဦးတည်ဆောင်ရွက်ခဲ့သည်။ အဂတိလိုက်စားမှုကို ထိထိရောက်ရောက် တိုက်ဖျက်သည်။ ပုဂ္ဂလိကကဏ္ဍမှသည် ပြည်သူ့ပိုင်ကဏ္ဍအထိ စွမ်းဆောင်ရည်မြင့်မားစေရန် အားပေးသည်။ ဦးနှောက်ယိုစီးမှုမဖြစ်ပေါ်စေရန် ပညာရှင်များကို ထိုက်တန်သော လုပ်ခလစာများပေးစေသည်။

နိုင်ငံအခြေအနေနှင့် ကိုက်ညီမှုရှိသော မူဝါဒများကို ရေးဆွဲဆောင်ရွက်သည်။ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြင့်မားတိုးတက်စေရန်လည်း အလေးမူသည်။ စီးပွားရေးဆိုင်ရာ အဆောက်အအုံကို ပြန်လည်ပြုပြင်ခဲ့သည်။ ပြည်သူ့အုပ်ချုပ်ရေးစနစ်၊ လူမှုဖူလုံရေးစနစ်၊ လုပ်အားခသတ်မှတ်ပုံစနစ်၊ စီးပွားရေးပြိုင်ဆိုင်မှုစနစ်တို့အတွက် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များစွာကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးစနစ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ အပြန်အလှန် အမှီသဟဲဖြစ်စေသည်။

သဘာဝသယံဇာတ မရှိသော ကျွန်းနိုင်ငံငယ်လေးဖြစ်သည့် စင်ကာပူနိုင်ငံသည် စီးပွားရေးအရ ပြိုင်ဆိုင်မှုကို ကောင်းစွာပြုလုပ်နိုင်ရန် မူဝါဒများရေးဆွဲချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံသားများ အလုပ်ကြိုးစားလုပ်ကိုင်စေရန် အစဉ်အမြဲ ထိန်းကျောင်းပေးလေ့ရှိသည်။ လုပ်သား၊ ကုန်ကြမ်းနှင့် စက်ကိရိယာများကို အချိုးညီပေါင်းစပ်စေကာ အရည်အသွေးမြင့်ပစ္စည်းများကို စရိတ်သက်သက်သာသာဖြင့်ထုတ်လုပ်ပြီး ပို့ကုန်ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

ဒေသဆိုင်ရာနှင့်နိုင်ငံတကာတွင် ဘဏ္ဍာရေး အချက်အချာဖြင့် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်နိုင်ခဲ့သည်။ ထုတ်လုပ်မှုစွမ်းပကားမြှင့်တင်နိုင်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးကိုဦးစားပေးသည်။ အလုပ်ချိန်ပြင်ပသင်တန်းများ တက်ရောက်စေခြင်း၊ လူမှုဖူလုံရေးစနစ် ကောင်းမွန်စေခြင်း၊ လုပ်ငန်းအပေါ် စေတနာထားကာ အားထည့်အလုပ်လုပ်စေရန် အိုနာစာ ရန်ပုံငွေစနစ် ထူထောင်ပေးခြင်းစသည်တို့ကို တွေ့ရသည်။

နိုင်ငံသားများကြွယ်ဝချမ်းသာမှု၊ လူမှုရေးအရ စည်းကမ်းရှိမှုတို့ဖြင့်ပေါင်းစပ်ကာ ဈေးကွက်စီးပွားရေး အဆောက်အအုံသစ်ကို တည်ဆောက်နိုင်ခဲ့သည်။

လီ၏ပြည်သူ့လှုပ်ရှားမှုပါတီသည် လွတ်လပ်ရေးရရှိပြီးချိန်နောက်ပိုင်း ရွေးကောက်ပွဲအားလုံးတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးဟူသော မူအပေါ်အခြေခံသည်။ စီးပွားရေးလုပ်ငန်းများတွင်သာမက အုပ်ချုပ်ရေးလုပ်ငန်းများတွင်ပါ စွမ်းဆောင်ရည်မြှင့်တင်ရေးမူဝါဒကို ကိုင်စွဲသည်။

စီးပွားရေးစီမံကိန်းစနစ်တကျ ချမှတ်ခဲ့ပြီး ပို့ကုန်ဈေးကွက်ကိုဦးတည်ကာ ကုန်ချောထုတ်လုပ်သည်။ ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ကာ စည်းကမ်းပြည့်ဝသော လုပ်သားများကို ပျိုးထောင်ပေးသည်။

လီကွမ်ယူသည် စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီး **(Senior Minister)**အဖြစ် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ် ဩဂုတ်လအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းနောက်တွင် **(Minister Mentor)** အဖြစ် ၂၀၀၄ ခုနှစ် ဩဂုတ်လမှ ၂၀၁၁ ခုနှစ် မေလ ၂၁ ရက်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူးမှဆင်းပေးခဲ့ပြီးနောက် ဝါရင့်ဝန်ကြီးအဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။ လီသည် ကမ္ဘာတစ်ခွင်ထင်ပေါ်ကျော်ကြားသော နိုင်ငံအုပ်ချုပ်သူတစ်ဦးအဖြစ် ကာလသမနိရှည်ကြာစွာ ထမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ အစိုးရအဖွဲ့တွင် ရာစုနှစ် ထက်ဝက်ခန့်မျှ တာဝန်ယူခဲ့သူလီသည် ပြည်သူများ၏ချစ်ခင်လေးစားမှုကိုရရှိသော နိုင်ငံရေးသမားတစ်ဦး၏ပုံရိပ်လွှာကိုဖော်ကျူးနိုင်သူဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

# မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ (က) မြေသြဇာဥပဒေတွင်ပါရှိသော "မန်နေဂျာ"ဆိုသည့် စကားရပ်ကို "ဦးစီးမှူး"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။
(ခ) မြေသြဇာဥပဒေတွင်ပါရှိသော "စစ်ဆေးရေးမှူး"ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးအဖွဲ့"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။
(ဂ) မြေသြဇာဥပဒေတွင်ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။
(ဃ) ပုဒ်မ၄၊ ပုဒ်မခွဲ (က)တွင်ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေပုဒ်မ ၂ တွင် -
(က) ပုဒ်မခွဲ(င)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(င) **စံချိန်စံညွှန်း**ဆိုသည်မှာသက်ဆိုင်ရာမြေသြဇာတွင်ပါဝင်ရမည့်အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်သော အနည်းဆုံးပါဝင်ရမည့်အချိုးအစားနှင့် အရည်အသွေးစံသတ်မှတ်ချက်ကိုဆိုသည်။"
(ခ) ပုဒ်မခွဲ(ဍ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(ဍ) **လိုင်စင်**ဆိုသည်မှာ မြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်းသို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်။"
(ဂ) ပုဒ်မခွဲ(ဏ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(ဏ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာပုဒ်မ ၂၂ အရ စိုက်ပျိုးရေးဦးစီးဌာနကတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။"

၄။ မြေသြဇာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(ခ) မြေသြဇာ၏ စံချိန်စံညွှန်းကိုသတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြလာသော မြေသြဇာနမူနာဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်နှင့်စပ်လျဉ်း၍ မြေသြဇာစံချိန်စံညွှန်းနှင့်ညီ မညီအဆုံးအဖြတ်ပေးခြင်း၊"

၅။ မြေသြဇာဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(က) မြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၆။ မြေသြဇာဥပဒေပုဒ်မ ၁၆ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"၁၆။ မြေသြဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေသြဇာထုပ်ပိုးသို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကိုဖော်ပြရမည်-
(က) တင်သွင်း၊ ထုတ်လုပ်မှတ်ပုံတင်လက်မှတ်အမှတ်၊
(ခ) အမှတ်တံဆိပ်၊
(ဂ) မြေသြဇာ၏ အသားတင်အလေးချိန်၊
(ဃ) အရည်အသွေးအာမခံချက်၊
(င) မြေသြဇာတွင်ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊
(စ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်၊
(ဆ) မြန်မာဘာသာဖြင့်ဖော်ပြထားသော သုံးစွဲရန်အညွှန်းစာနှင့် သတိပြုရန်အချက်များ။"

၇။ မြေသြဇာဥပဒေပုဒ်မ ၁၇ ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များဖော်ပြထားသော မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မြေသြဇာကိုသာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုရမည်။"

၈။ မြေသြဇာဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီအနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၉။ မြေသြဇာဥပဒေပုဒ်မ ၂၂ ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်-
(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-
(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေအသုံးချရေး တာဝန်ခံအဖွဲ့ခေါင်းဆောင်
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးကတာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦးအဖွဲ့ဝင်များ
(ခ) ခရိုင်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-
(၁) ခရိုင်မြေအသုံးချရေး တာဝန်ခံအဖွဲ့ခေါင်းဆောင်
(၂) ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦးအဖွဲ့ဝင်များ
(ဂ) မြို့နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-
(၁) မြို့နယ်ဦးစီးမှူးအဖွဲ့ခေါင်းဆောင်
(၂) မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦးအဖွဲ့ဝင်များ"

၁၀။ မြေသြဇာဥပဒေပုဒ်မ ၂၃တွင်-
(က) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(ခ) မြေသြဇာကိုစံချိန်စံညွှန်းနှင့်ညီ မညီစစ်ဆေးရန် မြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်တို့ကို မြေအသုံးချရေးဌာနခွဲသို့ ဆက်လက်တင်ပြခြင်း၊"
(ခ) ပုဒ်မခွဲ(ဃ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(ဃ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း၊"

၁၁။ မြေသြဇာဥပဒေပုဒ်မ ၂၆ တွင်-
(က) ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-
"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊"
(ခ) ပုဒ်မခွဲ(ခ)ကိုပယ်ဖျက်ရမည်။

၁၂။ မြေသြဇာဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -
"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ်ဆုံးဖြတ်ချက်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ အယူခံနိုင်သည်။"

၁၃။ မြေသြဇာဥပဒေ ပုဒ်မ ၃၂တွင်ပါရှိသော "ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း"ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၁၄။ မြေသြဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၅၀၀၀၀ အထိဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀ သိန်းအထိဖြစ်စေ၊"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြေသြဇာဥပဒေပုဒ်မ၃၇ တွင်ပါရှိသော "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊"ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ၊" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သကြၤန်ကာလ မူးယစ်အန္တရာယ် အသိပညာပေးဟောပြော

**ကျောက်တန်း မတ် ၂၃**

သင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းချမှု မရှိစေရေး အသိပညာပေးဟောပြောပွဲကို ကျောက်တန်းမြို့နယ် မူး/စိတ်တားအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးက ဦးဆောင်၍ မတ် ၂၃ ရက် နံနက် ၉ နာရီက ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးက မှုခင်းကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မူးယစ်တပ်စု(၄၃)မှ ဒုရဲမှူးသိန်းလွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၊ သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေး အသိပညာပေးဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ ကျောက်တန်းမြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်း၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းသားလူငယ်များ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(ကိုထက်)**



# နှိုးဆော်ချက်

၁။ တောင်သူလယ်သမားကြီးများ သုံးစွဲနေသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများတွင် အညွှန်းစာများအား ဓာတ်မြေသြဇာဥပဒေ ပုဒ်မ(၃၁) အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေ ပုဒ်မ(၃၄) အရ လည်းကောင်း၊ တောင်သူလယ်သမားများ နားလည်လွယ်သော မြန်မာစာ စာသားများဖြင့် ရေးသားဖော်ပြပေးရန် သတ်မှတ်ပြဋ္ဌာန်းထားရှိပါသည်။

၂။ အချို့ကုမ္ပဏီများမှာ မြေသြဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ပြီးဖြစ်သော်လည်း တင်သွင်းနေသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများတွင် မူရင်းနိုင်ငံခြားဘာသာစာသားများအတိုင်းသာ ဖော်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ အချို့ကုမ္ပဏီများမှာမူ မြေသြဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ **မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာ စာသားဖြင့် ရေးသားဖော်ပြထားခြင်းမရှိသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ခြင်း ဖျက်သိမ်းမည်ဖြစ်ပြီး၊ မှတ်ပုံတင်ထားရှိခြင်းမရှိသေးသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိရပါက ဓာတ်မြေသြဇာဥပဒေ ပုဒ်မ(၃၆)အရ လည်းကောင်း၊ ပိုးသတ်ဆေးဥပဒေ ပုဒ်မ(၄၃)အရလည်းကောင်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**




## ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း (Combined Fleet Exercise) ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်

တပ်မတော်(ရေ)စစ်ရေယာဉ်များသည် မတ် ၂၇ ရက်မှ ဧပြီ ၆ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များလေ့ကျင့်ပစ်ခတ်ခြင်းများကို မာန်အောင်ကျွန်းအနောက်ဘက်ရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point AA မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ်၊ Point BB မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ်၊ Point CC မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ်၊ Point DD မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ် စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာကို သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်သည်။

သို့ဖြစ်ပါ၍လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာအပ်ပါသည်။

(သတင်းစဉ်)

## အာဆီယံ၏တစ်ခုတည်းသော လေကြောင်းဈေးကွက်ဖြစ်ပေါ်လာပါက လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်းလိုင်း အသိအမှတ်ပြုကိစ္စရပ်များ ကောင်းမွန်လာမည်

**ရန်ကုန် မတ် ၂၃**

၂၀၁၅ ခုနှစ် ASEAN Open Skies Policy နှင့်အတူ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းဈေးကွက်ကို ဖော်ဆောင်တော့မည်ဖြစ်ရာ လေယာဉ်မှူး (Pilot)များ၏ လိုင်စင်ကိစ္စရပ်များ၊ လေကြောင်းလိုင်း အသိအမှတ်ပြုလက်မှတ် (AOC)ဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပိုမိုကောင်းမွန်သည့်အခြေအနေ ဖြစ်လာတော့မည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ပြောသည်။

ယခုလက်ရှိတွင် လေယာဉ်မှူးများအတွက် ပျံသန်းချိန်နာရီသတ်မှတ်ချက်၊ ကျန်းမာရေး၊ အင်္ဂလိပ်စာအရည်အချင်း၊ လေကြောင်းဘာသာရပ်စစ်ဆေးမှုများ သင်တန်းအောင်မြင်ရန်အားလုံးသည် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation of Organization)၏ စံသတ်မှတ်ချက်များအတိုင်း အောင်မှတ်သတ်မှတ်ကာ လိုင်စင်ပေးလျက်ရှိသည်။

သို့သော် ICAO အဖွဲ့က လာရောက်စစ်ဆေးကာ စံချိန်စံညွှန်းနှင့်တိုင်းတာပြီး ကိုက်ညီပါမှ ယင်းကဲ့သို့ လိုင်စင်ထုတ်ပေးခြင်းကို အသိအမှတ်ပြုလျက်ရှိရာ မြန်မာနိုင်ငံသာမက အခြားနိုင်ငံများတွင်လည်း ယခုကဲ့သို့ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ လေယာဉ်မှူးလိုင်စင် စာမေးပွဲတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖြေဆိုရသည့် ဘာသာရပ်တူသော်လည်း သင်ရိုးကွာခြားချက်နှင့် စစ်မေးပုံကွာခြားချက်ရှိနိုင်သည်။

"ကိုယ့်နိုင်ငံက လိုင်စင်ကိုင်ပြီး ကိုယ့်ပြည်တွင်းလေယာဉ်မှာ မောင်းနေသမျှကတော့ အဆင်ပြေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် တစ်နိုင်ငံကထုတ်ပေးလိုက်သည့် လိုင်စင်ကို အခြားနိုင်ငံတွင် တိုက်ရိုက်အသုံးပြု၍မရဘဲ ထိုနိုင်ငံ၏ လေကြောင်းနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဘာသာရပ်များကို ထပ်မံဖြေဆိုပြီးမှ မူလလိုင်စင်ကို အသိအမှတ်ပြုခြင်း၊ လိုင်စင်အသစ် ပြောင်းလဲထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံက ထုတ်ပေးသည့် လိုင်စင်၊ သွားရောက်မောင်းမည့် နိုင်ငံက သတ်မှတ်သည့်ဘာသာရပ်ဖြေဆိုအောင်မြင်မှု နှစ်ခုပေါင်းကာ အသိအမှတ်ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဩစတြေးလျ၊ ယူကေအစရှိသဖြင့် အခြားနိုင်ငံက ထုတ်ပေးလိုက်သည့်လိုင်စင်ကို မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများအရ အခြားလိုင်စင်များကို အသိအမှတ်ပြုပေးခြင်း၊ မူလလိုင်စင်များကို အခြေခံပြီး မြန်မာလိုင်စင်ကို အသွင်ပြောင်းခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် လေကြောင်းလိုင်း အသိအမှတ်ပြုလက်မှတ် (AOC)သည် အလွန်အရေးပါသည်။ လက်ရှိတွင် AOC ထုတ်ပေးသည့် လုပ်ထုံးလုပ်နည်းနှင့်စံချိန်စံညွှန်းများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြားအနည်းငယ် ကွဲပြားနေသော်လည်း အာဆီယံတစ်ခုတည်းသော လေကြောင်း ပို့ဆောင်ရေးဈေးကွက်ဖြစ်ပေါ်လာပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တစ်ပြေးညီချမှတ်ကျင့်သုံးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မည်ဟုလည်း သိရသည်။

အာဆီယံတစ်ခုတည်းသော ဈေးကွက်ဖြစ်လာပါက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ထုတ်ပေးထားသည့် လေယာဉ်မှူးလိုင်စင်များ၊ AOC များ၊ အခြားလေကြောင်း လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို အခြားအဖွဲ့ဝင်တစ်နိုင်ငံက ထပ်မံစစ်ဆေးခြင်း မပြုလုပ်တော့ဘဲ အသိအမှတ်ပြုသွားမည်ဖြစ်သဖြင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် အကျိုးကျေးဇူးများရရှိလာတော့မည်ဖြစ်သည်။

"ဘယ်နိုင်ငံသွားဖြေဖြေ မေးခွန်းပုံစံကတူမယ်။ စစ်ဆေးပုံကလည်း ဒီအတိုင်းပဲ စစ်ဆေးမယ်။ ကျန်းမာရေးဆိုလည်း မြန်မာနိုင်ငံက လေကြောင်းဆရာဝန်က စစ်ထားတဲ့ အဖြေကို လက်ခံမယ်။ ဘယ်မှာ ဖြေဖြေအတူတူပဲ။ ဘာမှ ထပ်မံမမေးတော့ဘူး။ တစ်နိုင်ငံတည်း၊ တစ်စုတည်း၊ တစ်ခုတည်းအဖြစ် ဆောင်ရွက်မှာဖြစ်တဲ့အတွက် ပိုကောင်းတဲ့ အခွင့်အရေးအဖြစ် အကျိုးရှိမှာဖြစ်ပါတယ်။ အဲဒီလို မြန်ဆန်ချောမွေ့စေဖို့ အာဆီယံတစ်ခုတည်းသော ဈေးကွက်ပြုလုပ်တာဖြစ်ပါတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။




ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်း။

မြန်မာနိုင်ငံ၌ ယခုအချိန်တွင် ပြည်တွင်းလေကြောင်းလိုင်း ၁၀ လိုင်းနှင့် အခြားနိုင်ငံများမှ ဝင်/ထွက်နေသည့် ပြည်ပလေကြောင်းလိုင်း ၂၄ လိုင်းရှိနေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစကာ (၆၇)နှစ်တိုင်ရပ်တည်လာခဲ့သည့် မြန်မာ့လေကြောင်းကို မြန်မာအမျိုးသားလေကြောင်းအဖြစ် အမည်ပြောင်းလဲပြီး ယခုအခါ ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် ရပ်တည် ဆောင်ရွက်နေသည်။ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လေကြောင်းသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် မြန်မာအမျိုးသား လေကြောင်းဥပဒေကို ပြဋ္ဌာန်းကာ ပြည်တွင်းခရီးစဉ်များတွင် ခေတ်မီနည်းစနစ်၊ ဝန်ဆောင်မှုများဖြင့် ပြောင်းလဲခဲ့သည်။

(နန္ဒာဝင်း)

## ပိဿာချိန် ၁၁၀၀၀ ကျော် အလေးချိန်ရှိသည့် ကြေးခေါင်းလောင်းတော်ကြီး သွန်းလောင်း

**မန္တလေး မတ် ၂၃**

မန္တလေး တမ္ပဝတီ(ကြေးသွန်းခတ်တန်း)တွင် ပိဿာချိန် ၁၁၀၀၀ ကျော်ရှိ ခေါင်းလောင်းကြီးကို မတ် ၂၀ ရက်က ကြေးသွန်းပညာရှင်အင်အား ၃၀၀ ကျော်ဖြင့် တစ်ညလုံးအရည်ကျိုသွန်းလောင်း၍ ၁၅ ရက်ခန့် မြေအောက်ထားရှိပြီးမှ အချောကိုင်အဆင့်လုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

မသွန်းလောင်းမီ ပေ ၂၀ ပတ်လည်နှင့် အနက် ၁၀ ပေရှိ မြေကျင်းထဲတွင် သံဖရိန်အဆင့်၊ မြေကိုင်၊ ဖယောင်းတင်၊ မြေပုံဖမ်းစသည့် အဆင့်ဆင့်တို့ကို ရှစ်လကြာပြင်ဆင်ပြီးနောက် ကြေးပိဿာချိန် ၁၄၀၀၀ ခန့်အသုံးပြုသွန်းလောင်းခြင်းဖြစ်သည်။ "သာယာဝတီမင်းကုသိုလ် ခေါင်းလောင်းပုံနမူနာယူထားတယ်။ ၁၉ ရက်နေ့ညပိုင်းမှာ ကြေးသွန်းပညာရှင် ၃၀၀ ကျော်က ကြေးရည်ကျိုတဲ့ မီးဖို ၃၂ ဖိုနဲ့တစ်ညလုံး ကျိုတယ်။ မနက်မှာ နေ့ချင်းပြီးသွန်းလောင်းပါတယ်" ဟု ခေါင်းလောင်း သွန်းလောင်းသူ ဦးသန်းမောင်ကပြောသည်။

အဆိုပါခေါင်းလောင်းတော်ကြီးကို "နိတ်ဘူတမဟာသီတလ" ဘွဲ့မည်ဖြင့် ထားဝယ်မြို့ ရွှေတောင်စား စေတီတော် ပရိဝုဏ်တွင် ၂၅၀ နှစ်မြောက်အဖြစ်ထားရှိမည်ဖြစ်၍ ကြေးပိဿာချိန် ၁၁၀၀၀ ကျော်ဖြစ်ပြီး ခေါင်းလောင်းအဝ ၇ ပေနှင့် ၆ လက်မ ကျယ်ဝန်း၍ နှုတ်ခမ်းသားအထု ၁၁ လက်မနှင့်အမြင့် ၁၇ ပေရှိကြောင်း သိရသည်။

မန္တလေးမြို့ တမ္ပဝတီရပ်ကွက်သည် အစဉ်အဆက် ရုပ်ပွားတော်များ၊ အခြားရုပ်တုများ၊ ခေါင်းလောင်းကြီးများ စသည်တို့ကို မြန်မာ့ရိုးရာကြေးသွန်းအတတ်ပညာဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ ဝိုင်းဝန်းကူညီကြေးသွန်းခြင်းမှာလည်း ရှေးအစဉ်အလာအတိုင်း ပညာရှင်များက ကူညီသွန်းလောင်းလေ့ရှိကြောင်း သိရသည်။ မြန်မာမှုကြေးသွန်း ပညာရှင်တစ်ဦးက ပြောကြားရာတွင် ကြီးမားသည့် ကြေးသွန်းမှုများတွင် တစ်ဦးတည်း လုပ်ဆောင်ရန်ခဲယဉ်းသဖြင့် ကြေးသွန်းပညာရှင်များအား လိုအပ်သလောက်ဖိတ်ကြားကာ အရည်ကျိုသွန်းလောင်းသည့် ဓလေ့ထုံးစံရှိသည်ဟု ဆိုသည်။

"အများလှူတဲ့ ကြေးတွေကို သန့်ရှင်းအောင် ပြန်ပြီးသန့်စင်ထားရတယ်။ ပိဿာချိန် ၁၀၀၀၀ လုပ်မယ်ဆိုရင် ကြေးပိဿာ ၁၄၀၀၀ လောက်နဲ့လုပ်ရတာ။ ခုခေါင်းလောင်းကြီးကို ခုနစ်နာရီ လောက်ကြာအောင် ကျိုပြီး ပုံစံထဲသွန်းလောင်းတော့ လေးနာရီကျော်ကြာပါတယ်" ဟု ကြေးသွန်းပညာရှင်က ပြောသည်။

တမ္ပဝတီရပ်တွင် သွန်းလောင်းခဲ့ပြီးသည့် ခေါင်းလောင်းများတွင် ကြေးပိဿာချိန် ၁၀၀၀၀ ကျော် နှစ်ခုနှင့် ပိဿာချိန် ၅၀၀၀ ကျော် တစ်ခုတို့ရှိခဲ့ပြီး ယခုခေါင်းလောင်းမှာ ယခင်သွန်းလောင်းခဲ့စဉ်က အားနည်းချက်များကို ပြုပြင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လွန်ခဲ့သည့် ရှစ်လက စတင်ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

(အောင်သန့်ခိုင်)



☆ စာမျက်နှာ ၆ မှ

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။ အရေးအကြီးဆုံးအချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပင်ဖြစ်သည်။ ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ ဥပဒေနှင့်အညီဖြစ်တည်စေရေးတို့သည် အထူးအလေးပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် သန်း ၅၀ ကျော်သော ပြည်သူများ၏ တူညီသောအဓိကဆန္ဒနှစ်ခုမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ ပြည်သူများ၏ တူညီသည့်ဆန္ဒနှစ်ခုသည် မိမိတို့အစိုးရ၏ ရည်ရွယ်ချက်ပင်ဖြစ်ပြီး ထိုရည်ရွယ်ချက်နှစ်ခုအောင်မြင်အောင် အကောင်အထည်ဖော်ရေးသည် မိမိတို့ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံရေးတည်ငြိမ်စေရန်၊ နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်စေရန်နှင့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးပြောင်းလဲမှုများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားနိုင်ရန်အတွက် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း စသည်ဖြင့် နိုင်ငံအတွင်းလှည့်လည်သော ခရီးစဉ်များတွင် နိုင်ငံတော်သမ္မတကြီးက အလျဉ်းသင့်သလို ထည့်သွင်းပြောကြားခဲ့သဖြင့် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို ရုပ်မြင်သံကြား မီဒီယာများမှတစ်ဆင့် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် လုပ်ဆောင်ချက်များကို လူတိုင်းသိရှိနိုင်ကြပြီဖြစ်သည်။

ပြည်သူကြားမှပေါက်ဖွားလာသော ပြည်ထောင်စုတပ်မတော်အနေဖြင့် အမျိုးသားလုံခြုံရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရာ၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့တွင် စုစည်းညီညွတ်စွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

# လီကွမ်ယူ ကွယ်လွန်၊ ကမ္ဘာတစ်ဝန်းမှ နိုင်ငံ့ခေါင်းဆောင်များက ဝမ်းနည်းကြောင်းပြောဆို



**စင်ကာပူ မတ် ၂၃**

စင်ကာပူနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၆၅ ခုနှစ်တွင် ပထမဆုံးဝန်ကြီးချုပ် ဖြစ်ခဲ့သည့် မစ္စတာလီကွမ်ယူသည် မတ် ၂၃ ရက် နံနက်ပိုင်းက အသက် (၉၁)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

လီကွမ်ယူ၏ သားဖြစ်သူ လက်ရှိစင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက စင်ကာပူနိုင်ငံကို တည်ထောင်ခဲ့သူ မစ္စတာလီကွမ်ယူ ကွယ်လွန်ကြောင်း ဝမ်းနည်းကြေကွဲစွာ ထုတ်ပြန်ကြေညာခဲ့သည်။ မစ္စတာ လီသည် စင်ကာပူအထွေထွေ ရောဂါကုဆေးရုံတွင် ယနေ့နံနက် ၃ နာရီ ၁၈ မိနစ်ခန့်က ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် (၉၁)နှစ်ရှိပြီဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

စင်ကာပူပြည်သူများ၏ ဂါရဝပြုနှုတ်ဆက်သည့်အစီအစဉ်များနှင့် ဈာပနအစီအစဉ်များကို ထပ်မံကြေညာသွားမည်ဖြစ်သည်။ မစ္စတာလီ ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အနေဖြင့် စင်ကာပူနိုင်ငံတွင် မတ် ၂၃ ရက်က နိုင်ငံတော်အလံကို တိုင်တစ်ဝက်သာ လွှင့်ထူခဲ့သည်ကို တွေ့ရသည်။

မစ္စတာလီသည် ကွယ်လွန်ချိန်၌ သားနှစ်ဦးဖြစ်သည့် လီရှန်လွန်းနှင့် လီရှန်ယန်း၊ သမီးတစ်ဦးဖြစ်သည့် လီဝေလင်းတို့ ကျန်ရစ်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က လီကွမ်ယူသည် နိုင်ငံတကာအသိုင်းအဝိုင်းက လေးစားရသည့် အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံ၏ မိတ်ဆွေဟောင်းတစ်ဦးဖြစ်သည်ဟု ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မစ္စတာလီသည် အာရှထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး သူ့အတွက် အမြဲတမ်းဂုဏ်ယူနေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက လီကွမ်ယူသည် အမြော်အမြင်ကြီးသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး ခေါင်းဆောင်များအကြား ခြင်္သေ့တစ်ကောင်ကဲ့သို့ ရဲရင့်သူတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက လီကွမ်ယူသည် ခေါင်းဆောင်ကောင်း တစ်ယောက်အဖြစ်သာမကဘဲ ခေတ်သစ်ကမ္ဘာ၏ အထင်ရှားဆုံးနိုင်ငံရေးသမားတစ်ယောက်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက မစ္စတာလီသည် ၁၉၆၅ ခုနှစ် စင်ကာပူလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အမြင်ထက်သန်စွာဖြင့် ဦးဆောင်ခဲ့ပြီး ယနေ့ခေတ် ကမ္ဘာပေါ်မှာ အကြွယ်ဝအစည်ပင်ဆုံး နိုင်ငံတစ်ခုဖြစ်အောင် တည်ဆောက်ပေးခဲ့သူဖြစ်ကြောင်း၊ ပြည်သူအတွက် အလုံးစုံနှစ်မြှုပ်အလုပ်အကျွေးပြုခဲ့သည့် အထင်ကရခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ဆိုသည်။

မစ္စတာလီ ကွယ်လွန်သွားခဲ့သည့်အတွက် အမေရိကန်သမ္မတဟောင်း ဂျော့ဂ်ျဒဗလျူဘုရှ်၊ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ အာရှနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ အစိုးရ အဖွဲ့ဝင်အကြီးအကဲများ၊ ကမ္ဘာ့အဖွဲ့အစည်းများနှင့် အာရှအဖွဲ့အစည်းများက ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြသည်။

**ချန်နယ်နယူးအေးရှား။**

# ကျေးရွာ ၁၀၀၀ ခန့်ကို ရေရရှိအောင် စွမ်းဆောင်ပေးသော အိန္ဒိယအမျိုးသား နိုဘယ်လ်ဆုရရှိ

**မွမ်ဘိုင်း မတ် ၂၃**

အိန္ဒိယနိုင်ငံ ရာဂျာစတန်ပြည်နယ်ရှိ ကျေးရွာ ၁၀၀၀ ခန့်ကို ရေရရှိစေရန် ဆောင်ရွက်ပေးခဲ့သည့် အိန္ဒိယအမျိုးသားတစ်ဦးအား ဆွီဒင်အစိုးရက နိုဘယ်လ်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရာဂျင်ဒရာဆင်းဂ်၏ ရေရရှိရေးနည်းလမ်းများသည် ရေကြီးမှုဘေးကို ကာကွယ်နိုင်သည့်အပြင် မြစ်ချောင်းများကို မပျက်စီးအောင် ထိန်းသိမ်းပေးနိုင်ကြောင်း စတော့ဟုမ်း ရေအရင်းအမြစ်စွမ်းဆောင်နိုင်ရည်ဆု၏ အကဲဖြတ်အဖွဲ့ကဆိုသည်။

ရာဂျင်ဒရာဆင်းဂ်ကို ‘အိန္ဒိယရဲ့ရေလူသား’ ဟု အိန္ဒိယဘာသာစကားဖြင့် တင်စားခေါ်ဆိုကြသည်။

ရာဆင်းဂ်က အိန္ဒိယလူမျိုးများ၏ ရှေးဟောင်းနည်းလမ်းတစ်ခုဖြစ်သည့် မိုးရေကို သိုလှောင်သောနည်းစနစ်ကို ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်အသုံးပြုသည်။ သူ၏နည်းလမ်းသည် ရိုးရှင်းပြီး ငွေအကုန်အကျသက်သာစေသည်ဟု အကဲဖြတ်အဖွဲ့ကဆက်လက်ပြောသည်။

ဆရာဝန်တစ်ဦးအနေဖြင့် တာဝန်အရ ကျေးရွာတစ်ရွာသို့ သွားရောက်ခဲ့သည့်အချိန်တွင် လူတွေရဲ့အဓိကလိုအပ်ချက်သည် ‘ကျန်းမာရေးစောင့်ရှောက်မှု’ မဟုတ်ဘဲ ‘ရေ’ သည်သာ အဓိကလိုအပ်ချက်ဖြစ်သည်ကို သိခဲ့ရကြောင်း ရာဆင်းဂ်ျကပြောသည်။

‘ရေရှားပါးတဲ့နေရာတွေမှာ ရေရရှိအောင် လုပ်ဆောင်ပေးဖို့က ကျွန်တော့်ရည်မှန်းချက်ပန်းတိုင်ပါပဲ’ ဟု ၎င်းကဆိုသည်။

‘သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေက တကယ်ကို အရေးပါတယ်။ ရာသီစက်ဝန်းပြောင်းလဲမှုက သဘာဝဘေးအန္တရာယ်တွေကိုတားဆီးနိုင်တယ်’ ဟု စတော့ဟုမ်းနိုင်ငံတကာ အင်စတီကျူက ပြောသည်။

ရာဆင်းဂ်ျပါဝင်သည့် ‘တာရန်ဘာရက်ဆန်ခ်ျ’ အဖွဲ့အစည်းသည် မိုးရေသိုလှောင်ရာတွင် အသုံးပြုသည့် မိရိုးဖလာနည်းလမ်းများကို အသုံးပြုပြီး နိုင်ငံအတွင်းရှိ ရေလမ်းကြောင်းများကို ပျက်စီးယိုယွင်းခြင်းမှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။



ရာဆင်းဂ်ျက ရာဂျာစတန်ပြည်နယ်အတွင်းရှိ မြစ်ငါးစင်းကို ပျက်စီးယိုယွင်းမှုမှ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ရွာသားများ၏အကူအညီဖြင့် ဆည်များနှင့် မိုးရေလှောင်ကန် ၈၆၀၀ခန့်ကို တည်ဆောက်ခဲ့သည်။

ရာဆင်းဂ်ျ၏လုပ်ဆောင်ချက်များ ပိုမိုအထမြောက်စေရန်အတွက် ဆွီဒင်ဘုရင်က အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ကို ဩဂုတ် ၂၆ ရက်တွင်ဆုငွေအဖြစ်ပေးအပ်မည်ဖြစ်သည်။

**ဘီဘီစီ။**

# အီဂျစ်၊ အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံတို့ နိုင်းလ်မြစ် ရေကာတာတည်ဆောက်ရေး သဘောတူ

**ခါတွန် မတ် ၂၃**

အီဂျစ်၊ ဆူဒန်နှင့် အီသီယိုးပီးယားနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များသည် အီသီယိုးပီးယားနိုင်ငံက နိုင်းလ်မြစ်လက်တက်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းနှင့် ပတ်သက်သည့် စည်းမျဉ်းဥပဒေများထုတ်ပြန်ကြေညာချက်ကို သဘောတူကြောင်း မတ် ၂၃ ရက်တွင် လက်မှတ်ရေးထိုးလိုက်သည်။

အီဂျစ်နိုင်ငံသည် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများနှင့် သောက်သုံးရေအတွက် နိုင်းလ်မြစ်ကို အဓိကမှီခိုအားထားနေရသည်။ ရေကာတာတည်ဆောက်မှုကြောင့် အီဂျစ်နိုင်ငံ၏ တိုးပွားလာသည့် လူဦးရေအတွက် မြစ်ရေသိသိသာသာ ပြတ်တောက်မှုမရှိစေရဟူသည့် အာမခံချက်ကို ရယူတောင်းဆိုခဲ့သည်။

**အေပီ။**



# ပါကစ္စတန်က ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ် ထုတ်ဖော်ပြသ

**အစ္စလာမ္မာဘတ် မတ် ၂၃**

ပါကစ္စတန်နိုင်ငံက ၎င်း၏ပြည်တွင်း၌ ထုတ်လုပ်သည့် လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်ကို ယနေ့ ထုတ်ဖော်ပြသခဲ့သည်။

ယနေ့ကျင်းပသော ပါကစ္စတန်၏ အမျိုးသားနေ့ စစ်ရေးပြအခမ်းအနားတွင် အဆိုပါ မောင်းသူမဲ့လေယာဉ်ကို ပြည်သူတို့အား မိတ်ဆက်ပြသခဲ့ခြင်းဖြစ်သည်။

ယင်းမောင်းသူမဲ့လေယာဉ်အား အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုများနှင့် တိုက်ခိုက်နေရသော စစ်ပွဲများတွင် အသုံးပြုရမည့် အဓိကလက်နက်တစ်ခုအဖြစ် တာဝန်ရှိသူများက ကြိုဆိုလိုက်သည်။

၎င်းစစ်ရေးပြအခမ်းအနားကို အကြမ်းဖက်တိုက်ခိုက်သူများ၏ရန်အား စိုးရိမ်သဖြင့် မကျင်းပခဲ့သည်မှာ ခုနစ်နှစ်ကြာခဲ့ပြီ ဖြစ်သည်။

ဝန်ကြီးချုပ် နဝပ်ရှာရစ်ဖ်၊ သမ္မတ မာမွတ်ဟူစိန်နှင့် စစ်ဘက်အကြီးအကဲ ရာမီးလ်ရှရစ်တို့သည် အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မောင်းသူမဲ့လေယာဉ်များ ဝေဟင်၌ ပျံသန်းပြသည့်အခါ အားပေးနေပုံကို ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။

အာဖဂန်နယ်စပ်ဒေသတစ်လျှောက် မျိုးနွယ်စုတို့၏ နယ်မြေတွင် ခိုအောင်းနေသော အစ္စလာမ္မစ်စစ်သွေးကြွများနှင့် ပါကစ္စတန်တပ်ဖွဲ့များ တိုက်ခိုက်လျက်ရှိသည်မှာ ငါးနှစ်ကြာခဲ့ပြီဖြစ်သည်။

**အေပီ။**

# အိန္ဒိယနှင့် တရုတ်နယ်စပ်အငြင်းပွားမှု ဖြေရှင်းရန် တွေ့ဆုံဆွေးနွေး

**နယူးဒေလီ မတ် ၂၃**

အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိများသည် နယ်စပ်အငြင်းပွားမှုကိုဖြေရှင်းရန် ရည်ရွယ်လျက် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် တွေ့ဆုံဆွေးနွေးလျက်ရှိကြသည်။

ဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ အာဏာရရှိလာခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဆွေးနွေးခြင်းဖြစ်သည်။

တရုတ်နိုင်ငံဘက်မှ အထူးကိုယ်စားလှယ် ယန်ကျဲချီနှင့် အိန္ဒိယနိုင်ငံဘက်မှ အမျိုးသားလုံခြုံရေးအကြံပေး အေဂျစ်ဒိုဘဲလ်တို့ ဦးဆောင်ဆွေးနွေးကြသည်။

ဝန်ကြီးချုပ်မိုဒီသည် မေလ၌ ပေကျင်းသို့အလည်အပတ်မသွားရောက်မီ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ယင်းဆွေးနွေးပွဲက ကြိုးပမ်းခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် လက်ရှိတည်နေသော နယ်စပ်တွင် ၎င်းနှစ်နိုင်ငံသည် ရက်သတ္တနှစ်ပတ်ကြာ တင်းမာစွာ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသည်။

၎င်းနှစ်နိုင်ငံသည် မိုင်ပေါင်း ၂၅၂၀ ရှည်လျားစွာ နယ်စပ်ချင်းထိတွေ့လျက်ရှိပြီး ၁၉၆၂ ခုနှစ်တွင် ရေတိုစစ်ပွဲတစ်ပွဲ တိုက်ခိုက်ခဲ့ကြသည်။

တင်းမာမှုများ မကြာခဏ ပေါ်ပေါက်လျက်ရှိပြီး နယ်စပ်ဖြေရှင်းရေးဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပခဲ့ကြသော်လည်း ယခုအချိန်အထိ အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။ နယူးဒေလီမြို့၌ နောက်ဆုံးကျင်းပသည့် ဆွေးနွေးပွဲမှာ (၁၈)ကြိမ်မြောက် ဖြစ်သည်။

လွန်ခဲ့သည့် နွေရာသီ၌ ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်စဉ် မိုဒီက ၎င်း၏ဆန္ဒမှာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်လိုကြောင်း ပြောကြားခဲ့ပြီး နယ်စပ်ပြဿနာကို ဆောလျင်စွာဖြေရှင်းရေး တောင်းဆိုခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ငြိမ်းချမ်းရေး ဆက်လက်တည်မြဲရန် အိန္ဒိယနှင့် လက်တွဲဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**

## ကော့သောင်း-ဘုတ်ပြင်း ခရီးသည်တင်မှန်လုံယာဉ် လမ်းဘေးချောက်အတွင်းထိုးကျ

**ခမောက်ကြီး မတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၄၉) အနီးတွင် မတ် ၁၉ ရက် ည ၈ နာရီက ကော့သောင်း-ဘုတ်ပြင်း ခရီးသည်တင်မှန်လုံယာဉ် လမ်းဘေးချောက်အတွင်း ထိုးကျမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့မှ ဘုတ်ပြင်းမြို့သို့ ထွက်ခွာလာသည့် ယာဉ်မောင်းဦးမျိုး(ခ) မျိုးဇော်ဦး မောင်းနှင်၍ ခရီးသည် ၂၁ ဦး တင်ဆောင်လာသည့် မှန်လုံယာဉ်သည် ကော့သောင်း-ဘုတ်ပြင်းလမ်း မိုင်တိုင်အမှတ်(၄၉) အနီး ကုန်းဆင်းတစ်ခုတွင် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်အတွင်းသို့ ထိုးကျခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်တွင် ယာဉ်မောင်းဦးမျိုး(ခ) မျိုးဇော်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်နောက်လိုက်သားပု(ခ) ပုံးလုံးသည် ယာဉ်နောက်ဘီးဖြင့် ကြိတ်မိကာ နေရာတွင် သေဆုံးခဲ့သည်။ ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၂၁ ဦးအနက် ရဟန်းတစ်ပါးဦးခေါင်းထိရှ၊ ယာခြေချင်းဝတ်ဒဏ်ရာရရှိပြီး ကျန်ခရီးသည်များမှာ အနည်းငယ် ထိခိုက်ဒဏ်ရာ ရရှိသည်မှလွဲ၍ စိုးရဖွယ်မရှိကြောင်း သိရသည်။



အခင်းဖြစ်ပွားရာသို့ နယ်မြေခံ တပ်မှုစစ်သည်များ၊ ခမောက်ကြီးမြို့ ရဲတပ်ဖွဲ့နှင့် မြို့အုပ်ချုပ်ရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ ရောက်ရှိပြီး ဒဏ်ရာရခရီးသည်များအား တပ်မတော် မော်တော်ယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ယာဉ်မောင်း ဦးမျိုး(ခ)မျိုးဇော်ဦးအား နယ်မြေခံ ရဲတပ်ဖွဲ့မှ အမြန်ဆုံး ရှာဖွေစုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ခမောက်ကြီး(ပြန်/ဆက်)**



## တရားမဝင်သစ် ၂၁ တန်ကျော် သိမ်းဆည်းရမိ

**တာချီလိတ် မတ် ၂၃**

နယ်စပ်ကုန်သွယ်ရေးစခန်း(တာချီလိတ်)Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဦးစီးအရာရှိ ဦးဇော်မင်း(၂)ဦးစီးတပ်ဖွဲ့၊ ဒုတိယဦးစီးမှူး ဦးကျော်သီဟနှင့် ရဲအုပ်သိန်းဝင်း ဦးစီးတပ်ဖွဲ့တို့သည် မိုင်းဖြတ်-မိုင်းယောင်းလမ်းပေါ်တွင် Mobile Team လုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ် ၁၅ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က သစ်တင်ယာဉ် ၁၀ စီး ဖြတ်သန်းသွားကြောင်း သတင်းရရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မိုင်းဖြတ်မြို့မှ ၂၃ မိုင်ခန့်အကွာ မိုင်းဖြတ်-မိုင်းယောင်းလမ်းကြောင်းပေါ်တွင် တရုတ်နိုင်ငံလုပ် Auto Liram (Dump Truck)အမျိုးအစား သစ်တင်ယာဉ် သုံးစီးနှင့် နောက်ပိတ်အဖြစ်လိုက်ပါလာသောTOYOTA Tiger (4 x 4) ယာဉ်ငယ်တစ်စီးတို့ကို ဖမ်းဆီးရမိပြီး ယာဉ်မောင်းများမှာ တောတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အဆိုပါ သစ်တင်ယာဉ် ၁၀ စီးအနက် ကျန်ခုနစ်စီးမှာ တောတွင်း၌ ခြေရာဖျောက်ပုန်းအောင်းနေသဖြင့် သစ်ကားသုံးစီးနှင့် TOYOTA Tiger(4 x 4)ယာဉ်တို့ကို တာချီလိတ်-မယ်ယန်းစစ်ကွင်းသို့ ဖမ်းဆီးခေါ်ဆောင်ပြီး အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ကျွန်းခွဲသားဆိုဒ်စုံ ၁၉၉၄ ချောင်း စုစုပေါင်းအလေးချိန် ၂၀ ဒသမ ၅၀၂၂ တန် (ကာလတန်ဖိုး ကျပ် ၆၇၆၅၇၂၆၀) နှင့် ပိတောက်ခွဲသားဆိုဒ်စုံ ၃၂ ချောင်း စုစုပေါင်းအလေးချိန် ၁ ဒသမ ၁၉၁၆ တန် (ကာလတန်ဖိုးကျပ် ၅၇၉၉၆၀၀) တို့ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။ တရားမဝင်သစ်များအပြင် နောက်ပိတ်အဖြစ် လိုက်ပါလာသော Tiger(4 x 4) ယာဉ်မှ လွယ်အိတ်ဖြင့်ထည့်ထားသော မြန်မာကျပ်ငွေ သိန်း ၁၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် သစ်တင်ယာဉ်သုံးစီးနှင့် TOYOTA Tiger(4 x 4) ယာဉ်တို့ကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး သစ်များကို မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနသို့ လည်းကောင်း၊ မော်တော်ယာဉ်များကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း အပ်နှံပြီး သစ်ပိုင်ရှင်များနှင့် ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်ပိုင်ရှင်တို့ကို အမှုဖွင့်ထားပြီး ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(မော်ကြီး-တြိဂံနယ်မြေ)**

## ကလေးမြို့ ထူးစက်သုံးဆီ အရောင်းဆိုင်တွင် မီးလောင်မှုဖြစ်

**ကလေး မတ် ၂၃**

ကလေးမြို့မှ နှစ်မိုင်ဝေးသော မြို့အဝင်မုခ်ဦးအနီး ချမ်းမြေ့အောင်စည်ရပ်ကွက် သဖန်းအိုင်လမ်းခွဲဘေးရှိ ဦးကျော်မိုးပိုင်ဆိုင်သော ထူးစက်သုံးဆီအရောင်းဆိုင်တွင် မတ် ၂၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဦးထိန်လင်းက ပီပါထဲတွင် ဆီလှယ်ရာမှ သံသံချင်းထိမိ၍ မီးပွင့်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုတွင် ကလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့၏ ဦးဆောင်မှုဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်အင်အား ၃၂ ဦး၊ ပြည်သူလူထုအင်အား ၄၅ ဦးတို့က မီးသတ်ယာဉ်လေးစီး၊ မီးသတ်ဆေးဘူး ၁၅ လုံး၊ Foam ဆေးရည် ဂါလန် ၂၀ နှင့် ရေဂါလန် ၂၄၀၀ အသုံးပြုကာမီးငြိမ်းသတ်ကြပြီး ညနေ ၆ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ ယင်းမီးလောင်မှုကြောင့် ဆီဂိုဒေါင်အာရ်စီတစ်ထပ်တိုက်နှင့် အောက်တိန်းဆီဂါလန် ၅၀၀ မီးလောင်ဆုံးရှုံးပြီး ဆီထည့်အလုပ်သမား ဦးထိန်လင်း အသက်(၃၆)နှစ်အား ကလေးမြို့နယ် မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဂျိုးနက်)**

## ဒဂုံတောင်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ရန်ကုန် မတ် ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက်နှင့် (၁၉)တိုးချဲ့ရပ်ကွက်အကြား လှော်ကားလမ်းမပေါ် ရတနာအထူးကုဆေးခန်းနှင့် သားဖွားဆေးခန်းအနီးတွင် မတ် ၂၁ ရက် ညနေ ၅ နာရီခန့်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇) ဂိတ်မှ တာမွေသို့ လှော်ကားလမ်းအတိုင်း မောင်းနှင်လာသော (၁၈၇) ယာဉ်လိုင်းမှ BM. . . . . ယာဉ်သည် မြောင်းကျော်ခုံးတံတားကို တိုက်မိရာမှ တစ်ဖက်သို့ တိမ်းမှောက်သွားခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းနှင့် ခရီးသည်နှစ်ဦး သေဆုံးကာ ဒဏ်ရာရသူအနည်းငယ်ရှိကြောင်း သိရသည်။ **(၅၄၈)**

## နမ့်ခမ်းမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မူဆယ် မတ် ၂၃**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်-နမ့်ခမ်းလှုပ်ရှားအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများနှင့်အတူ နေ့စဉ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် သတင်းအရ နမ့်ခမ်းမြို့ အမှတ်(၁၄) အောင်မေတ္တာရပ်ကွက်ရှိ နေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မျက်နှာကြက်၌အစိမ်းရောင်သံသေတ္တာတစ်လုံးအတွင်းမှ အလေးချိန် ၇ ဒသမ ၂ ကီလိုဂရမ်၊ ဘိန်းစိမ်းလေးလုံး (အလေးချိန် ၅၀ ဂရမ်)၊ရောင်စုံဆပ်ပြာခွက်အတွင်းထည့်ထားသော ဘိန်းဖြူ ငါးခွက်၊ (အလေးချိန် ၃၅၀ ဂရမ်)ရှိ ဘိန်းညိုတစ်ထုပ်အား သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်တရားခံပြေး အားဖူ (၃၀)နှစ်နှင့် လက်ဝယ်တွေ့ရှိသူ လိုင်းယိုလင့် (၂၅)နှစ်တို့အား မူးယစ်(ပ)၂၅/၂၀၁၅၊ မူး/စိတ် ပုဒ်မ ၁၅/၁၉ (က)/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**



## လွိုင်လင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၃**

လွိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက်က လွိုင်လင်မြို့ ပန်ခေါက်ပိုးကျေးရွာ ပန်ခေါက်ပိုးဘုန်းကြီးကျောင်းရှေ့တွင် နမ့်စန်မြို့မှ လွိုင်လင်မြို့သို့ စိုင်းအောင်ညွှန့် မောင်းနှင်ပြီး စိုင်းစံချိုလိုက်ပါလာသော ယာဉ်အမှတ် 6H/. . . . TOYOTA YARISNCP HATCH BACK (4×2) (R) အမျိုးအစား အဖြူရောင်ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်မောင်းခြေနင်းပြားအခင်းအောက်တွင် လည်းကောင်း၊ ယာဉ်မောင်း၏ဘေး ဟန်းဘရိတ်အောက်တွင် လည်းကောင်း၊ ယာဉ်နောက်ခန်းဝဲဘက်ဘော်ဒီကြားတွင် လည်းကောင်း၊ ယာဉ်နောက်ခန်း ယာဘက်ဘော်ဒီကြားတွင် လည်းကောင်း၊ ယာဉ်ဒတ်စ်ဘုတ် အပေါ်ဘောက်စ်အတွင်းတွင် လည်းကောင်း၊ ယာဉ်ရှေ့အင်ဂျင်နှင့် ဝဲဘက်ဘော်ဒီကြားတွင် လည်းကောင်း၊ မော်တော်ယာဉ်ရှေ့အင်ဂျင်နှင့် ယာဘက်ဘော်ဒီကြားတွင် လည်းကောင်း အဝါရောင်တိပ်ဖြင့် ပတ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ စုစုပေါင်းဆေးပြားထုပ် ၁၅၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းအောင်ညွှန့် (၂၇) နှစ်နှင့် စိုင်းစံချို (၂၂)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**



## သာစည်မြို့နယ်တွင် လူနှစ်ဦးကို ရိုက်နှက်ခဲ့၍ တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရ

**သာစည် မတ် ၂၃။** ။မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မတ် ၉ ရက်ညက ကန်ရှည်ကျေးရွာသွား လမ်းနံဘေးရှိ တောကျောင်းကြီးဇရပ်ပေါ်တွင် မူးပြီး အိပ်ပျော်နေကြသည့် ဆံမြိတ်ရှည်ကျေးရွာတွင် နေထိုင်သူ စိုးပိုင် (၃၆)နှစ်နှင့် ၎င်း၏ သူငယ်ချင်းဖြစ်သူ ဇော်လွင် (၄၂)နှစ်တို့အား လူတစ်စုက လက်ပြန်ကြိုးတုပ်ပြီး တုတ်ဖြင့် ဝိုင်းဝန်းရိုက်နှက်ကြသဖြင့် စိုးပိုင်မှာ ရရှိဒဏ်ရာဖြင့် သေဆုံးပြီး ဇော်လွင်မှာ ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြစ်မှုမှ တရားခံများ ဖော်ထုတ်ရရှိရေးအတွက် မြို့မရဲစခန်းမှူး ဒုတိယ ရဲမှူးဝင်းမြင့်နှင့် အဖွဲ့က ဆံမြိတ်ရှည်ရွာမှ သံသယရှိသူများကို ရဲစခန်းသို့ခေါ်ယူ၍ စစ်ဆေးခဲ့ရာ သေဆုံးသူ စိုးပိုင်၏ ယောက်ဖ ကျော်ဦးက မှုခင်းဖြစ်ရပ်မှန်ကို မတ် ၁၈ က ၎င်း၏ဆန္ဒအတိုင်း ဝန်ခံထွက်ဆို ဖြောင့်ချက်ပေးခဲ့သည်။ ကျော်ဦး၏ ထွက်ဆိုချက်အရ အမှုတွင် ပါဝင်ကျူးလွန်သူများဖြစ်သည့် စိုးပိုင်၏ ညီအရင်း ကိုနိုင် (၃၃)နှစ် ၊ စိုးပိုင်နှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ ကိုလတ်(ခ) လတ်ကြီးနှင့် လွှမ်းမိုး (ခ) ဇော်ထွန်းတို့အား ဆက်လက်ဖမ်းဆီးခဲ့သည်။ ပြစ်မှုကျူးလွန်သူများက ၎င်းတို့၏ အစ်ကိုဖြစ်သူမှာ အရက်သေစာသောက်စားပြီး မူးလာချိန်တွင် မိသားစုအပေါ် အနိုင်အထက် ပြုမူခြင်း၊ ဆွေမျိုးသားချင်းများအပေါ် အနိုင်ကျင့်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွာနှင့်ဝေးသည့် ဇရပ်ပေါ်တွင် မူးပြီးအိပ်ပျော်နေစဉ် ဝါးတုတ်ဖြင့် ရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

ပြည်တွင်းရေးရာ

## ကျောက်စည်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားရရှိ

**သရက် မတ် ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ရေထည့်ရာတွင် အသုံးပြုသည့် ကျောက်စည်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစု ဝင်ငွေတိုးပွားလျက်ရှိကြောင်း ကျောက်စည်လုပ်ငန်းဖြင့် သက်တမ်းရှည်စွာ လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ ကျောက်စည်လုပ်ငန်းလုပ်ကိုင်ပါက တစ်နေ့ ကျောက်စည် နှစ်လုံးပြီးအောင် ဆောင်ရွက်နိုင်ပြီး ကျောက်စည်တစ်လုံးကုန်ကျမှုအရင်းငွေမှာ ၆၅၀၀ ကျပ် ကုန်ကျမှုရှိပြီး ရောင်းချရပါက တစ်စည် ငွေကျပ် ၉၅၀၀ ရရှိသည့်အတွက် ငွေကျပ် ၆၀၀၀ ခန့် ပုံမှန်ရရှိကြောင်းသိရသည်။

ယင်းအပြင် ကျောက်စည် အော်ဒါ မှာယူသူများပါက နေ့စားအလုပ်သမားများ ခေါ်ယူဆောင်ရွက်လုပ်ကိုင်ရတဲ့အတွက် ပိုမိုဝင်ငွေရရှိကြောင်း ကျောက်စည်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။ **ဇော်ထက်(သရက်)**

## ရွေးကောက်ပွဲဆိုင်ရာသတင်းရယူရေးသားနည်းသင်တန်းဖွင့်

**မြင်းခြံ မတ် ၂၃**

၂၀၁၅ ရွေးကောက်ပွဲတွင်ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူရေးသားနည်းသင်တန်းများကို အထက်မြန်မာပြည်သတင်းထောက်များအတွက်ယခုရက်ပိုင်းသင်တန်းများခေါ်ယူပြီး ပို့ချနည်းပညာပေးနေကြောင်း ယင်းသင်တန်းရောက်သူအထက်မြန်မာပြည်မှ သတင်းထောက်တစ်ဦးက ပြောသည်။

မြန်မာ့သတင်းသိပ္ပံကဦးစီး၍ မန္တလေးဟိုတယ်ကွင်းတွင် အထက်မြန်မာပြည် သတင်းထောက် ၁၅ ဦးကို ငါးရက်ကြာစားရိတ်ငြိမ်းခေါ်ယူ၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူနည်းကို ဆင့်ပွားပို့ချပေးခဲ့ကြောင်း သတင်းပို့ချသူနည်း Mr FRANEMS က ပြောသည်။

အလားတူ မန္တလေးဂျက်ဖာဆင်စင်တာ၌လည်း နှစ်ရက်ကြာ အမေရိကန်သံရုံးအစီအစဉ်နှင့် အထက်မြန်မာပြည်သတင်းထောက်များ၊ သတင်းစာတိုက်နှင့် မန္တလေးမြို့ပေါ်သတင်းထောက် ၄၀ ကျော်အားရွေး ကောက်ပွဲသတင်းရေးသားတင်ပြချက်နည်းများကိုပို့ချခဲ့ပြီး ရွေးကောက်ပွဲ သတင်းရေးသားရယူမှုကို နည်းပညာဖြန့်ဝေခြင်းဖြစ်ကြောင်းသတင်းစာဆရာမ ဒေါ်ခင်မေဇော်က ပြောသည်။ **(ရွှေမြင့်မောင်)**

# စိုက်ခင်းအတွင်းမှ ရှေးဟောင်းဒင်္ဂါးနှင့် ဆင်းတုတော်အား တွေ့ရှိလှူဒါန်း



**တောင်ကြီး မတ် ၂၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု၊ ဘုရားနီကျေးရွာနေ ဦးဝင်းထွန်း၏ စိုက်ခင်းထဲမှ တွေ့ရှိခဲ့သည့် ရှေးဟောင်းဆင်းတုတော်နှင့်ဒင်္ဂါးပြားအား မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့လာရောက်အပ်နှံလှူဒါန်းခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက လက်ခံရယူခဲ့သည်။

အဆိုပါရှေးဟောင်းဆင်းတုတော်၏ပုံစံမှာ ဗိသနိုးမြို့ဟောင်းတွင်တွေ့ရသော ဆင်းတုတော်နှင့်တူညီနေကြောင်းတွေ့ရပြီး ဆင်းတုတော်၏ပုံမှာခြေနှစ်ဖက်ကိုချထားပြီး ဘယ်လက်တစ်ဖက်အား ဒူးပေါ်တွင်တင်ကာ ညာလက်မှာ အဘယမုဒြာပုံဖြစ်ပြီး ပျူခေတ်နှောင်းပိုင်းလက်ရာဖြစ်မည်ဟု ယူဆရသည်။



ဒင်္ဂါးမှာတစ်ဘက်တွင် သီရိဝစ္ဆ (ခေါ်)အိမ်မွန်ပုံပါရှိပြီး အခြားတစ်ဖက်တွင် တက်နေဝန်းနှင့် ဗိန္ဒုပြောက်ပါရှိပါသဖြင့် ပျူခေတ်ဒင်္ဂါးများနှင့်ဆင်တူကြောင်းနှင့် ပညာရှင်များ၏ခန့်မှန်းချက်အရ ပျူခေတ်နှောင်းပိုင်းပုံ ဖြစ်ပြီး မိုင်းမော(ပင်လယ်)မြို့ဟောင်းနှင့်ဆက်စပ်မှုရှိနိုင်သည်ဟု ယူဆရပါသည်။

အဆိုပါဆင်းတုနှင့် ဒင်္ဂါးအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ရှမ်းပြည်နယ်မှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ဆက်လက်ပေးပို့လှူဒါန်းပြီး သမိုင်းခေတ်ခန့်မှန်းခြင်း၊ ယဉ်ကျေးမှုလက်ရာ ခန့်မှန်းခြင်းများဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

# သီပေါမြို့၌ အမှိုက်ကင်းမဲ့ စံပြလမ်း၊ ရပ်ကွက်ဖြင့်ဆောင်ရွက်သွားမည်

**သီပေါ မတ် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွားပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး ကုန်စည် ကူးသန်းရောင်းဝယ်ရာ အချက်အချာကျသည့်အပြင် သဘာဝအရင်းအမြစ်များ တည်ရှိသော မြို့ဖြစ်၍ ပြည်တွင်းပြည်ပခရီးသွားများဖြင့် နေ့စဉ်စည်ကားလျက်ရှိကာ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက်အမှိုက်ကင်းမဲ့စံပြလမ်း၊ ရပ်ကွက်များအဖြစ် မြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိ သည်။

မတ် ၂၁ ရက် နံနက်တွင် ရွှေညောင်ပင်လမ်း ဈေးရပ်ကွက်မှ ပန်းတိမ်မြောက်ရပ်ကွက်နယ်မြေ ဒုဋ္ဌဝတီမြစ်အတွင်း စွန့်ပစ်အမှိုက်များနှင့် ကြွပ်ကြွပ်အိတ်များကို လှေများဖြင့်ဆယ်ယူ၍ လည်းကောင်း၊ မြို့မဈေးကြီး၊ ဝက်ဝံပျံကျဈေးတို့မှ စွန့်ပစ်အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့် ကြီးကြပ်လျက် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက လုပ်ကွက်များ သတ်မှတ်ကာ အမှိုက်များစုပုံမီးရှို့သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြကြောင်း သိရသည်။

လူမှုရေး အသိစိတ်ဓာတ်ဖြင့် မြို့သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အမှိုက်ကင်းမဲ့စံပြလမ်း၊ ရပ်ကွက်ဆောင်ရွက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်လှိုင်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

SUN FAR
TRAVELS & TOURS CO., LTD.
အကောင်းဆုံးဝန်ဆောင်မှုများဖြင့် စီစဉ်ဆောင်ရွက်ပေးနေပါသည်
ပြည်တွင်း / ပြည်ပ လေယာဉ်လက်မှတ်များ
နိုင်ငံခြားဇိမ်ခံ အပျော်စီးသင်္ဘော ခရီးစဉ်များ
တစ်ဦးချင်း / အဖွဲ့လိုက်နှင့်မိသားစု အပန်းဖြေအလည်အပတ်နိုင်ငံခြားခရီးစဉ်များ
ဥရောပနိုင်ငံများအတွင်းရှိ ရထားလက်မှတ်များ
နိုင်ငံခြားတိုင်းပြည်များသို့ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်း
ပြည်ပဟိုတယ်အခန်းများကြိုတင် Booking စီစဉ်ဆောင်ရွက်မှုများ
www.facebook.com/sunfartravel
www.sunfar.travel
Tel: (01) 243 993 (International), (01) 380 888 (Domestic)
Fax: 246 318 (International), 254 599 (Domestic)
Tel: (01) 2301 999 Fax: 2301 992
Tel: (01) 555 771, 555 924, 554 226 Fax: 555 771
Tel: (01) 296 890, 294 670, 206 188 Fax: 291 965

Marrybrown Myanmar Co., Ltd တွင်
တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-
(၁) Cashier Crew ကျား/မ (၂၀)ဦး
(၂) Kitchen Crew ကျား/မ (၂၀)ဦး
(၃) Floor Crew ကျား/မ (၂၀)ဦး
အမှတ်စဉ်(၁)အတွက် Fast Food အတွေ့အကြုံရှိရမည်။ POS System အသုံးပြုနိုင်သူ ဦးစားပေးမည်
အမှတ်စဉ်(၂)အတွက် Fast Food လုပ်ငန်းအတွေ့အကြုံရှိရမည်။
အမှတ်စဉ်(၃)အတွက် Waiter Service ကို နားလည်နိုင်သူ ဦးစားပေးမည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ(မူရင်း၊ မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ၃၀-၄-၁၅ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အောက်ပါနီးစပ်ရာဆိုင်များတွင် လျှောက်ထားနိုင်ပါသည်။
- No.220, Shwe Gon Daing Road, Bahan Township, Yangon.
Tel: +95 1 8603215
- No. 180-182, Mahar Bandoola Park Road, Middle Block, Kyauktada Township, Yangon. Tel: +95 1 384780
- Secret Garden, Junction Square. Tel: + 95 1 566522, 566260, 566261
- Ruby Mart, Pyin Oo Lwin. Tel: + 95 1 566522, 566260, 566261

RECRUITMENT
Walk In Interview
Due to our expansion program we hereby invite potential candidates to fill the following position:-
1. BUSINESS DEVELOPMENT ADVISORS (18 positions)
MARKETING EXECUTIVES (13 positions)
Requirement:-
i. Graduates in all fields are encouraged
ii. Minimum 1 year working experience
iii. Must have good business contacts and communication skills
iv. Fluent in English is an advantage
v. Both male and female candidates are encouraged to apply
vi. Good salary including commission and bonuses
vii. Candidates with working experience preferred
viii. Age between 25 to 35 years
We will provide the necessary training and support for you to embark on this exciting and lucrative career. Interested candidates can contact us at:
Unit 902, Sakura Tower, 339 Bogyoke Aung San Road, Kyaukdata Township, Yangon.
chitmoe@ggclgroup.com
0931616146
Global Growth Co., Ltd

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာခန့်ရန်
၁။ Medical Sale rep မ (၅) ဦး
၂။ အရောင်းဝန်ထမ်း ဘွဲ့ရ (ဝါ) ၁၀ တန်းအောင် မ (၇) ဦး
၃။ ရုံးဝန်ထမ်း ဘွဲ့ရ (ဝါ) ၁၀တန်းအောင် မ (၃) ဦး
၄။ ရုံးဝန်ထမ်း သိပ္ပံဘွဲ့ရ မ (၂) ဦး
အမှတ်စဉ်(၄)အတွက် နေပြည်တော်တွင် အခြေချနေထိုင်သူကို ဦးစားပေးမည်။
ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း CV၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
တိုက်အမှတ်(၃၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာအနောက်၊ တာမွေမြို့နယ်။
အောင်မင်္ဂလာမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း-၀၉-၅၀၀၁၁၄၉၊ ၀၉-၄၂၁၀၂၇၆၃၁၊ ၀၉-၂၅၃၈၈၉၇၃၇
နေပြည်တော်တွင် လျှောက်ထားလိုသူများ ရွှေလင်းယုံဆေးဆိုင်
ခုတင်(၁၀၀)ဆေးရုံဝင်းအတွင်း၊ ပျဉ်းမနားသို့
လာရောက်လျှောက်ထားနိုင်ပါသည်။

ဖတ်စရာ



# မက္ခရာမြို့ဟောင်းရှေးဟောင်းစေတီများ၌ နံရံဆေးရေးပန်းချီများကို လေ့လာနိုင်

à တိမ်တမန်

မက္ခရာ ရှေးဟောင်းမြို့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်ခရိုင်၏ အရှေ့ မြောက်ဘက် ဇော်ဂျီမြစ်နှင့် မြစ်ငယ်မြစ်ဆုံရာ အချက်အချာကျသောနေရာတွင် တည်ရှိသည်။

သမိုင်းဝင် မက္ခရာမြို့ဟောင်းတွင် ဖူးမြော်ကြည်ညိုစရာ စေတီများစွာရှိပြီး စိတ်ဝင်စားဖွယ်ရာ များစွာနှင့် မြို့ဟောင်းတစ်ခု ပင်ဖြစ်သည်။ ယခုအခါ စေတီတော်များကို ပြန်လည်ပြင်ဆင်ပြီးနေပြီး ကျန်ရှိသည်များကို ဆက်လက် ပြင်ဆင်နေသည့်အတွက် မက္ခရာမြို့ဟောင်းဒေသသည် ပုဂံသို့ ရောက်နေသည့်အလား သာယာလျက်ရှိသည်။

စိတ်ဝင်စားဖွယ်ရာ ဒေသဖြစ်သလို ရှေးမြို့ရိုးများကို တွေ့ရှိနိုင်ပြီး မြို့ရိုးဘေးနားရှိ စေတီများအနီးတွင် ပျူအရိုးအိုးများစွာ တစုတစည်းတည်း တွေ့ရှိရသည်။ လက်ရာမြောက်စေတီတော်များဖြစ်သလို ရှေးခေတ်လက်ရာမြောက် နံရံဆေးရေးပန်းချီများက မက္ခရာမြို့၏ သမိုင်းကို ပြောပြနေသလိုဖြစ်နေသည်။ မက္ခရာမြို့ဟောင်းမှ ရွှေရောင်တော်ဘုရားခေါ်လေ့သူကြီးဘုရားတွင် လက်ရာမြောက် ဘုရားဆင်းတုတော်များနှင့်နံရံဆေးရေးပန်းချီများကို လေ့လာနိုင်သည်။

ရွှေရောင်တော်ဘုရားတွင် တွေ့ရသော နံရံဆေးရေးပန်းချီများမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ အဝင်ဝမုခ်၏ အထက်တွင် ဘုရားရှင်က ပလ္လင်ပေါ်တွင် သီတင်းသုံးကာ ရဟန္တာနှစ်ပါးကတရားနာဟန်နံရံဆေးရေးပန်းချီ၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ကို ရည်ညွှန်းထားဟန် ရေးဆွဲထားသည်။ ထိုပုံတော်များ၏ အထက်ဘက်တွင် ကုမုဒြာကြာပန်းပုံ ရေးဆွဲထားသည်။ မုခ်လေးခုစလုံးတွင် ပုံစံတူပန်းချီရေးဆွဲထားသည်။ အထူးသဖြင့် ရွှေရောင်တော်ဘုရား အရှေ့တောင်ထောင့်တွင်တွေ့ရသော နံရံဆေးရေးပန်းချီမှာ ထူးဆန်းသော လက်ရာအဖြစ် လေ့လာတွေ့ရှိရသည်။ ဘေးတိုက်ကြည့်ပါကတစ်မျိုး တည့်တည့်ကြည့်ပါက တစ်မျိုးပေါ်အောင် ရေးဆွဲထားကြောင်း လေ့လာသိရသည်။

သလွန်ပုံ၊ မြေဝိုင်းကဇာတ်ပုံ၊ ဆိုင်းဝိုင်းကြေးနောင်၊ ကြေးကြိုးလေလက်ခုပ်အစုံ ရေးဆွဲထားသည်။ အထူးသဖြင့် နန်းတွင်းအကဖျော်ဖြေမှု ရေးဆွဲထားပုံကို ပရိသတ်ပါ ထည့်သွင်းရေးဆွဲထားသည်။ မြို့ရိုးပုံ ဗဟိုရ်စည်ပုံများနှင့် အခြားလက်ရာများစွာကို လေ့လာတွေ့ရှိနိုင်သည်။ ယခုအခါ ရှေးဟောင်းသမိုင်းဝင် မက္ခရာမြို့ဟောင်းသည် စိတ်ဝင်စားဖွယ်ရာများစွာနှင့် လေ့လာဖွယ် စုံလင်စွာရှိနေပြီး ရှေးခေတ် နံရံဆေးရေးပန်းချီများကို လေ့လာနိုင်သော မြို့ဟောင်းအဖြစ် တည်ရှိနေကြောင်း သိရသည်။

# စစ်ကိုင်းမြို့တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာသုံးရွာရှိ ရေလုပ်ငန်းရှင်များအား ချေးငွေများ ထပ်မံပေးအပ်

**မုံရွာ မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေပါ ငွေလုံးငွေရင်း (အခြား) အသုံး စရိတ်ခေါင်းစဉ်ဖြင့်မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ထပ်မံပြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ ကျေးရွာသုံးရွာသို့ မတ်လအတွင်း ထပ်မံထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ရေချိုငါးလုပ်ငန်းတွေမှာ တစ်ပိုင်တစ်နိုင်မွေးမြူကြတဲ့ ကျေးလက်နေပြည်သူတွေရဲ့ ဘဝမြင့်တက်စေဖို့ ပထမအကြိမ်အဖြစ် ရွှေဘိုခရိုင်နှင့်ကသာခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာကိုးရွာကို ထုတ်ပေးရာမှာ တစ်ရွာကို အရင်းမပျောက်ချေးငွေ ကျပ်သိန်း ၃၀၀ စီကို ဖေဖော်ဝါရီ ၂၈ ရက်အတွင်း အပြီးထုတ်ချေးပေးခဲ့ပါတယ်။ အခုကသာခရိုင်အတွင်းက မြို့နယ်သုံးခုက ကျေးရွာသုံးရွာကို ဒုတိယအကြိမ်အဖြစ် ထပ်မံထုတ်ချေးပေးသွားမှာပါ၊

"ချေးငွေတွေနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ မွေးမြူရေးလုပ်ငန်းတွေကို တိုးချဲ့မွေးမြူနိုင်ရန်၊ ကျေးလက် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်ပြီး အခုလက်ရှိတိုင်းဒေသကြီးအတွင်းမှာ ရေချိုငါးလုပ်ငန်းကို အောင်အောင်မြင်မြင်နဲ့ ထုတ်လုပ်နေတဲ့ ကျေးရွာတွေကို ထုတ်ချေးပေးတာပါ"ဟု တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အရင်းမပျောက်ချေးငွေများအား ကသာခရိုင် ကောလင်းမြို့နယ်ဆင်ကုန်းကျေးရွာအုပ်စုမှ ကညို့အင်းကျေးရွာ၊ ဗန်းမော်မြို့နယ် ကိုင်းကြီးကျေးရွာအုပ်စုကိုင်းကြီးကျေးရွာနှင့် ဝန်းသိုမြို့နယ်တောင်ပို့လှကျေးရွာအုပ်စု တောင်ပို့လှကျေးရွာများသို့မတ် ၂၅ ရက်အပြီး ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ပထမအကြိမ်တွင် ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်အတွင်းမှ သပြေပင်နှင့် အင်းရွာကျေးရွာ၊ အင်းတော်မြို့နယ် သောင်းမြင့်ကျေးရွာအုပ်စုအတွင်းမှ ကွင်းချောင်းကျေးရွာနှင့် ဥသျှစ်ကုန်း ကျေးရွာအုပ်စု စက်တောကုန်းကျေးရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ ဝက်လက်မြို့နယ် ကုန်းကြီးကျေးရွာ၊ ခင်ဦးမြို့ နယ် ရုန်းစုကျေးရွာ၊ ကန့်ဘလူမြို့နယ် ရွာသစ်ကုန်းကျေးရွာ၊ ကျွန်းလှမြို့နယ် ငါးဘတ်အိုင်ကျေးရွာတို့အား ဖေဖော်ဝါရီ ၂၈ ရက်တွင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**


## မြတ်မေတ္တာမွန် ကုမ္ပဏီလီမိတက်

**အမှတ်(၅၆/၅၇)၊ လှိုင်ရတနာမွန်အိမ်ရာ(၆)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၁-၅၁၉၆၄၅၊ ၅၁၉၆၃၈**

**စက်သုံးဆီအရောင်းဆိုင်(သဃ်န်းကျွန်း)**

၁။ မန်နေဂျာ ကျား(၃)ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- အုပ်ချုပ်မှု အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- အသက်(၄၅)နှစ်ထက်မကြီးရ။
- စားစရိတ်ငြိမ်း၊ သွားလာစရိတ်ထောက်ပံ့ပေးမည်။

၂။ ပန့်ကိုင် ကျား(၃၀)၊ မ(၃၀)
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- ရုပ်ရည်ချောမောပြေပြစ်ရမည်။
- ယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်သူဖြစ်ရမည်။
- အသက်(၃၀)နှစ်ထက်မကြီးရ။
- အခြေခံလစာ(၁၀၀၀၀၀ိ/-)+ရက်မှန်ကြေး(၃၀၀၀၀ိ/-)အနည်းဆုံးရရှိမည်။
- လုပ်ငန်းစွမ်းဆောင်မှု ကောင်းမွန်လျှင် လစာတိုးမြှင့်ရေးစဉ်းစားပေးမည်။

၃။ လုံခြုံရေး ကျား(၁၀)ဦး
- အသက်(၃၅)နှစ်ထက်မကြီးရ။
- အခြေခံလစာ (၈၀၀၀၀ိ/-)+စားစရိတ်ငြိမ်း

၄။ သန့်ရှင်းရေး ကျား(၅)ဦး
- အသက်(၃၅)နှစ်ထက် မကြီးရ။
- အခြေခံလစာ (၈၀၀၀၀ိ/-)+စားစရိတ်ငြိမ်း

၅။လျှောက်ထားသူအားလုံးသည် အသောက်အစားကင်းရှင်းရမည်။ ဆေးလိပ်နှင့် ကွမ်းမသုံးစွဲသူ ဖြစ်ရမည်။ လုပ်ငန်းကို ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၆။ကိုယ်ရေးလျှောက်လွှာအကျဉ်းနှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုဇယား မိတ္တူများပူးတွဲ၍ အင်းစိန်လမ်းမကြီး အုတ်ကျင်းမှတ်တိုင်အနီး အမှတ်(၅၆/၅၇) လှိုင်ရတနာ မွန်အိမ်ရာ(၆)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်နှင့် စက်သုံးဆီအရောင်းဆိုင် (သဃ်န်းကျွန်း) (သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)အနီးသို့ ၅-၄-၂၀၁၅ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။


## သင့်သွေးဖြင့် အသက်ကယ်ပါ


## Octagon Luminous Co.,Ltd

Bld D,Room No(602) 6th Floor
Bandoola Housing, Mahabandoola Road,Pazundaung.
octagon.eimi618@gmail.com
maymyint1970@gmail.com
Ph:09-253813255

ဂျပန် မြန်မာ စကားပြန် ကျား(၂)ဦး
- ဂျပန်မြန်မာ စကားကို ကျွမ်းကျင်စွာ ဘာသာစကားပြန်ဆိုနိုင်ရမည်။
- အိမ်ထောင်မရှိသူ(လူပျို)ဖြစ်ရမည်။
- ဧရာဝတီတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်မိတ္တူ-တို့နှင့် အတူ အထက်ပါ email သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။



## ဝန်ထမ်းအမြန်အလိုရှိသည်

## Myanmar Kowa International Co.,Ltd

**အမှတ်(၁၉၇/၁၉၉)၊ မြေညီထပ်၊ ၃၄လမ်း(အထက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၂၄၅၉၂၅၊ ၂၄၆၃၀၄ လိုင်းခွဲ-၁၃

| | | |
|---|---|---|
| ၁။ | Merchandising Manager | (၁)ဦး |
| ၂။ | Merchandising Assistant Manager | (၁)ဦး |
| ၃။ | Merchandising Executive | (၁)ဦး |
| ၄။ | Merchandising Supervisor | (၁)ဦး |
| ၅။ | Assistant Accountant | (၁)ဦး |
| ၆။ | Sales & Marketing Manager (Cabinet Furniture) | (၁)ဦး |
| ၇။ | Sales & Marketing Assistant Manager (Cabinet Furniture) | (၁)ဦး |
| ၈။ | Service Engineer (AGTI) တောင်ကြီးတွင်တာဝန်ထမ်းဆောင်ရန် | (၂)ဦး |
| ၉။ | Showroom Supervisor (Home Appliance) တောင်ကြီးနှင့်နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် | (၃)ဦး |
| ၁၀။ | Showroom Staff (Home Appliance)တောင်ကြီးနှင့်နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် | (၂)ဦး |
| ၁၁။ | Counter girl ပြင်ဦးလွင်(Ruby Mart)နှင့် မန္တလေး(Ocean 73)တွင် တာဝန်ထမ်းဆောင်ရန် | (၃)ဦး |
| ၁၂။ | Store Helper (ဒဂုံဆိပ်ကမ်းစက်မှုဇုန်တွင်တာဝန်ထမ်းဆောင်ရန်) | (၃)ဦး |
| ၁၃။ | Store Staff (ဒဂုံဆိပ်ကမ်းစက်မှုဇုန်တွင်တာဝန်ထမ်းဆောင်ရန်) | (၁)ဦး |
| ၁၄။ | Driver (အိမ်/ရုံး ကားမောင်းရန်) | (၂)ဦး |
| ၁၅။ | Delivery | (၃)ဦး |

လျှောက်ထားလိုသူများသည် CV Formနှင့်အတူ လိုအပ်သောစာရွက်စာတမ်းမိတ္တူများဖြင့် အထက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ E-Mail ဖြင့် လျှောက်ထားလိုပါက hr.myanmarkowa@gmail.com သို့ ၃၁-၃-၂၀၁၅ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။



## ကျောင်းကား Ferry

ဆွဲလိုသူများ ဆက်သွယ်ပါ။
ဖုန်း-၀၉၅၁၃၇၂၄၉



## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုနေဝင်းသိန်း[၉/မထက(နိုင်)၁၇၇၁၄၆]၏ PP No. A 436925 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၄၂၀၆၀၂



## အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်

၁။ ယာဉ်မောင်း (ကျား) (၅)ဦး
ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
ကားမျိုးစုံမောင်းနှင်နိုင်ရမည်။ ယာဉ်မောင်းသက်တမ်း(၂)နှစ်အထက်ရှိရမည်။
တစ်လ နှစ်သိန်းကျော် (လစာ+အခြားခံစားခွင့်များ)ရရှိမည်။
အဆောင်နေ/စား စီစဉ်ပေးမည်။
လိပ်စာ - အမှတ်(၅)၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၁-၅၅၆၃၃၀၊ ၀၉-၄၂၀၂၆၁၄၆၄၊ ၀၉-၄၂၀၀၆၄၄၄၅



## ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

## ယုဇနကုမ္ပဏီ၏ နယ်ရုံးခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

| | | |
|---|---|---|
| ၁။ ဆရာဝန် | (M.B.B.S) | ကျား (၅) ဦး |
| ၂။ ကျန်းမာရေးမှူး | (H.A/M.A) | ကျား (၅) ဦး |
| ၃။ အင်ဂျင်နီယာ | (B.E) (Civil) | ကျား (၅) ဦး |
| ၄။ အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (Civil) | ကျား (၁၅) ဦး |
| ၅။ အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (Mechanical) | ကျား (၁၅) ဦး |
| ၆။ အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (EC) | ကျား (၁၅) ဦး |
| ၇။ Architect | | ကျား (၂) ဦး |
| ၈။ Graphic Designer | | ကျား/မ(၂) ဦး |
| ၉။ စာရင်းကိုင် | (CPA/ B.Com/LCCI Level 3) | မ (၂) ဦး |
| ၁၀။ဘွဲ့ရ | (Biology/ Marine Bio/Zoology) | ကျား (၅) ဦး |
| ၁၁။ဘွဲ့ရ | | ကျား (၅၀) ဦး |
| ၁၂။ဘွဲ့ရ | | မ(၁၅) ဦး |
| ၁၃။ပြင်/ထိန်း | (၈)တန်းအောင် | ကျား (၅) ဦး |

လျှောက်ထားလိုသူများသည် (၆)လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ဘွဲ့လက်မှတ်မူရင်း/မိတ္တူ၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်များနှင့်အတူ ယုဇနကုမ္ပဏီ အမှတ်(၁၃၀)၊ယုဇနစင်တာ၊ တတိယထပ်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## မဟာဝေဒဗ္ဗမန္တန်တော်ရွတ်ပွားနည်း (ပါဠိ–အသံထွက်–မြန်မာပြန်)

ပညာဒီပကစီစဉ်သော တစ်နှစ်တာခနေသိဒ္ဓိနက္ခတ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယားနှင့် မဟာဝေဒဗ္ဗမန္တန်တော်ရွတ် ပွားနည်း(ပါဠိ-အသံထွက်-မြန်မာပြန်) စာအုပ် ထွက်ရှိလာသည်။ စာရေးသူက တစ်နှစ်တာ ခနေသိဒ္ဓိဖြတ်မည့် နက္ခတ်ဇယားနှင့်အတူ မဟာဝေဒဗ္ဗမန္တန်ရွတ်ပွားနည်းပါထည့်သွင်းပေးထားသည်။ မန္တန်တော်ကို ရွတ်ပွားပူဇော်ခြင်းဖြင့် ငွေကြေးလာဘ်လာဘများနှင့် ရွှေငွေရတနာများ လူတစ်ဦးချင်းစီ၏ ကံအလျောက် ရရှိနိုင်ပါသည်ဟု ညွှန်းဆိုထားသည်။ စာအုပ်ကို ဓမ္မဒါနလှူဒါန်းလိုသူများအတွက်လည်း စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်းအပေါ်ဘလောက် ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ဖုန်း– ၀၁–၃၉၂၈၃၅ က တန်ဖိုးကျပ် ၅၀၀ ဖြင့် ဖြန့်ချိထားသည်။**



## မြန်မာ့လွတ်လပ်ရေးနှင့် ပုဂ္ဂိုလ်သုံးယောက်

တက္ကသိုလ်မြတ်သူ ရေးသားပြုစုသည့် မြန်မာ့လွတ်လပ်ရေးနှင့် ပုဂ္ဂိုလ်သုံးယောက်စာအုပ်ကို ရှင်းရှင်းစာပေတိုက်မှ ထုတ်ဝေလိုက်သည်။

စာအုပ်တွင် တပ်မတော်ကို ဦးဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်သုံးဦးနှင့် မြန်မာ့လွတ်လပ်ရေး အကြောင်းအရာများကို စုံလင်စွာ ဖော်ပြထားသည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရရှိပြီးကာလ တိုင်းပြည်ကို ထိခိုက်စော်ကားမှုများအား အဆိုပါ ခေါင်းဆောင်သုံးဦးက မည်သို့မည်ပုံ ကာကွယ်စောင့်ရှောက်ပေးခဲ့ရမှုများ၊ ပြည်သူ့အရေးအတွက် အရေးကြုံတိုင်းမားမားမတ်မတ် ရပ်တည်ပေးခဲ့ရပုံများ၊ လွတ်လပ်ရေးကို ကာကွယ်ရုံသာမက တိုင်းပြည် ကောင်းစားရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ရပုံများကို အပိုင်းသုံးပိုင်းခွဲခြားကာ ဖော်ပြထားသည်။ လူပုဂ္ဂိုလ်အကြောင်းဟု ဆိုနိုင်သော်လည်း နိုင်ငံ့သမိုင်းကြောင်းနှင့် ကြိုးပမ်းအားထုတ်ပုံတို့ကို ပြည့်စုံစွာဖော်ပြထားသည့်ကျမ်းစာအုပ်သဖွယ်ဖြစ်သည်။

**ရှင်းရှင်းစာပေတိုက်အမှတ် (၄၈) မြေညီထပ် လမ်း(၂၀) လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၉–၇၃၀၃၂၈၀၅ က တစ်အုပ်လျှင် ငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။**

## မြတ်ဗုဒ္ဓ၏လက္ခဏာတော်ကြီး(၃၂)ပါး

ဓမ္မေခဆရာတော် အရှင်ကုဝေရသာရ ရေးသားပြုစုသည့် ရင်သွေးငယ်များ လိမ္မာယဉ်ကျေးပြီး အသိဉာဏ်နှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင်များဖြစ်လာစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာသိကောင်းစရာအဖြာဖြာ“ပုံပြ”စာအုပ်လေးများ ကို စဉ်ဆက်မပြတ် ထုတ်ဝေနေသည့်“သဏ္ဍဝတီစာပေ” မှ ယခု “မြတ်ဗုဒ္ဓ၏ လက္ခဏာတော်ကြီး(၃၂)ပါး” စာအုပ် ထွက် ရှိလာသည်။

စာအုပ်တွင် ပထမ မဟာပုရိသလက္ခဏာတော်ကြီး(၃၂)ပါးကို ဖော်ပြထားပြီး ဤထူးခြားသော လက္ခဏာတော်ကြီးများ အဘယ်ကြောင့်ပေါ်ပေါက်လာရသည်ကို ရှင်းလင်းဖော်ပြထားသည်။ ရင်သွေးငယ်များ ပျော်ရွှင်သောစိတ်၊ ကြည်လင်သော အသိဉာဏ်ပညာနှင့် မြတ်ဗုဒ္ဓအား ကြည်ညိုလာစေနိုင်မည့် ဆေးရောင်စုံသရုပ်ဖော်ပုံများပါရှိသည်။



**စာအုပ်ကိုစာပေလောက ၅ အမှတ်(၁၃၈/၁၄၀)ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၉–၂၆၀၂၄၅၂၂၄ က တန်ဖိုးကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

ဦးခင်ဇော် (တရားလွှတ်တော်ရှေ့နေ) (အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂) ရေးသားပြုစုသည့် “တရားဥပဒေစိုးမိုးရေးနှင့် ပြည်ထောင်စုလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သောစာချွန်တော်အမိန့်များ” ဥပဒေဗဟုသုတစာအုပ်ထုတ်ဝေလိုက်သည်။

အဆိုပါ စာအုပ်တွင် စာရေးဆရာမောင်သန်းဆွေ(ထားဝယ်)က အမှာစာရေးသားခဲ့ပြီး ဥပဒေကိုလေးစားလိုက်နာခဲ့သော ရဲမင်းကြီးတစ်ဦးအကြောင်း၊ ဥပဒေနှင့်အညီ ချုပ်မိန့်ပေးခဲ့၍ ပြစ်ဒဏ်ကျခံခဲ့ရသော မန္တလေးတိုင်းမှူး တစ်ဦးအကြောင်း၊ မုဒိမ်းမှုများပပျောက်အောင် ဘယ်လိုကာကွယ်ပေးမလဲစသည့်ဆောင်းပါးများအပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြေပုံကူးယူခွင့်ကို ငြင်းပယ်ခဲ့သည့် အမိန့်၊ ပဲခူးတိုင်း ရွှေကျင်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ချမှတ်ခဲ့သော ထောင်ဒဏ်အမိန့်၊ ပညာရေးဝန်ကြီးဌာန၏ မယူမနေရပင်စင်၊ မကွေးတိုင်း ဒေသကြီး မြေယာစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်များကို ပယ်ဖျက်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်က စာချွန်တော်အမိန့် များဆိုင်ရာ ဆောင်းပါးများနှင့် ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ လျှောက်လွှာပုံစံများပါ ရှိသည်။



**စာအုပ်ကို ရွှက်စိမ်းစာပေ အမှတ်(၄၃/အေ) မြေညီထပ် လမ်းမတော်မြို့နယ် ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။**






## အခန်းဆက်ဝတ္ထုရှည်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်



**တက္ကသိုလ်ဘုန်းနိုင်**

*ယမန်နေ့မှအဆက်*

နောက်တစ်စီးမှာ တရားသူကြီးဦးမြဘူး ငှားလာသော မိတ်ဆွေတစ်ဦး၏ အော်စတင်အမျိုးအစားကားတစ်စီး ဖြစ်သည်။

သင်္ဘောဆိပ်သို့ ချောက်ဒရီပိုင် သင်္ဘောကြီးဆိုက်သောအခါ ကျွန်တော်တို့အားလုံး ပထမတန်းအခန်းကို လှမ်းမျှော်ကြည့်ကြသည်။

ပထမတန်းအခန်း ပြတင်းပေါက်မှ တောက်ပစ္ပန်းလဲ့စွာ ဝတ်စားထားသောကြိုင်သည် လက်ပြနှုတ်ဆက်နေသည်ကို ကျွန်တော် တွေ့ရသည်။ ကိုကို့ကိုကား မမြင်၊ သင်္ဘောကြီးသည် ဆိပ်ခံကြီးဘေး၌ ဆိုက်မိသောအခါ ပထမတန်းအခန်းမှ ကြိုင်သည် ထွက်လာ၏။ ကြိုင်နှင့်ပါသော သားရေ သေတ္တာကြီးတစ်လုံးနှင့် သံသေတ္တာကြီးတစ်လုံးကို ကူလီနှစ်ဦးက ထမ်းလာသည်။

ထိုအချိန်ထိ ကိုကို့ကို မမြင်ရသေး။

ထိုစဉ် ဝမ်းသာအားရ လှမ်းခေါ်သံကြားရသည်။

"မောင်ရေ . . . ညီလေးရေ . . . ကိုကို ဒီမှာကွ "

ကိုကို့အသံကြားမှ ကျွန်တော်တို့အားလုံး လှမ်းကြည့်မိသည်။

ကျွန်တော်တို့ မည်သို့မျှ မမျှော်လင့်သော သင်္ဘောအောက်ထပ် တတိယတန်းခရီးသည်များကြားတွင် ကိုကို့ကို တွေ့ရသည်။

ဖေဖေရော . . . မေမေရော ကျွန်တော်ပါ ကိုကို့ကို ဝမ်းသာအားရ ဆီးကြိုကြသည်။

မရှေးမနှောင်းပင် ကြိုင်သည် ဆိုက်ရောက်လာ၏။

ကိုကိုသည် ကောလိပ်ကျောင်းသားဖြစ်၏။ ကြိုင်သည်လည်း ကောလိပ်ကျောင်းသူဖြစ်၏။ သို့ရာတွင် သူတို့နှစ်ဦး၏ အသွင်အပြင်မှာ တခြားစီဖြစ်သည်။

ကြိုင်သည် လှပသော ဆံမြိတ်ချသည့် ဘီးဆံထုံးနှင့်ဖြစ်သည်။ ဘီးဆံထုံးထိပ်တွင် တောက်ပသော စိန်ဆံထိုးတစ်ခုကို ထိုးထားသည်။ ကြိုင့်အကျီမှာ ပဒုမ္မာပါးပါးလေးဖြစ်၏။ ခါးတွင်ဝတ်ထားသော အပြာနုရောင် ပိုးပျော့ထဘီမှာ အလွန်လှပသည်။ ကြိုင့်လက်ဝဲဘက် လက်ဖျံ ပေါ်၌ အနက်ရောင်ကြိုးတပ် ရွှေလက်ပတ်နာရီလေး ပတ်ထားသည်။ ကြိုင့်အနောက်ဘက်၌ သေတ္တာကြီးများ ထမ်းလျက် ကူလီကြီးများပါသည်။

ကျွန်တော့ကိုကိုကို ကြည့်ပါ၊ အဝေးကပင် မြင်နိုင်ပါ၏။

ကိုကို့အရပ်မှာ ရှည်ရှည်နှင့် ရင်အုပ်ကြီးမှာ ကားသည်။ ကိုကို့ဆံပင်များမှာ ရှည်၍ နဖူးပေါ်သို့ ယိုင်ယိုင်ကျနေသည်။ ကိုကို့အပေါ်ပိုင်း၌ ပင်နီဖျင်ကြမ်း အပေါ်ဝတ်အကျီ ဝတ်ထားသည်။ ကိုကို့ခါးတွင်မူ အနက်ရောင် ယောလုံချည်ကို ဝတ်ထားသည်။ ကိုကို့ပုခုံး၌ ကချင်လွယ်အိတ်လေးတစ်လုံး လွယ်ထားသည်။

ဤလွယ်အိတ်မှာ ကိုကို၏ တစ်ခုတည်းသော ပါလာသည့်ပစ္စည်းဖြစ်၏။

ကျွန်တော့အနီး၌ရှိသော ခိုင်က မှတ်ချက်ချသည်။

"ဟင် . . . နင့်ကိုကိုကလည်း တောသားကြီးလိုပဲ . . .။ လှလည်း မလှဘူး "

ကျွန်တော်သည် ဒေါသဖြင့် ခိုင့်ကိုလှည့်ကြည့်မိသည်။ သို့ရာတွင် ခိုင့်ကို ကျွန်တော် မဖြေရှင်းရ။

ကျွန်တော့အနီးတွင်ရှိသော မြိုင်က တိုးတိုးပင်ပြောသည်။

" မောင့်ကိုကိုက ချောပါတယ်။ ကြည့်စမ်း၊ ဘယ်လောက် ယောက်ျားပီသလဲ' '

ခိုင်ရော ကျွန်တော်ပါ ယောက်ျားပီသသည်ဆိုသော စကားကို နားမလည်ပါ။ သို့ရာတွင် မြိုင်သည် ကိုကို့အကြောင်း အကောင်းပြောမှန်း ကျွန်တော် သဘောပေါက်လိုက်မိသည်။

ကားနှစ်စီးဘေးတွင် ကျွန်တော်တို့ နှစ်အိမ်ထောင် ရပ်မိကြသည်။ ထိုအချိန်တွင် ကျွန်တော်မှာ ကိုကို၏ ကြီးမားသော လက်မောင်းကြီးများပေါ်တွင်ထိုင်လျက် ကျယ်ဝန်းသောရင်ခွင်ကို မှီရင်း ကိုကို့လည်ပင်းကြီးကို ဖက်လျက်သားရှိသည်။

ကားနှစ်စီးနှင့် လူပရိသတ်ဆန့်အောင်တင်ရေး ပြဿနာပေါ်လာသည်။

ကျွန်တော်တို့ကားက ပိုကြီးသည်။ ပိုလည်းခန့်ညားလှပသည်။ ဖေဖေနှင့် မေမေ၏ ဖိတ်ကြားချက်အရ ဦးမြဘူးနှင့် ဇနီးဒေါ်လှယဉ် ကျွန်တော်တို့ကားပေါ်သို့ တက်သည်။ ကြိုင်လည်း လိုက်တက်သည်။

ကားနောက်ဖုံးအတွင်းတွင် ကြိုင့်သေတ္တာကြီးများကို တင်ရသည်။ ထိုအခါ ကျွန်တော်တို့ကားသည် ပြည့်ကျပ် နေ၏။

ဦးမြဘူးက အားနာဟန် လှမ်းပြောသည်။

" နို့ . . . မောင်ထွန်းအောင် ဘယ်ကားနဲ့ လိုက်မလို့လဲ "

ကိုကိုသည် ဘာဖြေရမှန်းမသိ ကြောင်နေ၏။ ကျွန်တော်ကသာ သွက်လက်စွာ ဝင်ဖြေသည်။

"ကိုကိုရယ်၊ ကျွန်တော်ရယ်၊ မမြိုင်ရယ်၊ ခိုင်ရယ် . . . ဟောဒီကကားနဲ့လိုက်မယ်။ ဒေါ်လေး ဒေါ်စာဥလည်း ကျွန်တော်တို့နဲ့ လိုက်ဗျာ . . . "

ဤသို့ဖြင့် အစစ အဆင်ပြေသွားသည်။

ကျွန်တော်တို့ လိုက်ပါလာသောကားကို ကျွန်တော် အမည်မသိသော ဒရိုင်ဘာတစ်ဦးက မောင်းသည်။

ဒရိုင်ဘာဘေး၌ ဒေါ်စာဥကြီး ထိုင်သည်။

ကားနောက်ခန်းတွင် လက်ဝဲဘက်အစွန်ဆုံး၌ ကိုကို ထိုင်သည်။ ကိုကို့ဘေး၌ ကျွန်တော် ထိုင်သည်။

ကျွန်တော့်ဘေး၌ ခိုင်ထိုင်သည်။ ခိုင့်ဘေး လက်ယာအစွန်ဆုံး၌ မြိုင်ထိုင်သည်။

ကားမောင်းလာစဉ် ကိုကိုက မေးသည်။

"မောင် . . . ဒါဟာ ကြိုင့်ညီမတွေလား . . . "

"ဟုတ်တယ် . . .၊ ဟောဒါက ခိုင်လို့ခေါ်တယ်။ ဟောဒီ မမြိုင်၊ နာမည်က အဲ . . . မြိုင်လို့ခေါ်တယ် "

ကိုကိုသည် ဘာကိုသဘောကျသည် မသိ။ လှိုက်လှိုက်လှဲလှဲရယ်သည်။

"ကိုကို ဘာရယ်တာလဲ . . . "

" ဩော် . . . ခိုင် . . . မြိုင် . . . ဆိုလို့ပါ . . .၊ အစ်မနာမည်က ကြိုင်တဲ့ . . .။ ဟား . . . ဟား . . .၊ ဟုတ်သဟေ့ . . . နာမည်တွေက တကယ်လှပဲ "

ကိုကို ရယ်သဖြင့် ကျွန်တော်က ဝမ်းသာအားရ ဆက်ပြောသည်။

" အံမယ် ကိုကိုရ . . . နောက်တစ်ယောက် ကျန်သေးတယ်၊ ချာတိတ်မလေးလှိုင်တဲ့ . . . "

ကိုကိုသည် ပိုမို၍ သဘောကျစွာ ရယ်သည်။

" ဟေ . . . ဒီလိုဆိုရင် သူတို့ညီအစ်မတွေ နာမည်က သီချင်းဖြစ်နေပါရောလား၊ ဟား . . . ဟား . . . "

ကိုကိုသည် ဘာကိုသဘောကျသည်မသိ၊ လှိုက်လှဲစွာ ဆက်ရယ်နေသေးသည်။ ထို့နောက် သံနေသံထားနှင့် ဆိုသည်။

"ကြိုင် . . . မြိုင် . . . ခိုင်လုံးရယ် . . . ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ် . . . မွှေး . . . "

အဓိပ္ပာယ် မသိသေးသော်လည်း ကိုကို့သီချင်းကို သဘောကျသဖြင့် ကျွန်တော်ကလည်းလိုက်ဆိုသည်။

"ကြိုင် . . . မြိုင် . . . ခိုင်လုံးရယ် . . .၊ ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ် . . . "

ထိုသို့ အလိုက်ကန်းဆိုးမသိ ကျွန်တော်တို့ညီအစ်ကို နှစ်ဦးက ဆိုနေခိုက် မြိုင်သည် ပါးတွင် ရှက်သွေးရဲလျက် မျက်လွှာကို အောက်ချထားသည်။

ခိုင်ကမူ နှုတ်ခမ်းလေးစူလျက် ကျွန်တော့ကို မျက်စောင်းလှည့်ထိုးပြီး ပေါင်ကိုဆွဲဆိတ်သည်။

ထို့ကြောင့် ကျွန်တော့သီချင်း၌ စကားပိုတစ်ခု ပါသွားသည်။

" ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ်၊ အလဲ့ . . . အလဲ့ . . . နာတယ်ခိုင်ရ၊ မဆိတ်ပါနဲ့၊ အဲ . . . ဘာတဲ့ . . . ခိုင်လုံးရယ်မွှေး . . . "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


Royal Gandamar Travels & Tours
"မဟာသင်္ကြန် ခရီးစဉ်များ"

1. အလောင်းတော်ကဿပ-စစ်ကိုင်းကောင်းမှုတော်-မုံရွာ-မိုညင်းသမ္ဗုဒ္ဓေ (၄ရက်) Mar 26 ၁၅၀,၀၀၀
2. အင်းလေး-တောင်ကြီး-ထန့်ဆမ်းဂူ-ကလော-ပင်းတယ(၅ရက်) Mar 26 ၁၉၀,၀၀၀; Apr 12/1 ၂၀၀,၀၀၀
3. မန္တလေး-စစ်ကိုင်း-မင်းကွန်း-ပြင်ဦးလွင်-ဒီးဒုတ်ရေတံခွန်(၅ရက်) Mar 26 ၁၆၀,၀၀၀; Apr 11/17 ၁၉၀,၀၀၀
4. ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ(ရွှယ်တော်(၄)ဆူ)(၄ရက်) Apr 13/17 ၁၇၀,၀၀၀
6. ပုဂံ-ပုပ္ပါး-ပခုက္ကူ-မန္တလေး-ပြင်ဦးလွင် (၅ရက်) Apr 11 ၂၃၀,၀၀၀
7. ပုဂံ-ပုပ္ပါး-ပခုက္ကူ-အင်းလေး-တောင်ကြီး-ထန့်ဆမ်းဂူ-ကလော(၇ရက်) Apr 13 ၃၁၀,၀၀၀
5. အလောင်းတော်ကဿပ-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-မိုညင်းသမ္ဗုဒ္ဓေ (၅ရက်) Apr 12/17 ၂၂၀,၀၀၀
8. ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်ကမ်းခြေ-မော်လမြိုင်-ကျိုက်ထီး(၆ရက်) Apr 13 ၂၃၀,၀၀၀
9. ဘားအံဂူများ-ရေပူစမ်း-မော်လမြိုင်-ကျိုက်ထီး-စက်စိ (၃ရက်) Apr 12, Apr 18 ၉၅,၀၀၀

Mar 26, 28 /Apr 3,10 (၃၀,၀၀၀)
Mar 26, 28 /Apr 3,10 (၃၅,၀၀၀)
Mar 26, 28 /Apr 3,10 (၃၅,၀၀၀)
(near Junction Mawtin)
Call:09 333 53275, 09 250 892626, 09 36590 808, 09 3659 2255
3*Hotels, Scania Express, Meals, Guide ဝရိတ်ငြိမ်း

ရွှေထိပ်တန်း ချောင်းသာ(နေ့စဉ်)
+ ရွှေစက်တော်၊ အလောင်းတော်ကဿပ
+ ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ
+ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
သင်္ကြန်တွင်း ပိတ်ရက်မရှိပါ
ကြိုတင်လက်မှတ်ရောင်းပြီ
01-701015,01-710436,09-5403844,09-5044830

ရွှေခိုင်းစည်
သင်္ကြန်ခရီးစဉ်များကြိုတင်ဝယ်ယူနိုင်ပါပြီ
50% DISCOUNT
▪ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ရွှယ်တော်လေးဆူ၊ ပြည့်ငါးပြည့်)ခရီးစဉ် 60000/-
Mar 26
▪တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ အောင်ပန်း၊ ကလော (၅)ရက်ခရီးစဉ် Apr 17
▪ပန်းရွှေစက်တော်၊ စကျိုင်းတံ၊ နဂါးပွက်၊ ပကွေးပြသလွန် ဘုရားဖုံ (၃/၄)ရက်
▪ပန်းရွှေစက်တော် နှင့် အလောင်းတော်ကဿပ၊ မုံရွာ၊ မန္တလေး (၄)ရက်ခရီး
▪ပန်းရွှေစက်တော်နှင့် ပုဂံ(ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး (၄)ရက်ခရီးစဉ်
အပတ်စဉ် သောကြာ
▪မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန် (၇)ရက်ခရီး
▪မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ (၅)ရက်
373275, 0949219404, 708342

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရဲယိုသီးခြောက် ဝယ်လိုသည်။
ဈေးကောင်းပေးမည်။
01-545217
09-260530058

ဟိုက်ဘြောလစ်/လေဗီအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035 882, 09 73199 410
09 420035 884, 09 73199 257

အမြန်ငှားမည်
11လမ်းနှင့် လှည်းတန်းလမ်းကြား၊
လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းမကြီးပေါ်ရှိ
နှစ်ထပ်လုံးချင်းတိုက်(ပေါ်တီကိုပါ)
ငှားရန်ရှိသည်။
အကျိုးဆောင်များ ဆက်သွယ်နိုင်သည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၇၀၅၅၅

မြေညီဆိုင်ခန်းရောင်းမည်
ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းမပေါ်ပေ (၁၀×၆၀)
မြေညီ၊ ဖုန်း၊ ထပ်ခိုးတစ်ဝက်ပါ။
ဖုန်း-၀၉-၇၃၀၅၇၀၉၂၊
၀၉-၃၀၀၀၆၄၄၄

ယာဉ်မောင်းအလိုရှိသည်
( Hiace Tour ကားမောင်းရန် )
အသက် (၃၀) မှ (၄၅) အတွင်း
မြို့တွင်း/နယ်ဝေး မောင်းနှင်နိုင်ရမည်၊
Ph; 09420026866 , 09420026858

မီး သတိပြု

AYARWADDY LEGEND
TRAVELS & TOURS CO.,LTD
www.ayarwaddylegend.com
မြန်မာနှစ်သစ်ကူး ခရီးစဉ်များ

| | | | |
|---|---|---|---|
| ကမ္ဘောဒီးယား+ဗီယက်နမ် 14 April - 19 April | စင်ကာပူ+မလေးရှား 13 April - 19 April | ကမ္ဘောဒီးယား+ ဗန်ကောက် 13 April - 17 April | မန္တလေး-စင်ကာပူ 14 April ~ 18 April |
| ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ 12 April - 17 April | စင်ကာပူ သီးသန့် 13 April - 17 April | မန္တလေး- ဗန်ကောက်-ဖူးခက် 13 April - 18 April | မန္တလေး- ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ 13 April - 17 April |

ဘုရားဖူးခရီးစဉ် (2N/3D)
March (27),May (1)ရက်နေ့ ထွက်မည်။
ရန်ကုန်ဖုန်း : 01 - 252007-8, 377697, 250909
မန္တလေးဖုန်း : 0940269 4848, 098600 218



# မုံရွာ–မန္တလေးကားလမ်းမကြီး ရေကျော်တံတားနှစ်စင်း အသစ်တိုးချဲ့တည်ဆောက်မှု မကြာမီပြီးစီးမည်



**မြင်းမူ မတ် ၂၃**

မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၅၃/၂) နှင့် (၅၃/၄) အကြားရှိ တံတားအမှတ် (၁/၅၄)နှင့် (၂/၅၄) တို့အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အသစ်တိုးချဲ့တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီးရှိ မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၅၃/၂) နှင့် (၅၃/၃) အကြားရှိ သုံးပေပိုက်နှစ်လုံးဖြင့် ပြွန်တံတားအမျိုးအစားအဖြစ် တည်ဆောက်ထားသည့် တံတားအမှတ် (၁/၅၄) မှာ ရေထွက်ပေါက်အကျယ် ၁၀ ပေရှိ ကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

မိုင်တိုင်အမှတ် (၅၃/၃) နှင့် (၅၃/၄) အကြားရှိရေထွက်ပေါက် ရှစ်ပေအကျယ် တည်ဆောက်ထားသည့် တံတားအမှတ်(၂/၅၄) မှာ ရေထွက်ပေါက်အကျယ်ပေ ၂၀ ရှိ ကွန်ကရစ်တံတားအမျိုးအစားအဖြစ် အသစ်တိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ ကွန်ကရစ်တံတားနှစ်စင်းသည် ကတ္တရာလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် သုံးပေစီဖြင့် စုစုပေါင်း တံတားအကျယ် ၃၄ ပေစီဖြစ်ပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး**

# မြိုင်ကြီးငူဒေသ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်း

**မြိုင်ကြီးငူ မတ် ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသတွင် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁၁) နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် မြိုင်ကြီးငူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက အမှာစကားပြောကြားရာတွင် ယနေ့သင်တန်းဆင်းသွားကြမည့် သင်တန်းသူသမီးငယ်များအနေဖြင့် မိမိရပ်ရွာကို ရောက်ရှိသည့်အခါသင်တန်းမှရရှိသွားသော အတတ်ပညာ၊ အသိပညာများကိုပေါင်းစပ်ပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယခုလက်ရှိတိုးတက်ဖြစ်ထွန်းရရှိနေသည့် ငြိမ်းချမ်းရေးကို ပိုမိုခိုင်မာအောင် တစ်တပ်တစ်အားပါဝင်ကြိုးပမ်းကြစေလိုကြောင်းနှင့် မိသားစုဝင်ငွေရရှိအောင် ဆောင်ရွက်ကြသည့်အပြင် ရရှိသွားသည့် အတတ်ပညာ၊ အသိပညာများကို ဒေသတွင်းဆင့်ပွားသင်ကြားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဆင့်မြင့်စက်ချုပ်သင်တန်း ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူတို့အား ဆုများချီးမြှင့်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ညွှန့်ညွှန့်ဝေက အခြေခံအိမ်တွင်းမှုသင်တန်းတွင် ပထမဆုရရှိသူ၊ ဒုတိယဆုရရှိသူနှင့် တတိယဆုရရှိသူတို့အား ဆုများချီးမြှင့်ပေးခဲ့သည်။

အဆိုပါသင်တန်းမှာရက်သတ္တ ၁၄ ပတ်ကြာမြင့်ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာများမှ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၁) တွင်သင်တန်းသူ ၂၃ ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၂) တွင် သင်တန်းသူ ၂၁ ဦး စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်တွင် မြေသားဂဝံလမ်းသစ်ဖွင့်

**သနပ်ပင် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရေကျော်ကျေးရွာ ငါးချဉ်ပိုင်းရပ်ကွက်တွင် မြေသားဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ သနပ်ပင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

ယင်းမြေသားဂဝံလမ်းသစ် ဖွင့်လှစ်ခဲ့ခြင်းကြောင့် ရေကျော်ကျေးရွာနေပြည်သူများ၊ ကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအလွန်လွယ်ကူသွားပြီဖြစ်ကြောင်း၊ ယခင်က မိုးများချိန်တွင် အစဉ်အမြဲ လမ်းမပေါ်ရေပြည့်တက်လျက်ရှိသဖြင့် သွားလာရေးခက်ခဲလျက်ရှိကြောင်း ငါးချဉ်ပိုင်းရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ မြေသားဂဝံလမ်းသည် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၅ သိန်းမတည်၍ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅၉၁၉၀၀ စုစုပေါင်းငွေကျပ် ၃၀၉၁၉၀၀ ကျပ်တိတိ ကုန်ကျခဲ့ပြီး မြေသားလမ်းအကျယ် ရှစ်ပေနှင့် ပေ ၆၀ အရှည်ရှိကြောင်း သိရသည်။

**သနပ်ပင်(ပြန်/ဆက်)**

# ညောင်ဦးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး မတ် ၂၃**

ညောင်ဦးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အထူးစီမံချက်အရ မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အသက်အရွယ်ကြီးရင့်သော သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းမွန်သောသူများအား Home Services အနေဖြင့် အိမ်တိုင်ရာရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် အမှတ် (၅) ရပ်ကွက်တွင် မတ် ၁၇ ရက်က အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အထူးစီမံချက်အရ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာ သီလရင်စုရပ်နေ ဦးရေဝ (၈၆) နှစ်၊ ဒေါ်သန်းစိန် (၈၅) နှစ်၊ ဒေါ်ကြွေ (၇၈) နှစ်တို့သုံးဦးသည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းမွန်ကြောင်းသိရသဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်း၊ မြို့နယ်ဦးစီးဌာနမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် အဘိုးအဘွားများနေအိမ်သို့သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

**ရဲသူရအောင်(ညောင်ဦး)**

Pleasant Times
Travels & Tours
Release Your stress with Pleasant Times
ပုဂံ (April:12) Bagan River View Hotel
ငွေဆောင် (April:13) Ocean Blue Hotel
မုံရွာ-အလောင်းတော်ကဿပ (April:13) Jade Royal Hotel
Scania Coach
တောင်ကြီး (April:13,17) Aye Thar Yar Resort & Pine Hill Resort
ထားဝယ်ရှင်ကိုးရှင် with Flight (April:12,17) Zayar Htet San & Maung Ma Gan Hotels
ရွှေစက်တော် ( march:26, April: 3 ) ပြည် (အကောက်တောင်) (April: 4 )
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

တောကျွင့်တောင်ကျွင့်ကျွင့်စဉ်
(အောင်ပေါ်စံဆရာတော် (ကချင်ပြည်နယ်)၏ထူးခြားဆန်းကြယ်သောကိုယ်တွေ့ဖြစ်ရပ်များ)
တန်ဖိုး ၁၀၀၀/-ကျပ်
စကြာကောင်းစီစဉ်သည်
ဆရာတော်ရေးသားထားသော အခြားစာအုပ်များလည်း ဝယ်ယူရရှိနိုင်ပါသည်။
၁။ ဝိဇ္ဇာတကယ်ရှိသလား (၁၀၀၀/-ကျပ်)
၂။ ဝိဇ္ဇာတကယ်ရှိပါသည် (၈၀၀/-ကျပ်)
၃။ ကျွန်ုပ်နှင့်ဝိဇ္ဇာများ (၈၀၀/-ကျပ်)
မရှိုမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

အပူတော်ပဂံလာအတိတ်နိမိတ်နှင့်ယတြာများ
ဂမ္ဘီရဆရာလှမျိုး(B.Sc)
အပူတော်မင်္ဂလာနှင့် အတိတ်နိမိတ်ကောက်နည်းများ။ အိပ်မက်နိမိတ်များဖတ်နည်း။ ခရီးသွားခြင်းနှင့်ဆိုင်သောနိမိတ်များ။ လူ့ခန္ဓာကိုယ်နှင့်ဆိုင်သောနိမိတ်များ။ သက်ရောက်နှစ်အလိုက်နိမိတ်များ။ ကိုယ်ပိုင်နဝင်းညွှန်ဖြင့် မကောင်းသောအတိတ်နိမိတ်ပျောက်အောင် ဆောင်ရွက်နည်းများ။ အထွေထွေနိမိတ်နှင့်ယတြာများ စသည့်...
တန်ဖိုး ၁၀၀၀/-ကျပ်
မရှိုမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

လူတိုင်းအတွက် အိမ်တွင်းသုံး သဘာဝဆေးဝါးများ
ဟိန်း(ဘူမိ)
ဓာတ်မတည့်သောရောဂါ၊ အဆင့်မြင့်ရောင်ကိုက်သောရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ ပါးစပ်နံခြင်း၊ ထိပ်ပြောင်ခြင်း၊ အပူလောင်ခြင်း၊ ကော်လက်စထရောနှင့် နှလုံးကျန်းမာရေး လည်ချောင်းနာခြင်း၊ မောက်ထခြင်း စသော ရောဂါများအတွက် မိမိတာသာ သဘာဝဆေးဝါးများနှင့် ဗီတာမင်များဖြင့် အိမ်တွင်းကုသနည်းများကို ဖော်ပြထားပါသည်။
တန်ဖိုး ၁၀၀၀/-ကျပ်
မရှိုမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်ဒါခေါ်ယူခြင်း)
(၅/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|
| (၁) IFB-171(14-15) | Spares for Doosan Natural Gas Engine Ex Daewoo Gen; Set (53) Items | US$ |
| (၂) IFB-172(14-15) | Metering System Up Grade at Kanbauk(GRS) | US$ |
| (၃) IFB-173(14-15) | 24" Pipe Line System Up Grade at PLC (Daw Nyein) | US$ |
| (၄) IFB-174(14-15) | 4" Dia Steel Line Pipe(5000)M | US$ |
| (၅) IFB-175(14-15) | 4" Dia Steel Line Pipe (9000)M (3LPE Coated) | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်းစွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၇-၄-၂၀၁၅ ရက် (၁၆:၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

**ပြည်တွင်းရေးရာ**

# ရေး-ထားဝယ်ကားလမ်းဘေးရှိ ယခင်မီးရထားပြတိုက်ဝင်း အတွင်း သေမင်းတမန်မီးရထား ပြတိုက်တည်ဆောက်မည်

**သံဖြူဇရပ် မတ် ၂၃**

သံဖြူဇရပ်မြို့နယ် ရေး-ထားဝယ်ကားလမ်းဘေးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယခင်မီးရထားပြတိုက်ဝင်းအတွင်း၌ တလမွန်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည့် သေမင်းတမန်မီးရထားပြတိုက် (Death RailwayMuseum) အသစ်တည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပန္နက်တင်ခြင်းအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တလမွန်ကုမ္ပဏီဥက္ကဋ္ဌ ဦးမင်းဗညားစန်းနှင့်လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တလမွန်ကုမ္ပဏီဥက္ကဋ္ဌ ဦးမင်းဗညားစန်းက မီးရထားပြတိုက်ဆောက်လုပ်ရေးဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပန္နက်တင်ခြင်းအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ တလမွန်ကုမ္ပဏီဥက္ကဋ္ဌ ဦးမင်းဗညားစန်းနှင့် ဒါရိုက်တာ ဦးနိုင်သောင်းကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်ကျော်တို့က ပန္နက်တင်ခြင်းကိုဆောင်ရွက်ခဲ့ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

သံဖြူဇရပ်မြို့ သေမင်းတမန်မီးရထားပြတိုက်တည်ရှိရာနေရာသည် ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့က မြန်မာ-ထိုင်း မီးရထားလမ်းဖောက်လုပ်ရာ၌ မဟာမိတ်စစ်သုံ့ပန်းများနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ ချွေးတပ်သားတို့၏လုပ်အားကိုအသုံးချ၍ စတင်ခဲ့သည့် နေရာဖြစ်ခြင်းကြောင့် အသစ်ဆောက်လုပ်သည့် မီးရထားပြတိုက်ပြီးစီးပါက ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်လေ့လာနိုင်မည့် အဆင့်မြင့်ပြတိုက်ဖြစ်ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် အသိပညာပေး ဟောပြောပွဲပြုလုပ်

**ကော့မှူး မတ် ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇာနည်ထွန်းဦးဆောင်သော ဝန်ထမ်းအဖွဲ့သည် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ်အဖြစ် သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ကွမ်းခြံကုန်းမြို့နယ် အေးမြသာယာကျေးရွာတွင် မတ် ၂၀ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇာနည်ထွန်းက သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူး၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ဖြစ်ပေါ်လာပုံနှင့် သစ်တောပြုပြင်ထိန်းသိမ်းခြင်းကို ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးဟောပြောပြီး ဒေသခံများနှင့်အတူ ၂၀၁၄-၂၀၁၅ မိုးရာသီတွင် စိုက်ပျိုးပြီးစီးခဲ့သော သစ်ပင်စိုက်ပွဲတော်မှအပင်များအား ပေါင်းရှင်းခြင်း၊ ခါးဆွမြေတောင်မြှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ချောင်းဆုံတွင် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများတိုးမြှင့်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ချောင်းဆုံ မတ် ၂၃**

ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ မတ် ၂၀ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမင်းဖေအောင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့သည်။ ယင်းနောက် မော်လမြိုင်ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်များ၌ စာဖတ်သူများတိုးပွားလာရေးနှင့် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ခြင်း ခေါင်းစဉ်များကို တက်ရောက်လာကြသည့် စာကြည့်တိုက်ကော်မတီဝင်နှင့် အလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံရှိသူများက အဖွဲ့နှစ်ဖွဲ့ခွဲကာ ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲကို ကျန်ကျေးရွာများတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေယာဉ်၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ ပြေးဆွဲနိုင်ရေးညှိနှိုင်း

**စစ်တွေ မတ် ၂၃**

ရခိုင်ပြည်နယ်အတွင်း ခရီးသည်တင်ရေယာဉ်၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုမတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းညှိနှိုင်းအစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းပြေးဆွဲလျက်ရှိသည့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်အသင်း ကိုယ်စားလှယ်များ၊ မော်တော်ယာဉ်လိုင်းအသီးသီးမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် မထိခိုက်စေရေးအတွက် ပုဂ္ဂလိကနှင့် အစိုးရရေယာဉ်များအား ကြံ့ခိုင်မှုရှိ-မရှိစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အများပြည်သူများ ခရီးသွားလာရာတွင် လုံခြုံစိတ်ချစွာဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် အခမ်းအနားသို့ တက်ရောက်လာကြသူများမှ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်နယ်အတွင်း သင်္ဘောဆိပ်၊ ကားဂိတ်၊ မြို့အဝင်အထွက်နေရာများတွင် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြည်တွင်းရေကြောင်းသင်္ဘောများတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ အနီးကပ်လုံခြုံရေးလိုက်ပါဆောင်ရွက်နေမှုအခြေအနေများ၊ ရေယာဉ်၊ မော်တော်ယာဉ်များအား ကြံ့ခိုင်မှုရှိ-မရှိ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများ၊ ခရီးသည်တင် ရေယာဉ်၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာပြေးဆွဲနိုင်ရေးအတွက် ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသည့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်အသင်းကိုယ်စားလှယ်များ၊ မော်တော်ယာဉ်လိုင်းအသီးသီးမှ ကိုယ်စားလှယ်များက ခရီးသည်များ အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေးအတွက် အသီးသီးအကြံပြုတင်ပြခဲ့ကြသည်။ **ရခိုင်ပြည်နယ်(ပြန်/ဆက်)**





ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဗိုနင်း 140 K 120
Sq-Ft
254044529

**ဓမ္မဇောတိဝိပဿနာတရားရိပ်သာ**
**လူငယ်များအတွက် (၇)ရက်ဝိပဿနာတရားပတ်**

အဖိုးအနဂ္ဃထိုက်တန်သော(ဝိပဿနာပညာသိက္ခာ)တရားရတနာမြတ်ကို လူငယ်များအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးဂိုအင်ကာမှ တရားအလှူပေးရန်ရှိနေပါကြောင်း အခွင့်ကောင်း၊ အခါကောင်း၊ အချိန်ကောင်းကို လူငယ်လေးများ အရယူနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နေရာ - ဓမ္မဇောတိဝိပဿနာရိပ်သာ
ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
နေ့စွဲ - အမျိုးသမီးလူငယ်(အသက် ၁၆နှစ်မှ ၁၉နှစ်)
၃၁-၃-၂၀၁၅ မှ ၈-၄-၂၀၁၅
အမျိုးသားလူငယ်(အသက် ၁၆နှစ်မှ ၁၉နှစ်)
၂၉-၄-၂၀၁၅ မှ ၇-၅-၂၀၁၅
ဖုန်းအမှတ် - ၀၁-၅၄၉၂၉၀၊ ၀၁-၅၄၆၆၆၀
မှတ်ချက် - မိဘများခွင့်ပြုချက်လိုအပ်ပါသည်။

အမျိုးသမီးလူငယ်အတွက် ၂၈-၃-၂၀၁၅ရက်တွင်လည်းကောင်း၊ အမျိုးသားလူငယ်အတွက် ၂၆-၄-၂၀၁၅ ရက်တွင်လည်းကောင်း ဓမ္မဇောတိဝိပဿနာရိပ်သာသို့ သတင်းပို့ပေး ပါရန်။

ကျေးဇူးတင်ပါသည်
ဓမ္မဇောတိဝိပဿနာရိပ်သာ

**အမည်ပြောင်း** အလက(၄) မင်္ဂလာဒုံ၊ အငှမတန်း(B)မှ ဦးဇော်ဌေးဦး၏သား မောင်တင်ဝင်းလှိုင်အား မောင်ငြိမ်းခန့်ဟု ခေါ်ပါရန်။

**သွေးသည်အသက်**

**နိုင်ငံခြားတွင် ပညာသင်ကြားခြင်းနှင့် နေထိုင်ခြင်းဆိုင်ရာ သိကောင်းစရာများ**

Organized by SR Worldwide Education & PSB

- စင်ကာပူနိုင်ငံတွင် ပညာသင်ကြားလိုသူများအတွက် လိုအပ်သည့် ပညာရေးနှင့် နေထိုင်ရေးဆိုင်ရာ ဗဟုသုတများ
- စင်ကာပူနိုင်ငံတွင် ပညာသင်ကြားရခြင်း၏ အားသာချက်များ
- မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း(သို့) IGCSE ပြီးဆုံးထားပြီး အင်ဂျင်နီယာ၊ IT၊ စာရင်းအင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ရောဂါကုထုံးများရှာဖွေခြင်း၊ ဆေးဝါးဖော်စပ်ထုပ်လုပ်ခြင်း၊ သုတေသနပြုခြင်းများကို စိတ်ဝင်စားသူများအတွက် BE(Hons) (Electrical/Electrical & Electronic/Mechanical) / Bachelor of IT / (Enterprise IT & Software Development & Applications / B.Com (Accounting/Finance) နှင့် BA(Hons) Accounting & Finance / Bachelor of Biomedical Sciences၊ BSc (Molecular Biology/Pharmaceutical Science) / BA (Hospitality & Tourism Management/Hospitality Management with Human Resource Management/Tourism and Marketing Management)
- မြန်မာနိုင်ငံမှ အသိအမှတ်ပြုဘွဲ့တစ်ခု ရရှိထားပြီး စီမံခန့်ခွဲမှုအဆင့်တွင် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် MBA/MSc (International Business Management)

**ဆွေးနွေးပွဲအစီအစဉ်**

**ရန်ကုန်မြို့**
နေ့ရက် - ၂၇-၃-၂၀၁၅ (သောကြာနေ့)
အချိန် - ၉း၃၀ မှ ၁၁း၃၀ ထိ
နေရာ - SR Worldwide Education Office
ဖုန်း - ၀၉ ၅၄၂ ၈၈၄၈၊ ၀၉ ၅၄၃ ၈၈၄၈

**ပြည်မြို့**
နေ့ရက် - ၂၉-၃-၂၀၁၅(တနင်္ဂနွေနေ့)
အချိန် - ၄း၀၀ မှ ၆း၀၀ ထိ
နေရာ - ဂင်္ဂါဝတီ ခန်းမ
ဖုန်း - ၀၉ ၂၅၆ ၁၄၅ ၃၀၁၊ ၀၉ ၅၃၀ ၁၀၈၅

— သတင်းဆောင်းပါး —

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များ ပြည်ပမှ ဆေးပညာကျွမ်းကျင်သူများက နေပြည်တော်တွင် အခမဲ့လာရောက်ကုသပေး

**နေပြည်တော် မတ် ၂၃**

မတ်လ ၁၄ ရက်မှ ၂၀ ရက်အထိ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ Operational Smile ဆေးပညာကျွမ်းကျင် စေတနာ့ဝန်ထမ်းခြောက်ဦးတို့သည် မြန်မာနိုင်ငံရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအတွက် အခမဲ့ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့သည်။

အမေရိကန်နိုင်ငံ၊ ဗာဂျီးနီးယားကမ်းခြေမြို့တွင် အခြေစိုက်သော Operation Smile နှင့် ထိုင်းနိုင်ငံ ဗန်ကောက်တွင် အခြေစိုက်သော Operation Smile တို့က အမေရိကန်နိုင်ငံမှ ဆေးပညာနှင့် ပတ်သက်ဆက်နွှယ်သည့်ပစ္စည်းများ ပေါင်၄၀၀၀ ကျော်ကို တင်သွင်းခြင်းအားဖြင့်လည်းကောင်း၊ ပုဂံ၊ မော်လမြိုင်၊ မကွေး၊ ဘားအံ၊ တောင်ငူဒေသတို့မှ ကလေးငယ်များနှင့် ၎င်းတို့၏မိဘများကို နေပြည်တော်သို့ခေါ်ဆောင်ခြင်းဖြင့်လည်း ယခုကဲ့သို့ Myanmar Friendship Medical Mission ကို ပေါ်ပေါက်လာစေရန် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတကာကျန်းမာရေးဌာန၏ ဖိတ်ခေါ်မှုဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ဆေးရုံတွင် ကလေးငယ်ပေါင်း ၁၄၀ ကျော်တို့ကို ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

Mr Anders Brekke ၁၈ နှစ်သည် နော်ဝေနိုင်ငံမှဖြစ်ပြီး ယခုအခါ ဗန်ကောက်နိုင်ငံတကာကျောင်းတွင် ကျောင်းတက်နေသူတစ်ဦးဖြစ်သည်။ ၎င်းက Kids Action for Kids(KAFK) ကို ၎င်း၏ညီအစ်ကိုနှစ်ယောက်ဖြစ်သောMartin နှင့် Haakon တို့နှင့်အတူ ပူးတွဲတည်ထောင်သူ ဥက္ကဋ္ဌလည်းဖြစ်သည်။ ၎င်းတို့ပူးပေါင်းပြီး နော်ဝေနှင့် ထိုင်းနိုင်ငံတို့တွင် ရန်ပုံငွေများကောက်ခံပြီး Operation Smile ၏ ထိုင်းနိုင်ငံတွင် လုပ်ဆောင်နေသည့် ဆေးပညာရပ်နှင့်ပတ်သက်သည့်လုပ်ငန်းများကို ကူညီပေးလျက်ရှိသည်။ KAFK သည် နေပြည်တော်တွင် ယခုကဲ့သို့ သမိုင်းဝင်ဆောင်ရွက်မှုတစ်ခု လုပ်ဆောင်နိုင်ရန် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

"ကလေးတွေဟာ လူထုအဖွဲ့အစည်းတစ်ခုလုံးကို ကြီးမားတဲ့ကွဲပြားမှုတွေပြုလုပ်နိုင်တဲ့ အစွမ်းရှိတယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အလုပ်တွေအားလုံးက ကလေးတွေနဲ့စတင်ခဲ့ပြီး ကလေးတွေပဲ ကြီးကြပ်ကြတာပါ။ ရန်ပုံငွေရှာတာအပြင် လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်ရတာက ပညာရေးနဲ့ဆိုင်တဲ့

> **ကလေးတွေဟာ လူထုအဖွဲ့အစည်းတစ်ခုလုံးကို ကြီးမားတဲ့ကွဲပြားမှုတွေ ပြုလုပ်နိုင်တဲ့အစွမ်းရှိတယ်. .**

လုပ်ငန်းတစ်ခုပါပဲ။ လက်တွေ့လုပ်ငန်းတွေထဲကနေ သင်ယူတာရယ်၊ လူထုအဖွဲ့အစည်းကို ဘာတွေပြန်လုပ်ပေးရမယ်ဆိုတာကို နားလည်တာရယ်က ကိုယ်ကိုယ်တိုင်ထက် ကိုယ့်ကိုပိုအရေးပါအရာရောက်စေမယ့် အချက်ကောင်းတွေထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ KAFK မှာရှိတဲ့ ကျွန်တော်တို့အားလုံးက ဆေးပညာနဲ့ပတ်သက်တဲ့ဆက်နွှယ်မှုတွေကနေတစ်ဆင့် မြန်မာနိုင်ငံကို ရေရှည်ပြောင်းလဲစေနိုင်မယ့်အချက်တစ်ခုကို သယ်ဆောင်လာတယ်လို့ပဲ ခံယူပါတယ်" ဟု Mr Anders Brekke က ပြောသည်။

Operation Smile မှ စေတနာ့ဝန်ထမ်း ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူများသည် ထိုင်းနိုင်ငံမှ plastic surgeons, anesthesiologists နှင့် သူနာပြုများနှင့်ဖွဲ့စည်းထားခြင်းဖြစ်သည်။ Operation Smile အနေဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၁၅ နှစ်ကျော်အတွင်း ထိုင်းနိုင်ငံအတွင်းရှိ ကလေးငယ်ပေါင်း ကိုးထောင်ကျော်တို့၏ဘဝကို ပြောင်းလဲပေးခဲ့သည်။ နောက်ငါးနှစ်အတွင်း ကလေးငယ်တိုင်းခံစားနေရသော ကုသ၍ရသည့် ပုံမှန်မဟုတ်သော အခြေအနေများကို ကုသပေးနိုင်ရန် ရည်ရွယ်ထားသည်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲမှုသည် ပုံမှန်မဟုတ်သည့်အခြေအနေတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် တွေ့ရှိနေရသည်။ အထူးသဖြင့် ဝင်ငွေနည်းပါးသောနိုင်ငံများ၊ ထိုနိုင်ငံများရှိ မိခင်များသည် ဆေးလိပ်သောက်ခြင်း၊ ဆေးဝါးသုံးစွဲခြင်း၊ အရက်သောက်ခြင်း၊ ထင်းများကိုလောင်စာအဖြစ် သုံးစွဲပြီးချက်ပြုတ်ရခြင်း၊ ကိုယ်ဝန်ဆောင်စဉ် အာဟာရပြည့်ဝသော အစားအသောက်များ ပြည့်ပြည့်ဝဝမစားသုံးခြင်း စသည့် အချက်များကြောင့် ထိုကဲ့သို့သော ကလေးငယ်များမွေးဖွားနိုင်ခြေကို ပိုမိုဖြစ်ပေါ်စေသည်။

Operation Smile အနေဖြင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးရန် စတင်ခဲ့ပြီး ပုံမှန်မဟုတ်သောအခြေအနေများတွင်ပါဝင်သည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများ ငါးသောင်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Operation Smile ကို နေပြည်တော်တွင် ကလေးငယ်များအတွက် အကူအညီများဆောင်ရွက်ပေးရန် ဖိတ်ခေါ်ခဲ့သည်။

Operation Smile သည် ကမ္ဘာတစ်ဝန်းလုံးရှိ surgical care လိုအပ်နေသည့် ကလေးငယ်များအတွက် ပံ့ပိုးပေးသည့် ပထမဆုံးအဖွဲ့ဖြစ်ပြီး တစ်နှစ်လျှင် လုပ်ငန်းဆောင်ရွက်မှုပေါင်း ၁၆၈ ခုကို ဆောင်ရွက်ပေးနေသည်။ ထိုအထဲတွင် နိုင်ငံပေါင်း ၅၀ မှ ကလေးငယ်များ တစ်သောင်းကျော်ကို စေတနာ့ဝန်ထမ်းပေါင်း ခြောက်ထောင်ကျော်နှင့် ခွဲစိတ်ကုသမှုများပေးနေသည်။ Operation Smile ကို ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၃၃ နှစ်ကျော်ကတည်းက ထူထောင်ခဲ့ပြီး စေတနာ့ဆေးဝန်ထမ်းများ၏အကူအညီဖြင့် ရုရှားအရှေ့အလယ်ပိုင်း၊ အာရှ၊ လက်တင်အမေရိက၊ တောင်အမေရိကနှင့် အာဖရိကရှိ ကလေးငယ်ပေါင်း နှစ်သိန်းနှစ်သောင်းကျော်ကို ကုသမှုများပေးခဲ့ပြီးဖြစ်သည်။

ဗန်ကောက်ရှိ ချူလာလောင်ကွန်းဆေးရုံမှ Head of Trauma and Chief Surgeon ဖြစ်သူ Dr. Apichai Angspatt က "ကျွန်တော်တို့ထိုင်းနိုင်ငံကနေ မြန်မာပြည်က ကလေးငယ်တွေအတွက် ကရုဏာတွေချဲ့ထွင်မျှဝေခွင့်ရတာ ဂုဏ်ယူစရာပါ။ ဒီလုပ်ငန်းတစ်ခုလုံးမှာ မြန်မာနိုင်ငံက ဆရာဝန်တွေ၊ သူနာပြုတွေနဲ့အတူ အလုပ်လုပ်ရတာ အင်မတန်ကျေနပ်နှစ်သက်ဖို့ကောင်းပါတယ်" ဟု ပြောသည်။ Dr Apichai သည် ထိုင်းနိုင်ငံတွင် ပထမဦးဆုံး ပလတ်စတစ်ဆာဂျင်တစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံရှိ Operation Smile ကို ပံ့ပိုးပေးနေသူတစ်ဦးလည်း ဖြစ်သည်။

နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ဆေးရုံမှ Chief Oral Surgeon ဖြစ်သူ ဒေါက်တာခင်မောင်က "ကျွန်တော်တို့အနေနဲ့ ခုလိုအကူအညီတွေလက်ခံရရှိတာ အရမ်းကိုဝမ်းမြောက်မိပါတယ်။ ဒီလိုဖြစ်မြောက်အောင် ကူညီပေးကြတဲ့ အဖွဲ့အစည်းတွေရဲ့ သဒ္ဓါတရားထက်သန်မှုတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့အကူအညီမပါဘဲနဲ့ ကျန်ခဲ့တဲ့ ခုနစ်ရက်က ကျွန်တော်တို့အောင်မြင်ခဲ့တာတွေ ရရှိနိုင်မှာမဟုတ်ပါဘူး" ဟု ပြောသည်။

တယ်လီနောမြန်မာ၊ KAFK, Conexus, Benchachinda စသည့် နော်ဝေနှင့် ထိုင်းကုမ္ပဏီများက မြန်မာနိုင်ငံအတွင်း Operation Smile ၏လုပ်ငန်းများဖြစ်မြောက်ရန်အတွက် ရန်ပုံငွေများကူညီပေးခဲ့ကြသည်။ သွားလာမှုအတွက် Bangkok Airways က ကူညီခဲ့ပြီး နေထိုင်မှုအတွက် Kempinski Hotel နေပြည်တော်နှင့် Parkroyal Hotel နေပြည်တော်တို့က ကူညီပေးခဲ့ကြသည်။ Logistics နှင့်ပတ်သက်ပြီး CEA Project Logistics and S&S Project Management ရန်ကုန်တို့က ကူညီပေးခဲ့ကြသည်။ **(ကြေးမုံ)**


ခေတနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
သင်္ကြန်ခရီးစဉ်များ Apr 11, 12, 13, 17 ထွက်မည်။ ကြိုတင်လက်မှတ်ရောင်းပြီ။
❖ရွှေစက်တော်(၄)ရက်❖ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး(၅)ရက်❖ရွှေစက်တော်၊အလောင်းတော်(၅)ရက်
❖ရွှေစက်တော်၊ပုဂံ၊ပုပ္ပါးနှင့် ဆက်၍ (တောင်ကြီး၊သကြိန် / မန်းသကြိန်)..... (၈)ရက် / (၁၁)ရက်
❖ပုဂံ-ညောင်ဦး၊ပုပ္ပါး(၄)ရက်❖တောင်ကြီးသကြိန်(၅)ရက်❖ မန်းသကြိန်(၅)ရက် | ကားမျိုးစုံစီးလုံး ငှားရမ်းနိုင်ပါသည်
❖မူဆယ်သကြိန်(၇)ရက်❖မော်လမြိုင်သကြိန်(၄)ရက်❖ထားဝယ်သကြိန်(၆)ရက်
အဆင့်မြင့်ခရီးစဉ်Hotel တည်း Restaurant စား Only SCANIA (2+2)Bus
❖မန္တလေး၊ ပြင်ဦးလွင်၊ ဝစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ ....... (၅)ရက် April-12
❖ပုဂံ-ညောင်ဦး (ဓွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် ....... (၄)ရက် April-13
၂၈၀၊ ပ-ထပ်၊ ၃၉လမ်း(အထက်) 392704, 09 50 66657, 09 73017110

ဓာတုဗေဒသင်ပြကြမည့် ဆရာ၊ဆရာမများ၊ Guide များအတွက် သိပ္ပံပညာချွန်ဆုရ
ဆရာဦးသန်းထွန်း (ဓာတုဗေဒ)
၁၀-တန်း ဓာတုဗေဒသင်ရိုးအစမှအဆုံး
သင်တန်းအမှတ်စဉ်(၁၀) ဧပြီ(၁)မှ(၂၉)ထိ၊ နံနက်(၈)နာရီမှ မွန်းလွဲ(၁း၃၀)အထိ
(တက္ကသိုလ်ဝင်ခွင့်အတွက်ကျောင်းသား/သူများတက်နိုင်)
Ph: 01-570178, 570371, 09 50 29606

ရွှေရင်အေးဆရာတော်၏ ဓမ္မခရီးစဉ်များ
အင်းစိန်မြို့နယ်၊ ရွှေရင်အေးမဟာစည်ရိပ်သာ၊ သုံးခွမြို့ မဇ္ဈိမာပဋိပဒါ မဟာစည်ရိပ်သာများ၏ ပဓာနနာယက(ဓမ္မကထိက ဗဟုဇနဟိတရေ) ရွှေရင်အေးဆရာတော်သည် ၂၀၁၅ခုနှစ်၊ မတ်လ ၂၇ ရက်မှ ဧပြီလ ၅ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမြို့ ဇေယျသိဒ္ဓိဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ဧပြီလ ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကံမြင့်ကျောင်းတိုက်၌လည်းကောင်း၊ ဧပြီလ ၂၄ ရက်မှ မေလ ၉ ရက်အထိ သုံးခွမြို့ မဇ္ဈိမာပဋိပဒါ မဟာစည်ရိပ်သာ၌လည်းကောင်း တရားတော်များ ဟောကြားမည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ်-၄ဃ/၇၈၂၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သွေးသည်အသက်

KMD Computer Centre
Summer Kids Courses
ကလေးများအတွက် နွေရာသီ ကွန်ပျူတာ သင်တန်းများ
• Elementary Course
• Intermediate Course
• Advance Course
အထူးအစီအစဉ်အနေဖြင့် သက်ဆိုင်ရာ Kids Course နှင့်အတူ အင်္ဂလိပ်စာပါ ပူးတွဲ၍ သင်ကြားပေးမည်ဖြစ်ပါသည်။
နွေရာသီကျောင်းပိတ်ရက်မှာလူကြီးမင်းတို့၏အဖိုးတန် ရင်သွေးရတနာလေးများအတွက် IT နည်းပညာနှင့် ကွန်ပျူတာအခြေခံခိုင်မာဖို့ KMD မှာတက်ကြစို့။
နီးစပ်ရာစင်တာများတွင်စုံစမ်းအပ်နှံနိုင်ပါသည်။
ပန်းဆိုးတန်းစင်တာ - ၃၈၁၀၃၅ / ၃၉၁၂၈၆
မြေနီကုန်းစင်တာ - ၅၁၃၄၁၇၀ / ၅၀၂၂၃၃
လှည်းတန်း(၁)(၂)စင်တာ - ၅၂၄၄၀၀ / ၅၀၂၂၁၁
တာမွေ(၁)(၂) စင်တာ - ၅၄၁၃၂၈ / ၅၄၆၆၀၀
သိမ်ကြီးဈေးစင်တာ - ၃၈၄၂၆၈ / ၃၈၄၆၄၁
ကမ္ဘာအေးစင်တာ - ၆၆၀၈၈၇
လမ်းမတော်(China Town) - ၂၂၀၅၅၅

ရာပြည့်® အမှတ်တံဆိပ် ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်
ကြက်လည်ဆံလက်ဖက်ခြောက် ရေနွေးကြမ်းမွှေးမွှေးကလေး အရသာကို စံစားရင်း ဆီးချိုရောဂါ၊ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း၊ သွေးတိုးခြင်း၊ ဖက်ကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းခြင်း၊ လန်းဆန်းစွမ်းအား ပြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်၊ ယင်းရောဂါများ မဖြစ်ပွားစေရန် ကြိုတင်၍ ကာကွယ်မှုအဖြစ် အမြဲသောက်သုံးနိုင်ပါသည်။
" ကြက်လည်ဆံလက်ဖက်ခြောက်၊ အဖန်ရည်အမြဲသောက်ပါက .... ဆီးချို၊ သွေးတိုးနဲ့ ဆီးရောဂါ ဖုန်သာမျှ အဝေးရောက်မပေါ်လိမ့် ... "
မင်ရင်း- ရာပြည့်ဆေးဝါးထုတ်လုပ်ရေး yarpyacnine@gmail.com
Super One

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၅-၂၆၊ (၃၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မတ်လ (၁၅)ရက် (၃၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၀၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဧပြီလ (၂၅၊ ၂၆)ရက်တွင် ၃၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စဈေးဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည့်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလက်ခံရ (AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မွေးနေ့ဆုမွန်ကောင်းတောင်းလွှာ

( ၂၁ . ၃ . ၂၀၁၅ )ရက်နေ့တွင် ကျရောက်သော အန်ကယ်လေး ဦးသန်းမြင့်( TOSTA GROUP LTD ) ၏ မွေးနေ့ မှ သည်နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံအကျိုး၊လူမျိုးအကျိုး၊ ဘာသာနှင့်သာသနာအကျိုးများကို ဆတက်ထမ်းပိုး တိုး၍ ဂုဏ်ယူဝင့်ကြွားစွာ ဖြင့်လုပ်ဆောင်နိုင်ပြီး ဘဝအတွက် အောင်မြင်မှု ပန်းတိုင်များစွာ ဆွတ်ခူးနိုင်ပါစေ ကြောင်း မွေးနေ့ဆုမွန်ကောင်းတောင်းလိုက်ပါတယ်...

ဦးချမ်းမြေ့ဆွေ ( ဥက္ကဋ္ဌ )
ဦးအောင်မျိုးထွန်း ( အုပ်ချုပ်မှုဒါရိုက်တာ )
TAW WIN ACM CONSTRUCTION CO., LTD
SHWE MIN NYI NAUNG CO.,LTD

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈/၁၁)၊ မြေကွက်အမှတ်-၄၆၅၊ မြေကွက်တည်နေရာအမှတ်-၄၆၅၊ အမှတ်(၃) ရပ်ကွက်(အုတ်ဖို)၊ ရွှေပြည်သာမြို့နယ် ဗိုလ်မှူး မျိုးညွန့်ဦး အမည်ပေါက် ပါမစ်မြေအား ဦးမျိုးညွန့်ဦး[၉/မမန(နိုင်)၀၀၅၂၆၉] ကိုယ်တိုင်မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာဌာနမှစိစစ်ပြီး ဂရန်ထုတ်ပေးရန် အဆင့်တွင်လျှောက်ထားသူမှ ၂၀-၁-၂၀၁၅ရက်စွဲပါစာဖြင့် မြေချပါမစ်မူရင်းသည် အထားအသိုမှားယွင်းပြီး ရှာမတွေ့ပါသဖြင့် ပါမစ်ပျောက်လုပ်ထုံးလုပ်နည်းဖြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် တင်ပြလာရာ ဂရန်သစ်လျှောက်ထားလာခြင်းအား ပါမစ်မူရင်းတင်ပြနိုင်ခြင်းမရှိသဖြင့် ကန့်ကွက်လိုပါက ပါမစ်မူရင်းတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိ ပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**နည်းပညာတက္ကသိုလ်များအတွက်**
**Lab Equipments များအား Open Tenderခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်များတွင် အသုံးပြုမည့် အောက်ပါ Lab Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Open Tender များတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Water Resources Lab Equipment
(ခ) Soil Mechanic Lab Equipment
(ဂ) Strength of Material Lab Equipment

၂။ Open Tender ပုံစံများကို ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် (၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၉-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၄။ Open Tenderပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမှတ်(၃၆၃/ခ)၊ ရောမြိုင်(၁)လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ရာဂျူး(ခ)ဒေါ်ခင်ဆင့်[၁၀/မဒန(နိုင်)၁၁၁၈၀၄]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ရာဂျူး(ခ)ဒေါ်ခင်ဆင့်**

အမျိုးသားစာပေဆုရှင်ကြီး
**ဦးဖေသိန်း**
B. Sc. Engg. Electrical

Quality Products
UPT
Serving People

လျှပ်စစ်ပညာကျမ်းပြုဆရာကြီး ကိုယ်တိုင်ကျွမ်းကျင်တဲ့ပညာရှင် တိုင်းတပါးသားအားကိုးခြင်းမရှိ လုပ်ငန်းသက်တန်း၃၄နှစ်ကျော်ရှိ

ရပ်ကွက်၊ကျေးရွာ၊စက်ရုံသုံး ထရန်(စ)ဖေါ်မာကြီးများထုတ်လုပ် ရောင်းချနေတာ ၁၄နှစ်ရှိခဲ့ပါပြီ၊သရီးဖေ့(စ)စလုံးကျွိုင်လောင်ပြီးပြန်လာတာမရှိသေးပါဘူး။ 6.6/0.4 KV, 11KV/ 0.4 KV, 33/0.4KV အရွယ်စုံထုတ်လုပ်နေပါတယ်။ ရောင်းချတဲ့အလုံးတိုင်း အင်အားပြည့်ထွက်ရှိကြောင်း ဝယ်ယူသူရှေ့မှာ နာရီများစွာ စမ်းပြပေးပါတယ်၊ ၁၀%ဝန်ပိုပြီးလည်းစမ်းပြပါတယ်၊မည်သည့်နိုင်ငံလုပ်မည်သည့် တံဆိပ်ပဲဖြစ်ဖြစ် 50 KVA မှ 1500 KVA အတွင်း ပြုပြင်ပေးပါတယ်။ ထရန်(စ)ဖေါ်မာ အကြိမ်ကြိမ်လောင်တဲ့နေရာကိုကွင်းဆင်းလေ့လာပြီး ပြဿနာရဲ့အကြောင်းအရင်းကို စစ်ဆေးဖေါ်ထုတ်ပြုပြင်ပေးတယ်။

Tel. 01-561868, 577404, 374407




ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးမြို့များတွင်ရှိသော HAN Golf Masters Pro-Shop များတွင်လည်းတစ်ပြိုင်တည်းရောင်းချပေးပါမည်။

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

ဦးကျော်အေး(ကျောက်မြောင်း)

အသက်(၈၁)နှစ်

ဦးစီးအရာရှိ(ငြိမ်း)၊ (စိုက်/မွေး)

ဗိုလ်ကြီးကျော်မိုးအေး(ငြိမ်း)၊ လက်ထောက်မန်နေဂျာ(ကိုယ်စားလှယ်လုပ်ငန်းဌာန)၊ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ဥမ္မာလွင်တို့၏ဖခင်သည် ၂၁-၃-၂၀၁၅(စနေနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန**
**ဒုတိယအထွေထွေမန်နေဂျာနှင့်ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

ဦးကျော်အေး(ကျောက်မြောင်း)

အသက်(၈၁)နှစ်

ဦးစီးအရာရှိ(ငြိမ်း)၊ (စိုက်/မွေး)

ဗိုလ်ကြီးကျော်မိုးအေး(ငြိမ်း)၊ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ဥမ္မာလွင်တို့၏ဖခင်သည် ၂၁-၃-၂၀၁၅(စနေနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း(၈၆)၊ စည်သူတပ်ခွဲမှ**
**ကျောင်းဆင်းအရာရှိနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

Capt. ရှိန်ဟုန်ထွန်း

အသက်(၅၅)နှစ်

(ဒု-ညွှန်ကြားရေးမှူး)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉-၃-၂၀၁၅ရက် နံနက် ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာကောင်းမြတ်သော ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**Uniteam Training(Nautical Department)**

## အထူးဝမ်းနည်းကြေကွဲခြင်း

Capt. ရှိန်ဟုန်ထွန်း

အသက်(၅၅)နှစ်

(ဒု-ညွှန်ကြားရေးမှူး)

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ်(၉၉-E1)နေ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး Capt.ရှိန်ဟုန်ထွန်းသည် ၁၉-၃-၂၀၁၅ရက် နံနက် ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းနေမြောတသ ဖြစ်မိပါသည်။

**MYANMAR EXCELLENT STARS**
**MARITIME TRAINING CENTRE**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်လှ(ခ)ဒေစီမောင်

အသက်(၇၈)နှစ်

ဦးမြင့်ကြွယ်(စာရေးဆရာကြီးမောင်မြင့်ကြွယ်)၏ဇနီး၊ ဦးကိုကို၊ ဦးညီညီ တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်တင်လှ(ခ)ဒေစီမောင်သည် ၁၉-၃-၂၀၁၅ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတိုး-ဒေါ်သျှမ်းမိသားစု**
**စိန်သရဖူနှင့်ပေါ်ပြူလာအထည်စက်**
**ဝမ်းတွင်းမြို့**

## ဝမ်းနည်းကြေကွဲခြင်း

Capt. ရှိန်ဟုန်ထွန်း

အသက်(၅၅)နှစ်

ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းဦးစီး)

(ကုန်သွယ်ရေကြောင်းအရာရှိလောင်း အပတ်စဉ်-၁၃)

သူငယ်ချင်း Capt:ရှိန်ဟုန်ထွန်း-

၁၉-၃-၂၀၁၅ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ကုန်သွယ်ရေကြောင်းအရာရှိလောင်း အပတ်စဉ်(၁၃)မှ သူငယ်ချင်းများ**

## ဝန်ထမ်းအလိုရှိသည်

"ခိုင်လီ"စားသောက်ဆိုင်

| | | |
|---|---|---|
| ၁။ Waiter, Helper | | (၂၀) ဦး |
| ၂။ စာရင်းကိုင်ကျွမ်းကျင် | မ | (၃) ဦး |
| ၃။ ကားပါကင်ပြ | ကျား | (၃) ဦး |
| ၄။ သန့်ရှင်းရေး | | (၅) ဦး |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၇၉၉၉၀၁၇၇၃၊ ၀၉-၂၅၃၃၂၄၉၉၄၊ ၀၉-၂၅၀၀၅၂၂၇၆

ကမ္ဘာအေးစေတီလမ်း၊ Sedona Hotel ရှေ့၊ မြကျွန်းသာဥယျာဉ်ဝင်း။

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးဘုန်းဆိုင်

အသက်(၇၁)နှစ်

ဒေါ်နွဲ့နွဲ့ဝင်း(ဒလမြို့နယ်တရားရုံး)၏ခင်ပွန်း ဒေါက်တာဦးဘုန်းဆိုင် အသက်(၇၁)နှစ်သည် ၂၀-၃-၂၀၁၅(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ တရားရုံးဝန်ထမ်းများ**
**အငြိမ်းစားဝန်ထမ်းများ ကျန်းမာရေးနှင့်လူမှုကူညီရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်လှ(ခ)ဒေစီမောင်

အသက်(၇၈)နှစ်

တောင်ပုလုကျောက်ဆင်တောရ သာခုကန် ဒုလ္လဘစခန်းဖြစ်မြောက်ရေးအဖွဲ့၏ နာယကကြီး ဦးမြင့်ကြွယ်၏ဇနီး၊ ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကိုကို၊ ဦးညီညီတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်တင်လှ(ခ)ဒေစီမောင်သည် ၁၉-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တောင်ပုလုကျောက်ဆင်တောရ**
**သာခုကန်ဒုလ္လဘစခန်း**
**ဖြစ်မြောက်ရေးအဖွဲ့(ယာယီ)**

## အထူးကျေးဇူးတင်ရှိခြင်း

၁၁-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးစံသိန်း (အငြိမ်းစားကျောင်းဆရာကြီး၊ စိန့်မိုက်ကယ်၊ စိန့်ပေါလ်၊ အထက(၆)ဗိုလ်တထောင်ကျောင်း)၏ ဆေးရုံတက်စဉ်မှ နာရေးကိစ္စအထိ အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့ကြသော စိန့်မိုက်ကယ်၊ စိန့်ပေါလ်၊ အထက(၆)ဗိုလ်တထောင်ကျောင်းမှ လုပ်ဖော်ကိုင်ဖက် ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/သူများ၊ လွန်ခဲ့သောနှစ်(၂၀)ကျော်မှ ကွယ်လွန်ချိန်အထိ ကျန်းမာရေးကူညီစောင့်ရှောက်ပေးခဲ့သော ဒေါက်တာ ဦးစိန်မြင့်မောင်အားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ

အသက်(၈၈)နှစ်

ကိုမြင့်ဇော်ဦး-မနော်အယ်ဒိုဆိုးတို့၏ဖခင်ကြီး ဦးမြင့်ဆွေ အသက်(၈၈)နှစ်သည် ၁၉-၃- ၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**AA Medical Products Ltd.**
**ထားဝယ်ရုံးမှဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်စိုး

The Secretary to the BOD (အငြိမ်းစား)

MPA-Allied

အန်တီဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ အန်ကယ်ဦးတင်စိုး (BOD Secretary)သည် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် MPA-Allied မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

Capt. ရှိန်ဟုန်ထွန်း

အသက်(၅၅)နှစ်

ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)

Capt.ရှိန်ဟုန်ထွန်း(ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ ရက် နံနက် ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တနင်္သာရီတိုင်းဒေသကြီး၊**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## (၃)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**မောင်ထက်အောင်ရှိုင်း(ဒုတိယနှစ်-ရူပဗေဒ)**

**မန္တလာကောလိပ်**

သားငယ်လေးရေ ဒီနေ့ဆို သားခွဲခွာသွားတာ (၃)လပြည့်ပြီသား. . .။ သားခွဲခွာသွားကတည်းက ဖေဖေမေမေတို့ရင်မှာ ပျော်ရွှင်မှုတွေ ခန်းခြောက်လို့သွားခဲ့ပြီ။ ဒါပေမဲ့ သားရဲ့ပုံရိပ်တွေကတော့ ရင်ထဲမှာ အမြဲရှင်သန်လျက်ပါ သား . . .။ စက္ကန့်မလပ်လည်း အမြဲသတိရနေပါတယ် သား။ သားရဲ့(၁၈)နှစ်ပြည့်မွေးနေ့ကို နှစ်စဉ်ပြုလုပ်နေကျအတိုင်း ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပေးခဲ့ပါတယ်။ ကျောက်တံခါးမှာလည်း ချမ်းသာကြီး၊ ချမ်းသာရ၊ နဂါးရုံဘုရားတစ်ဆူကို မောင်ထက်အောင်ရှိုင်းကောင်းမှုလို့ ကမ္ပည်းထိုး၍ သား(၃)လပြည့်မှာ တည်ထားကိုးကွယ်ပြီး ရေစက်ချအမျှပေးဝေခဲ့ပါတယ်။ သား. . . နောင်ဒီအဖြစ်မျိုးနှင့် မကြုံရလေအောင် ဖေဖေ၊ မေမေတို့ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လှူဒါန်းခဲ့တဲ့ လှူဒါန်းမှုအစုစုကို သားငယ်လေးရောက်ရှိနေတဲ့ မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သားငယ်လေးရေ အမျှ အမျှ အမျှ

**ဖေဖေ-မေမေ**
**ကိုကြီး-မမဖြူဝင်း**
**ညီမလေးမီးငယ်၊ အဂီး**
**တူမလေး သွန်းသွန်း၊ တူလေး ရဲမာန်ထင်၊ ထုံးဘုရင်ကျော်ထင်**
**အသင့်ကွမ်းစားထုံးလုပ်ငန်းမိသားစု၊ မန္တလေး**

## ကျေးဇူးသိအလွမ်း

ဗိုလ်မှူးတင်ဝမ်း(ငြိမ်း) (၆)လပြည့်

ဦးအုန်းကြည် (၇)နှစ်မြောက်

ဗိုလ်ကြီးညွန့်မြိုင်(ငြိမ်း) (၈)နှစ်မြောက်

၂၄-၃-၂၀၁၅

ကွယ်လွန်သွားကြပြီဖြစ်သော

ကျေးဇူးရှင် ချစ်ခင်ပွန်းနှင့် မိဘများအားရည်စူး၍ ၂၈-၂-၂၀၁၅ရက်တွင် ဗောဓိဝံသပညာရတနာကျောင်းတိုက်မှာ ချမ်းသာမင်းသိမ်တော်တည်ဆောက်ရန် သိမ်သမုတ်ခြင်း၊ အုတ်တံတိုင်း ၂ခန်း လှူဒါန်းခြင်း၊ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းတွင် ဆေးနှင့်အလှူငွေများလှူဒါန်းခြင်း၊ စဥ့်ကိုင်မြို့ အရဟံသိမ်တော်တည်ဆောက်ရန် အလှူငွေလှူဒါန်းခြင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဟာအောင်မြေကျောင်းတိုက်အတွက် သွပ်မိုးလှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော်တွင် ရွှေပြားခတ်သက်န်းကပ်လှူခြင်း၊ ဇာသပြင်တွင်သိမ်ဆောက်လုပ်ရန် အလှူငွေလှူဒါန်းခြင်း၊ ရန်ကုန်ကုက္ကိုင်းလမ်းဆုံရှိ တေဇိန္ဒာရာမကျောင်းလမ်းခင်းရန် အလှူငွေလှူဒါန်းခြင်း၊ လောက်ကိုင်ရှိ ရှေ့တန်းရောက်တပ်မတော်သားများအတွက် အလှူငွေလှူဒါန်းခြင်းများအား သဒ္ဓါတရားထက်သန်စွာနှင့် လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

ပြုခဲ့ပြီးသမျှ ကုသိုလ်အစုစုတို့ကို ကျေးဇူးရှင်များ ခံစားနိုင်ပါစေ။ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေသောဝ်- **ချစ်ဇနီး၊ ချစ်သမီး၊ ချစ်သားနှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

Capt. ရှိန်ဟုန်ထွန်း

အသက်(၅၅)နှစ်

ဒု-ညွှန်ကြားရေးမှူး

(ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)

Capt.ရှိန်ဟုန်ထွန်း(ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ရက် နံနက် ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ရေကြောင်းဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးအောင်စန်း(ငြိမ်း)

အသက်(၇၇)နှစ်

တေဇ(၁)၏ ကန်တော့ခံဆရာ၊ ဗိုလ်သင်တန်းကျောင်း အင်ဂျင်နီယာနည်းပြ ဗိုလ်မှူးအောင်စန်း(ငြိမ်း)သည် ၁၇-၃-၂၀၁၅ရက် ပင်လုံဆေးရုံ သယ်န်းကျွန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၁)ကျောင်းဆင်းတပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးညီညီစိုး (၄၅)နှစ်

ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ကထိက ဆရာဦးညီညီစိုး (၄၅)နှစ်သည် ၁၉-၃-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/ဆရာမများ**
**အင်္ဂလိပ်စာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရှိန်ဟုန်ထွန်း အသက်(၅၅)နှစ်

Master Mariner (F.G)

ဒု-ညွှန်ကြားရေးမှူး၊ ရေကြောင်းဌာနခွဲ

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူး ဦးရှိန်ဟုန်ထွန်းသည် ၁၉-၃-၂၀၁၅(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Kabar Maritime Training Centre ဆရာများနှင့်ဝန်ထမ်းများ**

**သင့်သွေးဖြင့်အသက်ကယ်ပါ**

## ရောင်းမည်

Star City သန်လျင်တိုက်ခန်း

၉၀၅(စတုရန်းပေ)

အသင့်နေ၊ ငှားနိုင်ပါသည်။

**ဖုန်း-၀၉-၄၂၁၁၇၈၉၀၈၊ ၀၉-၇၉၉၈၈၆၈၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၈၊မြေကွက်အမှတ်-၆၈၁(ခ)၊ မြေကွက်တည်နေရာအမှတ်(၆၈၁/ခ)၊ (၈၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးထွန်းကြည်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးထွန်းကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဒေါ်အေးအေးလွင်[၁၂/တမန(နိုင်)၀၉၅၂၅၈]မှဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တိုးမြှင့်ပြင်ဆင်ပေးမည့် လစာနှုန်းထားများ လျာထားချက်စာရင်းကို ၂၅-၃-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးအတည်ပြုပြီး ပေးပို့သွားမည်

**နေပြည်တော် မတ် ၂၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက နိုင်ငံတော်သမ္မတရုံးမှ စာအမှတ် ၁၀၇-၁ /၈/ သမ္မတရုံး၏ ရက်စွဲ ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်ဖြင့် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ စာပေးပို့လာပါကြောင်း၊ ယင်းစာတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်နာယက က ၂၀-၃-၂၀၁၅ ရက်စွဲပါ ၁/ပကအစည်းအဝေး/၉/ ၂၀၁၅၊ ၄၂ ဖြင့်ပေးပို့စာတွင် ၂၀-၃-၂၀၁၅ ရက်နေ့၌ ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့၌ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း တင်သွင်းသော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သိရှိသုံးသပ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်သမ္မတထံ ပြည်ထောင်စုလွှတ်တော်နာယက က ပေးပို့ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထိုသို့ပေးပို့စာနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းထားသည့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအတည်ပြုနိုင်ရန် တိုးမြှင့်ပြင်ဆင်ပေးမည့် လစာနှုန်းထားများ လျာထားစာရင်းကို ၂၃-၃-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပေးပို့နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာစရိတ်များတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ (က)တိုးမြှင့်လစာစရိတ် နှုန်းထားများလျာထားသတ်မှတ်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက သတ်မှတ်ဆောင်ရွက်ခြင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# မြန်မာ-ဗြိတိန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးပိုမိုခိုင်မာအောင် တည်ဆောက်သွားမည်

**နေပြည်တော် မတ် ၂၃**

မြန်မာ-ဗြိတိန်နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ ရှည်လျားသော ဆက်ဆံရေးနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိပါကြောင်း၊ နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးပိုမိုခိုင်မာအောင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့်လည်း စစ်မှုထမ်းဟောင်းကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် စစ်မှုထမ်းခဲ့သည့် ဗြိတိသျှစစ်မှုထမ်းဟောင်းများအဖွဲ့၏ ဥက္ကဋ္ဌနှင့် တော်ဝင်ခနေသဟာယ စစ်မှုထမ်းဟောင်းများအသင်း၏ အဖွဲ့ဝင်ဖြစ်သူ မြို့စား မစ္စတာ စလင်းမ်အား တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြပြီး တော်ဝင်ခနေသဟာယ စစ်မှုထမ်းဟောင်းများအသင်း၏ အဖွဲ့ဝင်ဖြစ်သူ မြို့စား မစ္စတာ စလင်းမ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှစစ်သံမှူး ဗိုလ်မှူးကြီး တိုနီစတမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ပြည်သူနှင့်တပ်မတော် ပူးပေါင်းပြီး တိုက်ပွဲဝင်ခဲ့ရပါကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်လာသည်အထိ တပ်မတော်အနေဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

## မန္တလေး၌ သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်များ ခွင့်ပြုပေးလျက်ရှိ



**မန္တလေး မတ် ၂၃**

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်မှ ၁၃၇၇ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူး မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် မန္တလေးကျုံးတော်ပတ်လည်၌ တည်ဆောက်ကြမည့် သင်္ကြန်မဏ္ဍပ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၌ ကျုံးရေအသုံးပြုခ ငွေကျပ် ငါးသိန်းအပြင် အာမခံကြေးငွေကျပ်သိန်း ၂၀ကို ယခုနှစ်မှ စတင်ပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက ငွေကျပ် ငါးသိန်းပဲသွင်းရတာပါ။ ဒီနှစ်ငွေကျပ် သိန်း ၂၀ အာမခံကြေးသွင်းရတယ်ဆိုတာက ကော်မတီက ချမှတ်ထားတဲ့စည်းကမ်းတွေကို လိုက်နာစေချင်လို့ပါ။ မဏ္ဍပ်တိုင်းမှာ ရေအိမ်ထားရမယ်၊ အမှိုက်ပုံးထားရမယ်၊ ကိုယ်ဆောက်တဲ့ မဏ္ဍပ်ပတ်ဝန်းကျင်က ပလက်ဖောင်းတွေမပျက်စီးရဘူး၊ သစ်ပင်တွေမခုတ်ရဘူး၊ ရေမြောင်းတွေမပျက်စီးရဘူးဆိုတဲ့ စည်းကမ်းတွေပါ။ ဒီစည်းကမ်းတွေကို လေ့လာကြည့်ရင် အများကောင်းကျိုးအတွက်ဆိုတာတွေ့မြင်နိုင်ပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❒

ယနေ့ မာတိကာ

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး
ခိုင်ကျည်မြင့်မြတ်သော စိတ်ဓာတ်ဖြင့် . . .
စာမျက်နှာ - ၆

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ
မော်ကွန်းဝင် တပ်မတော်နေ့
စာမျက်နှာ - ၇

မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း
စာမျက်နှာ - ၁၁

ဘာစီလိုနာအသင်း နူးကမ့်တွင် ရီးယဲလ်ကို အနိုင်ယူ
စာမျက်နှာ - ၄






Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

themirror.npt@gmail.com www.facebook.com/themirrordaily

